# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၆)ရက် ၊ ကြာသပတေးနေ့ ၊ (28-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တပ်မတော်(ကြည်း၊ရေ၊လေ)မှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ နေပြည်တော်ရှိ အထင်ကရနေရာများကို သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၂၇

တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ မိသားစုဝင် မှီခိုသူသားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့်

စာမျက်နှာ ၁၇ ကော်လံ ၅

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ**


စာမျက်နှာ - ၁၆

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၂၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။







ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချ

မြန်မာနိုင်ငံတွင် ရှေးဟောင်းအမွေအနှစ်များစွာတည်ရှိပြီး ထိုအမွေအနှစ်များဆက်လက်တည်တံ့ခိုင်မြဲစေရန် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ရှေးဟောင်းအမွေအနှစ်များထဲတွင် ဂုတ်ထိပ်တံတားသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သို့သော် ဂုတ်ထိပ်တံတားကို TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက အသိဉာဏ်မဲ့စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဂုတ်ထိပ်တံတားသည် နှစ်ပေါင်း ၁၂၅နှစ် သက်တမ်းရှိပြီး မြန်မာနိုင်ငံ၏ အမြင့်ဆုံးတံတား၊ ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတားဖြစ်ပြီး ကမ္ဘာ့အကြီးဆုံးမီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ထင်ရှားကျော်ကြားသော ရထားလမ်းတစ်စင်းဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့ကိုဆက်သွယ်ထားပြီး မန္တလေး- လားရှိုး ရထားလမ်းပေါ်တွင်တည်ရှိသည်။ ဂုတ်ထိပ်တံတားသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၁၀၀ တွင်တည်ရှိပြီး ပေ ၂၂၆၀ ရှည်လျားကာ တံတားကိုတည်ဆောက်သည့်နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အများအပြားလာရောက်ကြည့်ရှုလေ့လာသည့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကမ္ဘာကျော်သမိုင်းဝင်တံတားကြီးဖြစ်သည်။

တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် မြို့ရွာများကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ခက်ခဲကြမ်းတမ်းပင်ပန်းစွာဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဩဂုတ် ၂၃ ရက်တွင် နောင်ပိန်ရွာကိုထပ်မံ၍ အပြီးတိုင်ပြန်လည်ထိန်းချုပ်ရရှိခဲ့သည်။ TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ၏အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင် ဂုတ်ထိပ်တံတားကို ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ် (P – 16)နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံဘောင်နေရာနှင့် တံတား၏ကမ်းကပ်ခုံ (AB – 2)တို့ ပျက်စီးခဲ့ရသည်။

TNLA လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နောင်ပိန်ကျေးရွာရှိ လူနေအိမ်များကို ယုတ်မာရက်စက်စွာဖြင့် မီးရှို့ဖျက်ဆီးခြင်း၊ စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာဖြစ်သည့် ဂုတ်ထိပ်တံတားကို အသိဉာဏ်အင်မတန်နည်းပါး၍ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်း စသည့်လူမဆန်သည့်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့သည်။ မြန်မာ့သမိုင်းဝင်ဖြစ်သော၊ အများပြည်သူ နေ့စဉ်တန်ဖိုးထားသုံးစွဲနေရသော ကမ္ဘာ့အထင်ကရ ဂုတ်ထိပ်တံတားကြီးကို ဖျက်ဆီးခဲ့မှုသည် TNLA၊ PDF အကြမ်းဖက်သမားများ၏ ကမ်းကုန်အောင် ယုတ်မာမှုစိတ်ဓာတ်ကို မြန်မာသိ၊ ကမ္ဘာသိ လုပ်ရပ်ဖြင့်ပြသခဲ့ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့်ပြည်သူအတွက် အမြဲအသင့်ရှိနေသော တပ်မတော်အနေဖြင့် ပြင်းထန်သောလက်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အတွက် ပြည်သူများ၏သွားလာရေး၊ စိတ်အပန်းဖြေရေးကို သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးနှင့်အတူ တမင်ဖျက်ဆီးလိုက်ကြသော ဉာဏ်ရည်နိမ့်အကြမ်းဖက်သမားများသည် အကုသိုလ်တန်ပြန်အကျိုးများကို ယခုအချိန်ကစပြီး သံသရာဘဝတစ်လျှောက်လုံး ထုထည်ကြီးမားသည့် ဆိုးကျိုးအဖြာဖြာကို ရက်ရက်စက်စက်ခံစားကြရတော့မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ဂုတ်ထိပ်တံတားကို ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းလုပ်ရပ်ကို နိုင်ငံတစ်ဝန်းရှိ အဖွဲ့အစည်းအသီးသီးနှင့်ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိသည်။ ထိုအဖျက်လုပ်ရပ်သည် အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ ဒေသခံပြည်သူများ၏နေ့စဉ်ဘဝနှင့် စီးပွားရေးဆောင်ရွက်မှုများအပေါ် ပြင်းထန်စွာထိခိုက်စေသည်သာမက မြန်မာနိုင်ငံ၏ သမိုင်းဝင်အမွေအနှစ်တစ်ခုကိုပါ ထိခိုက်ပျက်စီးစေသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူများအမြစ်ပြတ်ချေမှုန်းရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို လိုအပ်သလို ပြင်းပြင်းထန်ထန်ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူလက်တွဲ၍ သောင်းကျန်းသူများအမြစ်ပြတ်ချေမှုန်းနိုင်ရေးအတွက် တစ်ထောင့်တစ်နေရာမှပါဝင်အားဖြည့်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကောက်ညှင်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းအေးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကောက်ညှင်းစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကောက်ညှင်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ကောက်ညှင်းစပါးတင်းရေ ၅၂၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ကန်ကြီးထောင့်မြို့နယ်က စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ ရောင်းချနေပါတယ်။ ကောက်ညှင်းစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်လာတာဖြစ်ပါတယ်။ ဒေသတွင်း ဆန်၊ စပါးဈေးကွက်မှာကို ကောက်ညှင်းစပါးက အဝယ်လိုက်နေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းအေးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၄၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဈေးဆိုင်များစနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဈေးဆိုင်များ စနစ်တကျရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှအတွင်းရေးမှူးနှင့်တာဝန်ရှိသူများ၊တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဆိုင်များ စနစ်တကျရှိစေရေး၊ မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ယာဉ်အသွားအလာ ရှုပ်ထွေးမှု မဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လမ်းမများပေါ်၊ ပလက်ဖောင်းများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ခင်းကျင်းရောင်းချနေမှုများကို တားမြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိမ်ဆိုင်များမှာလည်း အိမ်ရှေ့မြောင်းပေါ်၊ ပလက်ဖောင်းပေါ်တို့တွင် ပစ္စည်းများစုပုံခင်းကျင်းရောင်းချခြင်းများကို မပြုလုပ်ရန် အသိပေးစာများပေးပို့ခြင်း၊ သတ်မှတ်ကာလတစ်ခုအတွင်း အသိပညာပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့တော်သန့်ရှင်းရမည်၊ သာယာလှပရမည်၊ မြို့တော်နေပြည်သူလူထု စိတ်ချမ်းသာယာရမည် ရည်ရွယ်ချမှတ်၍ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းဘေးဈေးဆိုင်များနှင့် အိမ်ဆိုင်များ စနစ်တကျရှိစေရေး စီမံချက်များချမှတ်၍ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်အောင်မြင်စေရန်အတွက် အကြံပြုချက်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**တမူး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၀၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၃၃၅ ဧကစိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၃၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တမူးခရိုင်အတွင်း ဟင်းသီးဟင်းရွက် ၃၃၃၅ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၀၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၇၇၆ ဧက၊ တမူးမြို့နယ်တွင် ၈၆၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၁၃၉၀ စုစုပေါင်း ၃၀၃၁ ဧကဖြစ်ပြီး ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၈၇၀၊ တမူးမြို့နယ်တွင် ၉၄၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၁၅၂၀ စုစုပေါင်း ၃၃၃၅ ဧကဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအောင်မြင်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ(ပထမအကြိမ်)လုပ်ငန်းညှိနှိုင်းစည်းဝေး



**မန္တလေး ဩဂုတ် ၂၇**

၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှတာဝန်ရှိသူများ၊ တက္ကသိုလ်များမှပါမောက္ခချုပ်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲများ၌ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲအဆင့်နေရာတိုင်းတွင် အောင်မြင်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မန္တလေးလျောင်ကြီးကြောင့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသော်လည်း အင်အားပြည့်ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေး၊ ယခင်နှစ်ထက် အောင်မြင်မှုနှင့်ဆုတံဆိပ်များပိုမိုတိုးတက်ရရှိအောင် ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်သွားနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှတာဝန်ရှိသူများက (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဗဟို အဆင့်ပြိုင်ပွဲများ၌ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲအဆင့်နေရာတိုင်းတွင် အောင်မြင်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲများနှင့်အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်၊ အသက် ၁၅ နှစ်မှ ၂၀ နှစ် ပြိုင်ပွဲများ၊ ကဗျာလွတ်အကပြိုင်ပွဲနှင့် အလွတ်တန်းအဆင့် ပြိုင်ပွဲများတွင် ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များကို အရည်အချင်းပြည့်မီသူ ပြိုင်ပွဲဝင်များ စိစစ်ရွေးချယ်သွားနိုင်ရေး၊ စခန်းသွင်းလေ့ကျင့်သွားနိုင်ရေး၊ လုပ်ငန်းကဏ္ဍအလိုက် အောင်မြင်စွာဆောင်ရွက်နိုင်ရေးတို့ကိုဝိုင်းဝန်းဆွေးနွေးအကြံပြု တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကိုပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ချောင်းဦး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံ ကေ၂၀၃၀၀ စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၃၁၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ချောင်းဦးမြို့နယ်အတွင်း ပဲစင်းငုံ သီးနှံ ၂၀၃၁၅ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံ သီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ကဝမြို့နယ် ဘန်ဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘန်ဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက ဘန်ဒါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဘန်ဒါကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၅၈ သန်း ထုတ်ချေးထားပေးပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း လယ်ငါးခူပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇူလိုင်လအတွင်း လယ်ငါးခူပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စိုးစိုးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်း လယ်ငါးခူပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လတွင် လယ်ငါးခူပိဿာချိန် ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါလယ်ငါးခူများ စျေးကောင်းရရှိလာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ငါးခူတင်ပို့အားကောင်းတော့ အဓိက အဆင်ပြေနေတာကတော့ ရေလုပ်သားတွေပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးခူပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်စျေးကွက်ကနေ မှာယူမှုအပေါ်မူတည်ပြီး တင်ပို့ရောင်းချနေတာပါ။ လက်ရှိအချိန်က ဒေသမှာလယ်ငါးခူတွေ ထွက်ရှိနေတဲ့အချိန်ပါ။ ဒီလယ်ငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ အရောင်းအဝယ်ကောင်းနေပြီး စျေးကလဲပုံမှန်အခြေအနေမှာပဲရှိနေပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသစျေးကွက်အပြင် ရန်ကုန်စျေးကွက်ကို တင်ပို့ရောင်းချပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စိုးစိုးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် လယ်ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ မှ ၁၉၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါ လယ်ငါးခူများကို စနစ်တကျသန့်စင်ပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးခူများ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ရေချိုငါးခူရှာဖွေသူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဦးကုလားနှင့် ရာဇဝင်သုံးစောင် (၁)

ဗိုလ်ရှိတ်(ရတနာပူရ)

ညောင်ရမ်းခေတ်တွင် ရာဇဝင်သုံးစောင်ကို တစ်ဦးတည်းပြုစုခဲ့သော ရာဇဝင်ဆရာကြီးတစ်ဦးပေါ်ထွန်းခဲ့သည်။ ထိုရာဇဝင်ဆရာကြီးမှာ ဦးကုလားဖြစ်သည်။ ဦးကုလားသည် ညောင်ရမ်းခေတ် ရာဇဝင်ကျမ်းပြုပုဂ္ဂိုလ်များတွင် ထင်ရှားသောရာဇဝင်ကျမ်းပြုပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သကဲ့သို့ ရာဇဝင်ကျမ်းပြုစုရာတွင်လည်း မော်ကွန်းတင်ထိုက်သည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ တစ်ကွဲတစ်ပြား ပြန့်ကျဲနေသော ရာဇဝင်အတိုအထွာများ၊ ဒေသဆိုင်ရာရာဇဝင်များ၊ အရေးတော်ပုံကျမ်းများ၊ လူမျိုးခြားရာဇဝင်များ စသည့်ရာဇဝင်ကျမ်းငယ်အမျိုးမျိုးကိုကိုးကား၍ ပြည့်စုံသော မြန်မာနိုင်ငံတော်ရာဇဝင်ကြီးတစ်စောင်ကို ပထမဆုံးပြုစုခဲ့သူမှာ ဦးကုလားဖြစ်သည်။ တစ်စစီပြန့်ကျဲနေသော ရာဇဝင်ကျမ်းငယ်များကို စုပေါင်း၍ပြည့်စုံသော ရာဇဝင်ကြီးတစ်စောင်ဖြစ်အောင် ဦးကုလားက ကြိုးစားပုံဖော်ရေးသားခဲ့သည်။ ထို့ကြောင့် အပြည့်အစုံဆုံးသော မြန်မာရာဇဝင်ကို မည်သည့်မင်းလက်ထက်တွင် မည်သူပြုစုရေးသားခဲ့ပါသနည်းဟု အမေးရှိလာခဲ့လျှင် ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက်တွင် ဦးကုလားပြုစုခဲ့သည်ဟု တိကျသောအဖြေကိုပေးရပေမည်။

**ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်း**

ဦးကုလား၏ ဖွားသက္ကရာဇ်ကိုတိတိကျကျမသိရပေ။ အဖမှာ စဥ့်ကိုင်ရွာသူဌေး ဒေဝသေဋ္ဌဖြစ်ပြီး အမိမှာ စော်ဘွားအဆက်အနွယ် မဏိသြဃဖြစ်သည်။ ဦးကုလား၏အတ္ထုပ္ပတ္တိကို မင်းတုန်းမင်းလက်ထက်ပြုစုခဲ့သော ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်း၌ ဤသို့ဖော်ပြထား၏။

"ကော်တော်ရန္တမိတ်ခံ စဥ့်ကိုင်သူဌေးသား ငကုလားအကြောင်းကား မိုးညှင်းဇလုံကြီးသား ဇလုံငယ်၊ ဇလုံငယ်သား စမော်ခန်းကို ဆင်ဖြူများရှင် မိုးညှင်းကို အလိုတော်ပြည့်လျှင် ရွှေဖဝါးတော်အောက်ကိုမြဲ၍ အပါးတော်တွင် စေပါတော်မူသည်။ ၉၂၅ ခုနှစ် ယိုးဒယားသို့ချီတော်မူရာတွင် ဆင်နှင့်ပွဲရသောကြောင့် ရမ္မရဲသူဟူသောအမည်နှင့် ကျပ်လက်ဖက်အိုးပေးတော်မူသည်။ ဝါဂရုမြို့ကိုလည်း ပေးတော်မူသည်။ နောက်မဟာဥပရာဇာ အထွတ်အမြတ်သို့ရောက်တော်မူလျှင် ယိုးဒယားတွင် ဆင်ဖြူနှင့်ပွဲရပြန်သောကြောင့် နန္ဒမိတ်ဟူသောအမည်ကို ပေးတော်မူသည်။ နောက်မဟာဥပရာဇာ ယင်းသို့ချီတော်မူလျှင် ဆင်နှင့်ပွဲရပြန်သောကြောင့် သန်ယာဟူသောအမည်နှင့် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်း၊ ထွေးခံ၊ ထီးနီညောင်ရွက် သုံးဆင့်၊ ကျိုင်းချက်အကုံနှင့် တလုပ်မြို့ကိုပေးတော်မူသည်။

တလုပ်မင်းသန်ယာသားတော်လှကို လက်ရွေးကြီးမှူးအဖြစ်နှင့် သားတော်မင်းရဲကျော်စွာစုန်ကို ပေးတော်မူသည်။ ညောင်ရမ်းဘုရား အထွတ်အမြတ်သို့ ရောက်တော်မူလျှင် လက်ရွေးကြီးမှူးကို ကော်တော်ရန္တမိတ် အမည်နှင့် ကျပ်လက်ဖက်အိုး ပေးတော်မူသည်။ စလေမြို့ကိုလည်း ပေးတော်မူသည်။ ၉၆၆ ခုနှစ် မိုးနဲသို့ ချီတက်တော်မူရာတွင် ဆင်နှင့်အမှုတော်ကိုထမ်းသည်။ ပွဲရသောကြောင့် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်း၊ ထွေးခံပေးတော်မူသည်။ သားတော် အနောက်ဘက်လွန်မင်းတရား အထွတ်အမြတ်သို့ရောက်တော်မူလျှင် "အတုလစန္ဒာဒေဝီ" ရှင်မိဖုရားကို အချီပေးတော်မူသည်။

ကော်တော်ရန္တမိတ်မြောက်သားကား ဩဟာပိဿလောက်စော်ဖွား သမီးဘုန်းရှိ၊ ကော်တော်ရန္တမိတ် သမီးကား ဆင်းစံဝတီ၊ အလျှင်နေမျိုးကျော်ထင်နှင့် သင့်သည်။ နေမျိုးကျော်ထင်လွန်လျှင် ဘယကျော်ထင်သား မြို့စားမုနေဒိုင်းမှူး ရာကျော်သူနှင့် အတုလဒေဝီရှင် မိဖုရားစုံဖက်တော်မူရာတွင် အနောက်ထောင်မှူး ရွှေပြည်မြင်းခေါင်းစောင့်ညီနှင့် စဥ့်ကိုင်သူဌေးမယား မဏိသြဃကိုမြင်သည်။ မဏိသြဃနှင့် ဒေဝသူဌေး သင့်ရာတွင် ရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်များကို ရေးသားသော ငကုလားကိုဖွားမြင်သည်။"

**ရာဇဝင်သုံးစောင်**

ဦးကုလားသည် ရှည်လျား၍ ပြည့်စုံလှသော မဟာရာဇဝင်ကြီးအပြင် မဟာရာဇဝင်ကြီးကို အချိန်ပေး၍ ဖတ်ရှုမလှေ့လာနိုင်သောသူများအတွက် ရာဇဝင်လတ်ကို ရေးသားပြုစုခဲ့သည်။ ထို့ပြင် မြန်မာမင်းစဉ်မင်းဆက်များကို အကျဉ်းချုပ်မျှသိလိုသူများအတွက်ရည်ရွယ်၍ ရာဇဝင်ချုပ်ကိုလည်း ရေးသားပြုစုခဲ့ပြန်သည်။ သို့ဖြစ်သောကြောင့် ဦးကုလားပြုစုသော ရာဇဝင်ကျမ်းများသည် မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်ဟူ၍ သုံးစောင်ရှိပေသည်။ နောင်လာနောက်သားတို့အပေါ် ထားခဲ့သော ဦးကုလား၏ စေတနာကားကြီးမားလှ၏။ ဦးကုလားသည် သူဌေးသားဖြစ်သည်။ သူဌေးသားဖြစ်သောကြောင့် စည်းစိမ်ချမ်းသာကိုခံစား၍ အေးအေးဆေးဆေး နေနိုင်သူဖြစ်သည်။ သို့သော် ဦးကုလားသည်စည်းစိမ်ချမ်းသာကိုခံစား၍အေးအေးဆေးဆေး နေသူမဟုတ်ပေ။ ထိုကဲ့သို့သော စည်းစိမ်ချမ်းသာများကိုအသုံးချကာ နောင်လာနောက်သားများအတွက် ရာဇဝင်ကျမ်းသုံးစောင်ကို အပင်ပန်းခံပြုစုပေးခဲ့သည်။ စည်းစိမ်ချမ်းသာသောကြောင့်သာလျှင် စား၊ ဝတ်၊ နေရေးအတွက် မပူမပင်ရဘဲ မြန်မာရာဇဝင်ကျမ်းကြီးများကို ပြုစုနိုင်ခဲ့ခြင်းဖြစ်သည်။

ဦးကုလားအပေါ် ပို၍ကြည်ညိုလေးစားရသော အချက်မှာ ဤရာဇဝင်ကျမ်းသုံးစောင်ကို မည်သူကမျှ မတိုက်တွန်းဘဲ မိမိဆန္ဒအလျောက် ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ပြုစုရာတွင်လည်း မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဇေတဝန်ရာဇဝင်တော်ကြီးတို့ကဲ့သို့ အစုအဖွဲ့ဖြင့် ပြုစုခဲ့သည်မဟုတ်။ တစ်ဦးတစ်ယောက်တည်း ရေးသားခဲ့ခြင်းဖြစ်သည်။ ဦးကုလားသာ မဟာရာဇဝင်ကြီးကို ရေးသားပြုစုခဲ့ခြင်းမရှိလျှင် နောက်နောင်ရေးသားပြုစုကြသည့် မဟာရာဇဝင်သစ်၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ မုံရွေးရာဇဝင်ကျော်၊ ရာဇဝင်သဒီပကကျမ်းတို့ ရေးသားပြုစုရာတွင် များစွာခက်ခဲသွားပေလိမ့်မည်။ အကြောင်းမှာ ထိုရာဇဝင်ကျမ်းတို့သည် ဦးကုလား၏မဟာရာဇဝင်ကြီးကိုအမှီပြု၍ ရေးသားရသောကြောင့်ဖြစ်လေသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီး၏ ရာဇဝင်ကျောရိုးသည် ဦးကုလား၏ မဟာရာဇဝင်ကြီးမှ ယူထားခြင်းသာဖြစ်ပေသည်။ ထိုကဲ့သို့ ရာဇဝင်ကျမ်းကို အပင်ပန်းခံရေးသားခဲ့သော ရာဇဝင်ဆရာကြီး ဦးကုလားကို အကြိမ်ကြိမ် ဦးညွှတ်ပါ၏။

**ဦးကုလားနှင့် သမိုင်းပညာရှင်များ**

မြန်မာ့သမိုင်းနှင့်ပတ်သက်၍ ဦးကုလား၏ ကျေးဇူးကား အထူးကြီးမားကြောင်းကို မျက်မှောက်ခေတ်စာပေပညာရှင်များ၊ သမိုင်းပညာရှင်များက သိကြ၏။ ထို့ကြောင့် ဦးကုလား၏ကျေးဇူးကို အမျိုးမျိုးထုတ်ဖော်ချီးကျူးခဲ့ကြသည်။ ဂုဏ်ပြုခဲ့ကြသည်။ ဦးကုလားအပေါ် ချီးကျူးဂုဏ်ပြုခဲ့ကြသော စာပေပညာရှင်များ၊ သမိုင်းပညာရှင်များ၏ ဂုဏ်ပြုအရေးအသားများကို ဖော်ပြချင်ပါသေးသည်။ စာရေးသူသည်လည်း ဦးကုလားကို များစွာချီးကျူးဂုဏ်ပြုစကားများဆိုချင်ပါသည်။ သို့သော်လည်း ကျွန်တော်ကိုယ်တိုင် သီးခြားဂုဏ်ပြုစကားဆိုခြင်းထက် စာပေပညာရှင်များ၊ သမိုင်းပညာရှင်များ၏ ဂုဏ်ပြုစကားများကိုသာဖော်ပြပြီး ဦးကုလားကို ဂုဏ်ပြုရပေတော့မည်။

"ဦးကုလား၏ရာဇဝင်ကြီးကား စံပြုလောက်သော"ကျမ်းဖြစ်သည်။ ထို့ကြောင့် နောက်ရာဇဝင်ဆရာတို့သည် ထိုရာဇဝင်ကျမ်းကိုသာအမှီပြု၍ရေးသားကြ၏။ ဘကြီးတော်မင်းတရားလက်ထက်တွင် ရေးသားသော မှန်နန်းမဟာရာဇဝင်တော်၏ရာဇဝင်ကြောင်းသည် ဦးကုလားရာဇဝင်ကြီး၏ ရာဇဝင်ကြောင်းပင်ဖြစ်သည်။"

**ဦးဖေမောင်တင်**

"မြန်မာပညာရှင်များ အားထားရာဖြစ်ခဲ့၊ ဖြစ်နေသော၊ သုတေသီနှင့် သောတုဇနတို့မှီခိုရာဖြစ်ခဲ့၊ ဖြစ်နေသော မဟာရာဇဝင်ကြီးကို ဦးကုလားသည် တောင်ငူမင်းဆက် တနင်္ဂနွေမင်းလက်ထက်တွင် စီရင်သည်။ ကမ္ဘာဦးအစမှသည် ၁၀၉၂ ခုနှစ်တိုင်၏။ မဟာဝင်ကိုမှီး၍ ရာဇဝင်ဗေဒပညာဖြင့် တီထွင်ထားသော ပထမဦးဆုံးစံပြုမြန်မာရာဇဝင်ဖြစ်ပါသည်။ သူ၏ကျေးဇူးဆပ်၍ မကုန်အောင်ကြီးမားလှပေစွ"

**ဒေါက်တာလှဖေ**

"ဦးကုလားသည် မြန်မာရာဇဝင်ကို ပထမဦးဆုံး အပြည့်အစုံရေးသားနိုင်ခဲ့သည့်အတွက် ယနေ့အချိန်တွင်သာဆိုလျှင် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရမည်မှာအမှန်ပင်ဖြစ်သည်။"

"ဦးကုလားသည် မဟာရာဇဝင်ကြီး (၂၁ တွဲ၊ ပေ ၆၃ အင်္ဂါ ၁၁ ချပ်)ကိုသာမက မဟာရာဇဝင်ကြီးကို မကျဉ်းမကျယ်စီရင်ထားသော ရာဇဝင်လတ် (၁၀ တွဲ၊ ပေ ၄၃ အင်္ဂါ ၅ ချပ်)နှင့် မဟာရာဇဝင်ကြီးကို အကျဉ်းချုံးထားသည့် ရာဇဝင်ချုပ် (၁ တွဲ၊ ပေ ၂ အင်္ဂါ ၈ ချပ်) တို့ကိုပါ ရေးသားပြုစုခဲ့သည်။ ထိုသို့ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်တို့ကိုပါ ရေးသားပြုစုခြင်းသည် ၂၁ ရာစုတိုင် ခေတ်မီသောစိတ်ကူးဖြစ်သည်။"

**ဦးကျော်ငြိမ်း**

"မဟာရာဇဝင်ကြီးသည် ရာဇဝင်ကြီးတစ်စောင်တစ်ဖွဲ့အနေဖြင့် ရှေးဦးအစ ပထမပေါ်ထွက်လာသည်ဖြစ်၍ မြန်မာရာဇဝင်ဟူသမျှတို့၏ ဖခင်ကြီးသဖွယ်ဖြစ်ရကား အထူးအားထားမှီခိုရာဖြစ်ပေသည်။ မှန်နန်းရာဇဝင်ဟူသည်မှာလည်း ထိုမဟာရာဇဝင်ကြီးကိုပင် အရေးအသားအကူးအဆက် ချွတ်ယွင်းချက်များနှင့် အချို့အချက်များကို အနည်းငယ်ဖြည့်စွက်ရုံမှတစ်ပါး သီးခြားစီရင်တီထွင်သော ရာဇဝင်မဟုတ်ကြောင်း သိရှိရပေသည်။ ထို့ကြောင့် မှန်နန်းရာဇဝင်၊ သုသောဓိတရာဇဝင် စသည်များသည် မဟာရာဇဝင်ကြီးမှ ရာဇဝင်ကြောင်းများပင်ဖြစ်သည်။"

**၁၉၆၀၊ ဟံသာဝတီထုတ်၊ မဟာရာဇဝင်ကြီး တတိယအုပ်နိဒါန်း**

"တခမ်းတနားရေးသားခဲ့သော အစောဆုံးရာဇဝင်ကျမ်းမှာမူ ဦးကုလား၏ မဟာရာဇဝင်ကြီးဖြစ်သည်။ အခြားသောနောက်ပေါ်ရာဇဝင်ကျမ်းတို့မှာ ဦးကုလားကိုအမှီပြု၍ ရေးသားခဲ့ကြသောကျမ်းများသာဖြစ်ကြသည်။ သို့သော်ဦးကုလားသည်မဟာရာဇဝင်ကျမ်းကြီးကို မည်သူတစ်စုံတစ်ဦး၏ တိုက်တွန်းချက်ကြောင့်မှ ရေးသားခဲ့သည်မဟုတ်ဘဲ ယင်း၏အသိပညာအလျောက် တာဝန်သိတတ်မှုစိတ်ဖြင့် ရေးသားခဲ့သောကျမ်းသာဖြစ်ပေသည်။ ထို့ကြောင့် မဟာရာဇဝင်ကြီးမှ မင်းတို့ဆိုင်ရာကျင့်ထုံးများသည် အုပ်ချုပ်သူတို့သတိရှိစေရန် ဗုဒ္ဓစာပေကျမ်းဂန်များမှ ထုတ်နုတ်လျက် ဦးကုလားကိုယ်တိုင်က စုစည်းတင်ပြခဲ့ခြင်းဖြစ်သည်။ ထိုကျမ်းသည် မြန်မာမှုဓလေ့၏အရင်းမူလဖြစ်သော လူမှုဆက်ဆံရေးကို သမိုင်းနှင့်ယှဉ်တွဲလျက် အဦးဆုံးဖော်ပြပေးသော ကျမ်းဟု ယူဆ၍ရနိုင်ကောင်းပါသည်။"

**ဒေါက်တာတိုးလှ**

"နှစ်ဆယ်ရာစုခေတ်မတိုင်မီ ပေါ်ထွန်းခဲ့သော မြန်မာသမိုင်းပညာရှင်များတွင် ဆရာကြီးဦးကုလားသည် ထူးထူးခြားခြား လေးစားကြည်ညိုအပ်သူဖြစ်သည်။ ထိုမျှမက ဦးကုလား၏ကျေးဇူးသည် ကြီးမားပါဘိသည်။ ဦးကုလားပြုစုခဲ့သော မဟာရာဇဝင်ကြီးမှာ နှောင်းခေတ်သမိုင်းဆရာများ မလွတ်တမ်း မှီငြမ်းကိုးကားခြင်းပြုနေရသည်။ ထိုသူများတွင် ခေတ်သစ်သမိုင်းပညာရှင်များလည်း အပါအဝင်ဖြစ်လေသည်။ ထို့ကြောင့် ဦးကုလား၏ ကျေးဇူးကြီးသလောက် သူ၏မဟာရာဇဝင်ကြီးသည်လည်း မှတ်သားလေးစားလောက်ပါပေသည်။"

**မောင်သော်**

အထက်တွင်ဖော်ပြခဲ့သော ပညာရှင်ကြီးများ၏ အမှတ်တရဂုဏ်ပြုစကားများကို ကြည့်ခြင်းအားဖြင့် ဦးကုလား၏ကျေးဇူး မည်မျှကြီးမားကြောင်း သိနိုင်လေသည်။ ဦးကုလားသည် မရေးဘဲနေသွား၍လည်းရ၏။ သို့သော် သူ့အသိ၊ သူ့စိတ်ဓာတ်ဖြင့် သမိုင်းပေးတာဝန်ကို မဖြစ်မနေထမ်းဆောင်ခဲ့ခြင်းသာဖြစ်သည်။ တချို့က ဦးကုလား၏အမည်ကို "မောင်ကိုလား နောက် မောင်ကုလားဖြစ်မှာပဲ"၊ "မောင်ကုလား"ဟူ၍ ရင့်သီးစွာခေါ်ဝေါ်ရေးသားကြသည်ကိုလည်း တွေ့ရသည်။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် ယဉ်ကျေးသိမ်မွေ့သော လူမျိုးဖြစ်သည်။ ကိုယ့်ထက် အသက်ကြီးသူကို ဦးလေး၊ အဒေါ်၊ အစ်ကို၊ အစ်မစသည်ဖြင့် ခေါ်ဆိုကြသည်။ ရာဇဝင်ဆရာကြီးဦးကုလားသည် ကျွန်တော်တို့ထက် အသက်ကြီးသူ၊ ဂုဏ်ကြီးသူဖြစ်သည်။

ထို့ကြောင့် ဦးကုလားဟူ၍သာ ယဉ်ယဉ်ကျေးကျေး ခေါ်ဆိုရေးသားသင့်ပါသည်။ ထို့ကြောင့် မျိုးဆက်သစ်သမိုင်းသုတေသီများသည် ယဉ်ကျေးသိမ်မွေ့သော စကားလုံးများကိုသာ ရွေးချယ်သုံးနှုန်းပြီး မြန်မာ့သမိုင်းကို ဆက်လက်သုတေသနပြုဖော်ထုတ်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုရေးသားအပ်ပါသည်။

> ❖ ညောင်ရမ်းခေတ်တွင် ရာဇဝင်သုံးစောင်ကို တစ်ဦးတည်းပြုစုခဲ့သော ရာဇဝင်ဆရာကြီးတစ်ဦးပေါ်ထွန်းခဲ့သည်။ ထိုရာဇဝင်ဆရာကြီးမှာ ဦးကုလားဖြစ်သည်။ ဦးကုလားသည် ညောင်ရမ်းခေတ်ရာဇဝင်ကျမ်းပြုပုဂ္ဂိုလ်များတွင် ထင်ရှားသောရာဇဝင်ကျမ်းပြုပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သကဲ့သို့ ရာဇဝင်ကျမ်းပြုစုရာတွင်လည်း မော်ကွန်းတင်ထိုက်သည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။ တစ်ကွဲတစ်ပြား ပြန့်ကျဲနေသော ရာဇဝင်အတိုအထွာများ၊ ဒေသဆိုင်ရာရာဇဝင်များ၊ အရေးတော်ပုံကျမ်းများ၊ လူမျိုးခြားရာဇဝင်များ စသည့်ရာဇဝင်ကျမ်းငယ်အမျိုးမျိုးကိုကိုးကား၍ ပြည့်စုံသော မြန်မာနိုင်ငံတော်ရာဇဝင်ကြီးတစ်စောင်ကို ပထမဆုံးပြုစုခဲ့သူမှာ ဦးကုလားဖြစ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စာနာသည်းခံ လူသားဆန်

- စာနာပါ လူသားချင်း
အမုန်းကင်း ထာဝစဉ်၊
ရိုးသားစွာ ဘဝလမ်း
ဖြတ်သန်းကာပင်၊
မာန်မာန ဖယ်ရှောင်ကြဉ်
လူ့ဘဝတွင် နေထိုင်သွား၊
မေတ္တာကို ရင်မှာလွှမ်းလို့
အေးချမ်းစေသား။

- ဒေါသမာန် အမျက်မပွား
ချစ်ခြင်းများ ပေးဖြန့်ဝေ၊
ကရုဏာ အကြင်နာစိတ်
ယိုဖိတ်လျှံစေ၊
အားနည်းသူတို့ ဖေးမလေ
ကရုဏာတွေ ရင်လွှာမိုး၊
ပရအကျိုးကို ရည်မှန်းလျက်
ထမ်းရွက်သယ်ပိုး။

- စိတ်စေတနာ အစဉ်ဖြိုး
လူ့တန်ဖိုး မြှင့်တင်ကာ၊
လူသားဆန်စွာ နေထိုင်ရင်း
သန့်ရှင်းစိတ်မှာ၊
သစ္စာကတိ အတူယှဉ်ပါ
ဖြူစင်စွာ စိတ်ကောင်းမွေး၊
ကိုယ့်နာမည် ဂုဏ်သတင်းကို
ထုံသင်းစေလေး။ ။

ရဲသွေးနီ (တက်ဝန်)

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

စစ်ကိုင်း ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းဧက ၁၉၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မိုးနှမ်းဧက ၁၉၀၅၀ စိုက်ပျိုးထားပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မိုးနှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက်အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပြင်ဦးလွင်မြို့နယ် ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိုက်တောကျေးရွာ အုပ်စု ပုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပုံကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်ထံမှ သိရသည်။ အောင်ရဲကျော်

# ဇလွန်မြို့နယ် သဇင်ရိုးကျေးရွာ၌ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



ဇလွန် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် တံခွန်တိုင်ကျေးရွာအုပ်စု သဇင်ရိုးကျေးရွာတွင် ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သဇင်ရိုးကျေးရွာ၌ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သဇင်ရိုးကျေးရွာ၌ လမ်းအရှည်ပေ ၉၅၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ် သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ဇင်မာ

# နိုင်ငံတကာ သတင်းများ

## ယခုနှစ်ရေဘေးရာသီအတွင်း တရုတ်နိုင်ငံတစ်ဝန်း လမ်းများပျက်စီးမှုတန်ဖိုး ဒေါ်လာ နှစ်ဘီလီယံကျော်ရှိ

ပေကျင်း ဩဂုတ် ၂၇

ရေဘေးရာသီအတွင်း တရုတ်နိုင်ငံတစ်ဝန်းရှိ လမ်းများပျက်စီးဆုံးရှုံးမှုတန်ဖိုးမှ တရုတ်ယွမ်ငွေ ၁၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၄ ဘီလီယံထိရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် ရေဘေးရာသီစတင်ချိန်မှစ၍ တရုတ်နိုင်ငံအတွင်းရှိ ပြည်နယ်၊ ဒေသနှင့် မြူနီစပယ်ဒေသ ၂၃ ခုတို့၌ လမ်းများပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ယွမ်ငွေ ၁၆ ဘီလီယံထိရှိခဲ့ကြောင်း တရုတ်အစိုးရ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ ရေဘေးရာသီသည် နှစ်စဉ် ဇူလိုင် ၁ ရက်တွင် တရားဝင်စတင်ဝင်ရောက်ကြောင်း တရုတ်အစိုးရရေအရင်းအမြစ် စီမံခန့်ခွဲရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ရေဘေးရာသီကာလ တရုတ်နိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ မိုးရေချိန်စံချိန်တင် ရရှိတတ်ပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားတတ်သည်။

ရေဘေးရာသီအတွင်း ပျက်စီးခဲ့ရသည့်လမ်းများကို ပြန်လည်ပြင်ဆင်ရေးအတွက် တရုတ်သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့က အရေးပေါ်ရန်ပုံငွေ ယွမ်ငွေ ၅ ဒသမ ၈ ဘီလီယံထိ ထုတ်ပေးထားပြီး ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ် ဇူလိုင်လ တစ်လတည်းမှာပင် ရေဘေး၊ မြေပြိုမှု၊ မြေလျှောင်၊ မိုးခေါင်မှုစသည့် သဘာဝဘေးအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ယွမ်ငွေ ၅၂ ဒသမ ၅ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမျိုးသားလုံခြုံရေးကောင်စီဖွဲ့စည်းရန် ဂျာမနီအစိုးရ သဘောတူ

ဘာလင် ဩဂုတ် ၂၇

အမြဲတမ်းအမျိုးသားလုံခြုံရေးကောင်စီ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် ဂျာမနီအစိုးရက ယနေ့တွင် သဘောတူခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံ၏ လုံခြုံရေးလိုအပ်ချက်များကို ဖြည့်ဆည်းရေးအတွက် အစီအစဉ်များ ထိထိရောက်ရောက်ရေးဆွဲရန် ရည်ရွယ်၍ အမျိုးသားလုံခြုံရေးကောင်စီ အဖွဲ့သစ်ဖွဲ့စည်းရန် ဂျာမနီအစိုးရက သဘောတူခဲ့ခြင်းဖြစ်သည်။

ဂျာမနီ အမျိုးသားလုံခြုံရေးကောင်စီသည် လက်ရှိတည်ရှိနေသည့် ဖက်ဒရယ်လုံခြုံရေးကောင်စီနှင့် လုံခြုံရေးကတ်ဘိနက်အဖွဲ့တို့နေရာ၌ အစားထိုးဝင်ရောက်မည်ဖြစ်သည်။

ဂျာမနီမီဒီယာများ၏အဆိုအရ အမျိုးသားလုံခြုံရေး ကောင်စီကို ဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ဘဏ္ဍာရေးဝန်ကြီး လားစ်ကလင်းဘေးလ်က တာဝန်ယူမည်ဖြစ်သည်။

အဆိုပါ အမျိုးသားလုံခြုံရေးကောင်စီသစ်တွင် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး၊ တရားရေးဝန်ကြီး၊ စီးပွားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးနှင့် ဒစ်ဂျစ်တယ်နည်းပညာဝန်ကြီးတို့က အမြဲတမ်းအဖွဲ့ဝင်များအဖြစ် ပါဝင်မည်ဖြစ်သည်။

ဂျာမနီနိုင်ငံကဲ့သို့ပင် ဥရောပနိုင်ငံအများအပြားသည် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကောင်စီပုံစံ ဗဟိုလုံခြုံရေးကောင်စီများ ဖွဲ့စည်းထားကြကြောင်း သိရသည်။

Ref : RT

Trs : KKO



## တရုတ်ကျောင်းသားများကိုကြိုဆိုမည့် သမ္မတ ဒေါ်နယ်ထရမ့်ကတိကဝတ်ကို စောင့်ထိန်းပေးရန် အမေရိကန်အစိုးရကို တရုတ်တိုက်တွန်း



ပေကျင်း ဩဂုတ် ၂၇

အမေရိကန်တက္ကသိုလ်များ၌ ပညာသင်ကြားမည့် တရုတ်ကျောင်းသားများအား လက်ခံကြိုဆိုမည်ဟူသော သမ္မတ ဒေါ်နယ်ထရမ့်၏ကတိကဝတ်ကို အမေရိကန်အစိုးရအနေဖြင့်လည်း စောင့်ထိန်းပေးရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် တိုက်တွန်းခဲ့သည်။

အမေရိကန်တက္ကသိုလ်များ၌ တရုတ်ကျောင်းသား ၆၀၀၀၀၀ထိ တက်ရောက်ခွင့် ပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ် ကျောင်းသားများကို တမင်ရည်ရွယ် အနှောင့်အယှက်ပေးခြင်း၊ စစ်ဆေးမေးမြန်းခြင်းနှင့် နှင်ထုတ်ခြင်းများအား ရပ်ဆိုင်းရန်လည်း အမေရိကန်အစိုးရကို တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး သဘောတူညီချက်ရယူရေး အစီအစဉ်အရ မိမိအနေဖြင့် တရုတ်ကျောင်းသား ၆၀၀၀၀၀ထိကို အမေရိကန်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ပြုနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၂၆ ရက်တွင် ပြောကြားထားသည်။

ယင်းအပြင် အမေရိကန်တက္ကသိုလ်များအနေဖြင့် တရုတ်ကျောင်းသားများ မရှိခဲ့ပါက ခက်ခက်ခဲခဲ ရပ်တည်ရလိမ့်မည်ဖြစ်ကြောင်းလည်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

၂၀၂၃ ခုနှစ် ပညာသင်နှစ်တွင် အမေရိကန် တက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားခဲ့ကြသည့် တရုတ်ကျောင်းသားများ အရေအတွက်မှာ ၂၇၇၃၉၈ ဦးထိရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## စာသင်ကျောင်းများ၌ စမတ်ဖုန်းသုံးစွဲမှုပိတ်ပင်ရေးဥပဒေကြမ်း တောင်ကိုရီးယားလွှတ်တော်အတည်ပြု

ဆိုးလ် ဩဂုတ် ၂၇

နိုင်ငံတစ်ဝန်း စာသင်ခန်းများ၌ မိုဘိုင်းလ်ဖုန်းများနှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများ သုံးစွဲမှုကို ပိတ်ပင်ထားသည့် ဥပဒေကြမ်းတစ်ရပ်အား တောင်ကိုရီးယားလွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့ကြောင်း သိရသည်။



လူငယ်များကြား လူမှုမီဒီယာအကြီးအကျယ်သုံးစွဲမှု၏ ဆိုးကျိုးများနှင့်ပတ်သက်၍ စိုးရိမ်မှုများ ပေါ်ထွက်နေစဉ် အဆိုပါဥပဒေကြမ်းကို တောင်ကိုရီးယားလွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

စာသင်ခန်းများ၌ မိုဘိုင်းလ်ဖုန်းနှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများသုံးစွဲမှု ပိတ်ပင်ရေး ဥပဒေသည် ၂၀၂၆ ခုနှစ် မတ်လတွင် စတင်အာဏာသက်ဝင်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံကဲ့သို့ပင် အခြားကမ္ဘာ့နိုင်ငံများသည်လည်း ကလေးများစမတ်ဖုန်းနှင့်လူမှုမီဒီယာသုံးစွဲမှုများကို ကန့်သတ်ရန် ကြိုးပမ်းလျက်ရှိသည်။

တောင်ကိုရီးယား နိုင်ငံသည် ဒစ်ဂျစ်တယ် နည်းလမ်းအရ ချိတ်ဆက်ဆက်ဆံမှု အမြင့်ဆုံးနိုင်ငံများထဲတွင် ပါဝင်သည်။

အမေရိကန်သုတေသနအဖွဲ့အစည်းများ၏ လေ့လာတွေ့ရှိချက်အရ တောင်ကိုရီးယားနိုင်ငံ၏ ၉၈ ရာခိုင်နှုန်းမှာ စမတ်ဖုန်းများ ပိုင်ဆိုင်ထားပြီး ၉၉ ရာခိုင်နှုန်းမှာ အွန်လိုင်းသုံးစွဲသူများ ဖြစ်ကြကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ဒီနီပရိုပက်ထရော့ဗ်ဒေသ ကျေးရွာနှစ်ရွာကို ရုရှားတပ်များ သိမ်းပိုက်ထားမှု ယူကရိန်းသတင်းအရင်းအမြစ်များ အတည်ပြု

ကီယက်ဗ် ဩဂုတ် ၂၇

ယူကရိန်းနိုင်ငံ အရှေ့တောင်ပိုင်း ဒီနီပရိုပက်ထရော့ဗ်ဒေသရှိ ကျေးရွာနှစ်ရွာကို ရုရှားတပ်များက သိမ်းပိုက်ထားကြောင်း လွတ်လပ်သည့် ယူကရိန်းသတင်း အရင်းအမြစ်များက ဩဂုတ် ၂၆ ရက်တွင် အတည်ပြုထားသည်။

ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် သံတမန်ရေးအရ ကြိုးပမ်းမှုများ အရာမထင်ဖြစ်နေချိန်တွင် ရုရှားတပ်များက ယူကရိန်း အရှေ့တောင်ပိုင်း ဒီနီပရိုပက်ထရော့ဗ် ဒေသတွင်းသို့ ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်သည်။

ဒီနီပရိုပက်ထရော့ဗ် ဒေသသည် ယူကရိန်းပဋိပက္ခကာလအတွင်း ရုရှားအစိုးရက ရုရှားအချုပ်အခြာအောက် ထည့်သွင်းထားသည့် ယူကရိန်းဒေသလေးခုထဲတွင် ပါဝင်ခြင်းမရှိကြောင်း သိရသည်။

အဆိုပါဒေသတွင်းရှိ ကျေးရွာနှစ်ရွာကို ရုရှားတပ်များက ထိန်းချုပ်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ရာတွင် ဒီနီပရိုပက်ထရော့ဗ်ဒေသတွင်းရှိ ကျေးရွာများအား ရုရှားတပ်များ သိမ်းပိုက်ထားသည်ဆိုသောသတင်းကို ယူကရိန်းတပ်မတော်က သတင်းမှားအဖြစ် ငြင်းပယ်ထားသည်။

ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် ငြိမ်းချမ်းရေးသဘောတူညီချက်ရယူမည်ဆိုပါက ရုရှားထိန်းချုပ်မှုအောက်ရှိ နယ်မြေများကိုစွန့်လွှတ်ရန် ရုရှားအစိုးရက ယူကရိန်းအစိုးရကို တောင်းဆိုထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဘန်နူးဂြိုဟ်သိမ်ထံမှရယူထားသည့် နမူနာဖုန်မှုန့်များ၏သက်တမ်းက နေ၏သက်တမ်းထက်ပင် ပို၍ရှေးကျ



**ဝါရှင်တန် ဩဂုတ် ၂၇**

ဘန်နူးဂြိုဟ်သိမ်ထံမှ ရယူထားသည့် နမူနာဖုန်မှုန့်များ၏ သက်တမ်းမှာ နေ၏သက်တမ်း ထက်ပင် ပို၍ရှေးကျကြောင်း သိပ္ပံပညာရှင်များက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အောစီးရစ်-ရက်စ် အာကာသယာဉ်ဖြင့် ဘန်နူးဂြိုဟ်သိမ်မျက်နှာပြင်ပေါ်မှ ကျောက်သားနှင့် ဖုန်မှုန့်နမူနာများကို ရယူနိုင်ခဲ့သည်။

နာဆာသိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘန်နူးဂြိုဟ်သိမ်၏ ဖုန်မှုန့်များထဲတွင် ဓာတုဖွဲ့စည်းပုံအရ နေထက်ပို၍ ရှေးကျသည့်ဖုန်မှုန့်များ ပါဝင်နေကြောင်း သိရသည်။

သို့ဖြစ်ရာ ဘန်နူးဂြိုဟ်သိမ်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံကျော်ကပင် စတင်ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာချက်အရ ဘန်နူးဂြိုဟ်သိမ်၏ ဖုန်မှုန့်များထဲတွင် နေအဖွဲ့အစည်းပြင်ပ ကြယ်တာရာဟင်းလင်းပြင် နယ်မြေအတွင်းမှ ဖုန်မှုန့်များလည်း ပါဝင်နေသည်။

ဘန်နူးဂြိုဟ်သိမ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း သန်း ၂၀၀ အကွာ ပတ်လမ်းတွင် နေရာယူ၍ နေကို လှည့်ပတ်နေသည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။


Ref : Sputnik News

Trs : KKO

## ဆာဂျီတေးရီးယပ်စ် အေစတားအာကာသတွင်းနက် လှုပ်ရှားနိုးထလာမည့်အချိန်ကို သိပ္ပံပညာရှင်များက တွက်ချက်ထား

**အမ်စတာဒမ် ဩဂုတ် ၂၇**

နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ် အေစတား အာကာသတွင်းနက် လှုပ်ရှားနိုးထလာမည့် အချိန်ကို သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။



ဒြပ်ထုအားဖြင့် နေဒြပ်ထုထက် အဆပေါင်း ၄ ဒသမ ၃ သန်း ပိုကြီးမားသော ဆာဂျီတေးရီးယပ်စ် အေစတားမဟာအာကာသ တွင်းနက်သည် လက်ရှိအချိန်တွင် ငြိမ်သက်အိပ်စက်လျက်ရှိသော မဟာအာကာသတွင်းနက်ဖြစ်သည်။

သို့ရာတွင် ဆာဂျီတေးရီးယပ်စ် အေစတားမဟာအာကာသ တွင်းနက်သည် နဂါးငွေ့တန်းကြယ်စုနှင့် ကြယ်စုတိမ်တိုက်ကြီး(LMC)ခေါ် ကြယ်စုငယ်တစ်ခုတို့ ဝင်တိုက်မိချိန်တွင် နိုးထလာနိုင်ကြောင်း နယ်သာလန်နိုင်ငံ အမ်စတာဒမ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

နဂါးငွေ့တန်းကြယ်စုနှင့် LMC ကြယ်စုငယ်တို့သည် နောင်လာမည့်နှစ်ပေါင်း ၂ ဒသမ ၄ ဘီလီယံအကြာတွင် တစ်ခုနှင့်တစ်ခု ဝင်ရောက်ပွတ်တိုက်မိလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အိပ်စက်ငြိမ်သက်နေသည့် မဟာအာကာသတွင်းနက်ကြီးများသည် ၎င်းတို့၏ ပတ်ပတ်လည်၌ ဓာတ်ငွေ့များ၊ အာကာသဒြပ်ထည်များ စုစည်းလာချိန်တွင် ၎င်းတို့ကို စုပ်ယူဝါးမျိုရေးအတွက် ပြန်လည်နိုးထလာတတ်ကြောင်း သိရသည်။

ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်သည် အချင်းအားဖြင့် မိုင်ပေါင်း ၁၅ သန်းရှိသည့် အာကာသနယ်မြေဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စပေ့အိတ်ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၂၇**

စပေ့အိတ်ကုမ္ပဏီ၏ ဒရာဂွန်အာကာသ ကုန်တင်ယာဉ်သည် ဩဂုတ် ၂၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ကမ္ဘာပတ်လမ်းပေါ်၌ ၂၉ နာရီကြာ ပျံသန်းပြီးနောက် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

စပေ့အိတ်ကုမ္ပဏီသည် CRS-33 အမည်ရှိ မစ်ရှင်ဖြင့် ဒရာဂွန်အာကာသ ကုန်တင်ယာဉ်ကို ဩဂုတ် ၂၄ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် သိပ္ပံပညာ စမ်းသပ်ပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းပမာဏ ကီလိုဂရမ် ၂၂၇၀ သယ်ဆောင်သွားကြောင်း သိရသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် မူလစီစဉ်ထားသည်ထက် ၂၅ မိနစ်စော၍ နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

CRS-33 မစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ရယူထားသည့် သဘောတူညီချက်အရ စပေ့အိတ်ကုမ္ပဏီက လွှတ်တင်ခဲ့သော ၃၃ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# H E A L T H

## ကယ်လိုရီလျှော့ချထားသည့် မြေထဲပင်လယ်ဓာတ်စာ စားသုံးခြင်းဖြင့် ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေလျှော့ချနိုင်

**မက်ဒရစ် ဩဂုတ် ၂၇**

ကယ်လိုရီလျှော့ချထားသည့် မြေထဲပင်လယ်ဓာတ်စာ(Mediterranean Diet)ကို စားသုံးခြင်းဖြင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

စပိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကယ်လိုရီလျှော့ချထားသည့် မြေထဲပင်လယ်ဓာတ်စာ စားသုံး၍ လေ့ကျင့်ခန်း တွဲဖက်ပြုလုပ်ပေးပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို ၃၁ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ကယ်လိုရီလျှော့ချထားသည့် မြေထဲပင်လယ် ဓာတ်စာပုံစံတွင် သစ်သီးဝလံ၊ လုံးတီးကောက်နှံနှင့် သံလွင်ဆီတို့ အဓိကပါဝင်ပြီး အသားပါဝင်မှုလျှော့ချထားသည်။

မြေထဲပင်လယ်ဓာတ်စာပုံစံသည် နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေ၊ အာရုံနာဗ်ဆဲလ်စနစ်ပျက်စီးမှုရောဂါများဖြစ်နိုင်ခြေတို့ကို လျှော့ချရာတွင်လည်း အကျိုးပြုတတ်ကြောင်း နိုင်ငံတကာ သုတေသနပညာရှင်များက ဖော်ထုတ်တင်ပြခဲ့ကြပြီးဖြစ်သည်။

ထို့ပြင် မြေထဲပင်လယ်ဓာတ်စာပုံစံများသည် ကင်ဆာရောဂါပုံစံတချို့ကိုပင် ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

စပိန်သုတေသနပညာရှင်များ အသက် ၅၅ နှစ်နှင့် ၇၅ နှစ်ကြား လူပေါင်း ၄၇၀၀ ကျော်တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ပန်းဂေါ်ဖီစိမ်းနှင့် ကွမ်းသီးဂေါ်ဖီများ စားခြင်းဖြင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဩဂုတ် ၂၇**

ပန်းဂေါ်ဖီစိမ်းနှင့် ကွမ်းသီးဂေါ်ဖီ(Brussels Sprouts)တို့ကို စားသုံးခြင်းဖြင့် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပန်းဂေါ်ဖီစိမ်း၊ ကွမ်းသီးဂေါ်ဖီစသည့်ဂေါ်ဖီမျိုးဝင် ဟင်းသီးဟင်းရွက်များကို အစားများသူများသည် အစားနည်းသူများထက် အူမကြီးကင်ဆာဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

အဆိုပါဂေါ်ဖီမျိုးဝင် ဟင်းသီးဟင်းရွက်များသည် ဖလာဗိုနွိုက်၊ အမျှင်ဓာတ်၊ ဗီတာမင်-စီ ဓာတ်များကြွယ်ဝသည့်အပြင် ကင်ဆာရောဂါများကို ကာကွယ်နိုင်သည့် Gluco Sinolates ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးလည်း ကြွယ်ဝကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဂေါ်ဖီမျိုးဝင် ဟင်းသီးဟင်းရွက်များကို တစ်ရက်လျှင် ဂရမ် ၂၀ နှင့် ၄၀ ကြားစားသုံးပါက အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါပမာဏထက်ပို၍စားသုံးပါက အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်စွမ်းပိုတိုးလာနိုင်မှု မရှိကြောင်း သုတေသနပညာရှင်များက ပြောကြားထားသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဗီလာရီးရဲလ်ကစားသမား ပီနိုကိုခေါ်ယူရန် ပဲလေ့စ်အသင်း နှစ်ဖက်သဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၂၇

ပဲလေ့စ်အသင်းသည် တောင်ပံကစားသမား အက်ဇီကို အာဆင်နယ်အသင်းသို့ ရောင်းချခဲ့ပြီးနောက် ၎င်းနေရာတွင် အစားထိုးနိုင်ရန်အတွက် ဗီလာရီးရဲလ်အသင်းမှ တောင်ပံကစားသမား ပီနိုကို ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ဗီလာရီးရဲလ်အသင်းသည် ပီနိုအတွက် ကနဦး ပြောင်းရွှေ့ကြေး ယူရိုသန်း၅၀ထိအလိုရှိသော်လည်း ပဲလေ့စ်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဝန်းကျင်ဖြင့် သာရောင်းချရန် သဘောတူညီမှု ရရှိခဲ့သည်။

လက်ရှိတွင် အသက် ၂၂ နှစ်ရှိ ပီနိုကလည်း ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားပြီး အသင်းနှင့် ဆေးစစ်မှုပြုလုပ်ရန် ပြင်ဆင်နေကာ ဆေးအောင်ပါက ကာလရှည် စာချုပ် ချုပ်ဆို၍ အသင်းနှင့် အမြန်ဆုံး ပူးပေါင်းသွားမည်ဟု ပြောကြားထားသည်။

စပိန်နိုင်ငံ လက်ပါးမက်မြို့တွင် မွေးဖွားခဲ့သည့် ပီနိုသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ဗီလာရီးရဲလ်အသင်းနှင့် စတင်ခဲ့ပြီး ၂၀၂၀ပြည့်နှစ်တွင် နည်းပြ အမ်မရီ လက်အောက်တွင် ခြေစွမ်းပြ ကစားနိုင်ခဲ့သောကြောင့် အသင်း၏ လူငယ်ကစားသမားများထဲမှ ထွန်းတောက်လာသည့် ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး အသင်းနှင့် ပြိုင်ပွဲစုံ ၁၇၀ တွင် သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၃ ကြိမ်ပြုလုပ်နိုင်ခဲ့သောကြောင့် ၎င်းကို ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် အာဆင်နယ်၊ လီဗာပူး၊ မန်စီးတီး၊ ချဲလ်ဆီးအသင်းတို့ကလည်း ခေါ်ယူရန်စိတ်ဝင်စားခဲ့သည်။

သို့သော် ပဲလေ့စ်အသင်းက ပီနိုကို ခေါ်ယူရန် သဘောတူညီမှု ရယူနိုင်ခဲ့ပြီး ကစားသမားအနေဖြင့် အသင်းမှ ၂၀၁၆ ခုနှစ်က ခေါ်ယူခဲ့သည့် တိုက်စစ်မှူး ဘန်တီကီ နောက်ပိုင်းတွင် ဒုတိယမြောက် ပြောင်းရွှေ့ကြေး အများဆုံးဖြင့် ခေါ်ယူနိုင်သည့် ကစားသမားဖြစ် လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Marca**

**Trs : ML**



## အယ်မာတီအသင်းကို ရှုံးနိမ့်ခဲ့သည့် ဆဲလ်တစ်အသင်း ချန်ပီယံလိဂ်ကစားခွင့်နှင့် လွဲချော်



လန်ဒန် ဩဂုတ် ၂၇

ချန်ပီယံလိဂ် ခြေစစ်ပွဲ နောက်ဆုံးအဆင့်တွင် ကာဇက်စတန်ကလပ် အယ်မာတီအသင်းနှင့် ဆဲလ်တစ်အသင်းသို့ တွေ့ဆုံခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် တူညီနေမှုကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရာတွင် ဆဲလ်တစ်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်နှင့် လွဲချော်ခဲ့သည်။

အဆိုပါပြိုင်ပွဲ ပထမအကျော့တွင် ဆဲလ်တစ်အသင်းသည် အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း အယ်မာတီအသင်း၏ ခံစစ်ကစားပုံ ကောင်းမွန်မှုကြောင့် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့တွင်လည်း ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုနှင့် အပိုင်အနိုင်အရေး နှစ်ကြိမ် လွဲချော်ခဲ့သဖြင့် ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီး အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

အချိန်ပို ပွဲကစားချိန်တွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသဖြင့် ပင်နယ်တီအဆုံးအဖြတ် ရောက်ရှိခဲ့ပြီး ဆဲလ်တစ်အသင်းက စတင်ကန်သွင်းခွင့်ရခဲ့သော်လည်း ငါးကြိမ်တွင် နှစ်ကြိမ်သာ ဂိုးရခဲ့ကာ အယ်မာတီအသင်းက လေးကြိမ်တွင် သုံးကြိမ် ဂိုးရခဲ့သောကြောင့် သုံးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ဆဲလ်တစ်အသင်း အနေဖြင့် ဥရောပအဆင့် ၁၁၁ တွင် ရပ်တည်နေသည့် အယ်မာတီအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ယူရိုပါလိဂ် ပြိုင်ပွဲသို့ ဆင်းကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : ML**

## ကမ္ဘာ့ဖလား ခြေစစ်ပွဲကစားမည့် ဂျာမနီအသင်းတွင် ကိုင်ဟာဗက် ပါဝင်နိုင်မည်မဟုတ်ကြောင်း ဂျာမနီအသင်းပြောကြား

ဘာလင် ဩဂုတ် ၂၇

အာဆင်နယ်အသင်း တိုက်စစ်မှူး ကိုင်ဟာဗက်သည် ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ရရှိခဲ့သည့် ဒဏ်ရာကြောင့် လာမည့် စက်တင်ဘာလတွင် ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ စဉ်များတွင် ဂျာမနီအသင်းအတွက် ပါဝင် ကစားပေးနိုင်မည်မဟုတ်ကြောင်း ဂျာမနီအသင်း ဒါရိုက်တာ ရူဒီဗိုလာက ပြောကြားခဲ့သည်။

တိုက်စစ်မှူး ကိုင်ဟာဗက်သည် မန်ယူအသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် မိနစ် ၆၀ မှသာ လူစားဝင်၍ ပွဲချိန်ပြည့်ပါဝင်ကစား ခဲ့သော်လည်း ဒူးဒဏ်ရာရရှိခဲ့သဖြင့် ပြီးခဲ့သည့် စနေနေ့က ကစားခဲ့သည့် လိဒ်ယူနိုက်အသင်းနှင့် ပွဲစဉ်ကို လွဲချော်ခဲ့သည့်အပြင် လက်ရှိတွင် ဒဏ်ရာအခြေအနေမှာ သက်သာလာခြင်းမရှိသဖြင့် လာမည့် လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် ပါဝင်နိုင်မည် မဟုတ်သည့်အပြင် စက်တင်ဘာလတွင် ကစားမည့် ဂျာမနီအသင်းနှင့် ပွဲစဉ်များကို လည်း လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမနီအသင်း အားကစား ဒါရိုက်တာရူဒီဗိုလာက "ကိုင်ဟာဗက်ဟာ ဒူးဒဏ်ရာရရှိခဲ့တာကြောင့် ကြံ့ခိုင်မှုမပြည့်ဝသေးပါဘူး။ အာဆင်နယ်အသင်းအနေနဲ့ လာမဲ့ရက်ပိုင်းမှာ လိုအပ်တဲ့ စစ်ဆေးမှုတွေ ထပ်မံပြုလုပ်မှာ ဖြစ်ပေမဲ့ ဂျာမနီအသင်းအတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲကို ပါဝင် ကစားနိုင်မှာမဟုတ်ပါဘူး။ စစ်ဆေး မှုရလဒ်ထွက်လာရင်တော့ ခွဲစိတ် မှုပြုလုပ်ရမယ် ဒါမှမဟုတ် အချိန် ဘယ်လောက် အနားယူရမလဲ ဆိုတာ သိရမှာပါ"ဟု ပြောကြားခဲ့သည်။

ဂျာမနီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့် တွင် လူဇင်ဘတ်အသင်း၊ မြောက် အိုင်ယာလန်အသင်း၊ ဆလိုဗက် ကီးယားအသင်းတို့နှင့် ကျရောက် နေပြီး လာမည့် စက်တင်ဘာ ၅ ရက်တွင် အုပ်စုအဖွင့်ပွဲစဉ်ကို ဆလိုဗက်ကီးယား အသင်းနှင့် လည်းကောင်း၊ စက်တင်ဘာ ၈ရက် တွင် မြောက်အိုင်ယာလန်အသင်း နှင့်လည်းကောင်း ကစားရမည် ဖြစ်သည်။

**Ref : The Guardian**

**Trs : ML**

## မန်စီးတီးအသင်းက အတ္တလန်တာအသင်းမှ လွတ်မန်းကို ခေါ်ယူမည့်အစီအစဉ် ရပ်ဆိုင်း

မန်ချက်စတာ ဩဂုတ် ၂၇

မန်စီးတီးအသင်းက လက်ရှိ အပြောင်းအရွှေ့ ကာလတွင် အတ္တလန်တာအသင်းမှ ရောင်းချရန်ဆုံးဖြတ်ထားသည့် လွတ်မန်း ကိုခေါ်ယူရန် ကြိုးပမ်းနေသည့် အစီအစဉ်ကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် အသင်းမှ တောင်ပံကစားသမား ဂရီလစ်ကို ရောင်းချရန်အတွက် ဆုံးဖြတ် ခဲ့ပြီးနောက် လွတ်မန်းကို ခေါ်ယူရန်အတွက် ကြိုးပမ်းလာခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအသင်းက လက်ရှိ အပြောင်းအရွှေ့ကာလတွင် လိုအပ် ချက်များရှိနေသည့် အသင်း တိုက်စစ်ပိုင်းအတွက် တိုက်စစ် ကစားသမားတစ်ဦး ခေါ်ယူရန် ကြိုးပမ်းနေပြီး အသင်းမှ တိုက်စစ် ကစားသမား ဆာဗီယိုအနေဖြင့် လည်း အနာဂတ်မရေမရာဖြစ် နေသည့်အတွက် လွတ်မန်းနှင့် အစားထိုးလိုနေခြင်းဖြစ်သည်။

လွတ်မန်းသည် ပြီးခဲ့သည့် နှစ်ရာသီအတွင်း အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ ကာ ပြီးခဲ့သည့်နှစ်က အာဖရိက တစ်နှစ်တာအကောင်းဆုံး ကစား သမားဆုကို ဆွတ်ခူးနိုင်ခဲ့သော် လည်း အသင်းနှင့် ဆက်ဆံရေး မပြေလည်မှုများကြောင့် လက်ရှိ အပြောင်း အရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ကြိုးပမ်းနေ



သူဖြစ်ပြီး ပရီးမီးယားလိဂ်ထိပ်တန်း အသင်းများနှင့်အတူ မန်စီးတီး အသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း လက်ရှိ တွင် ခေါ်ယူမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ကြောင်းသိရသည်။


**Ref : Fotmob**

**Trs : STA**

## အားကစားသတင်းအတိုအထွာများ

- ဒေါ့မွန်အသင်းက ချဲလ်ဆီးအသင်း ခံစစ်ကစားသမား အန်ဆယ်မင်နိုကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူ၍ ကျောနံပါတ် ၂၈ ကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဒဏ်ရာရရှိနေသည့် ခံစစ်ကစားသမားဆူလီ၊ ရက်လိုတာဘက်နှင့် အယ်မရီကန်တို့ နေရာတွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက အဝေးကွင်းတတိယဝတ်စုံကို ဝတ်ဆင် ကစားခွင့်ပြုရန် လာလီဂါသို့တင်ပြထားသော်လည်း လာလီဂါ အဖွဲ့ချုပ်က အိမ်ရှင်အသင်းများနှင့် အရောင်တူညီမှုများကြောင့် ဆိုင်းငံ့ထားခဲ့ပြီး လက်ရှိတွင် တတိယဝတ်စုံကို လာမည့် ဗယ်လ်ကာနိုအသင်းနှင့် ပွဲစဉ်မှစတင်ကာ ဝတ်ဆင်ခွင့် ပြုလိုက်ကြောင်း သိရသည်။ ML

# Zurich Diamond League Finals 2025 ပြေးခုန်ပစ်ပြိုင်ပွဲ၌ ကမ္ဘာ့အကောင်းဆုံးစာရင်းဝင် ကစားသမားငါးဦး လွဲချော်ခဲ့ရ










**ဇူးရစ် ဩဂုတ် ၂၇**

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တွင် ယနေ့ စတင်ကျင်းပသည့် Zurich Diamond League Finals 2025 ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကစားသမားစာရင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာခဲ့ရာ ပြေးခုန်ပစ်လောက၏ အကောင်းဆုံးကစားသမားစာရင်းဝင်ကစားသမားငါးဦးထိ ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

Zurich Diamond League Finals 2025 ပြေးခုန်ပစ်ပြိုင်ပွဲသည် ပြေးခုန်ပစ်လောကအတွက် အရေးပါသည့် ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်သလို ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြေးခုန်ပစ် အားကစားအမြောက်အမြား ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီက သက်ဆိုင်ရာ အားကစားနည်းအမျိုးမျိုးတွင် ပါဝင်ယှဉ်ပြိုင်သွားကြမည့် ကစားသမားစာရင်းကို အတည်ပြု ထုတ်ပြန်ခဲ့ရာတွင် အမေရိကန်တာတို အပြေးမယ် မလီဆာ၊အမေရိကန်အဝေးခုန်မယ် တာရာဒါဗစ်၊ အမေရိကန်ပြေးခုန်ပစ်မယ်မာဆိုင်ရက်ဆဲလ်၊ဂျမေကာ တာတိုအပြေးမယ် ရှီရစ်ကာနှင့် ဂျမေကာ တာတိုအပြေးကစားသမားကီရှိန်းတို့ မပါဝင်ခဲ့ကြောင်း သိရသည်။

မလီဆာသည် ယခုနှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပရိသတ်များကြားရေပန်းစားလာသလိုအောင်မြင်မှုများဆက်တိုက်ရယူထားနိုင်သည့် အပြေးမယ်တစ်ဦးဖြစ်ပြီး နာမည်ကြီး အဝေးခုန်မယ် တာရာဒါဗစ်သည် Zurich Diamond League Finals 2025ပြေးခုန်ပစ်ပြိုင်ပွဲသည် ၎င်းအနှစ်သက်ဆုံးသော ပြေးခုန်ပစ်ပြိုင်ပွဲဖြစ်ကြောင်း ပြောကြားထားသော်လည်း ပြိုင်ပွဲဝင်စာရင်းတွင် ပါဝင်လာခြင်းမရှိသည်မှာ အမေရိကန်ပြေးခုန်ပစ်အားကစားအသိုင်းအဝိုင်းအတွက် အံ့အားသင့်စရာဖြစ်နေခဲ့သည်။

အိုလံပစ်ချန်ပီယံ မာဆိုင်ရက်ဆဲလ်သည် တိုကျိုမြို့တွင်ကျင်းပပြုလုပ်သွားမည့် World Championships ပြေးခုန်ပစ်ပြိုင်ပွဲအတွက် ပြင်ဆင်လို၍ Zurich Diamond League Finals 2025 ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်လာခြင်းမရှိကြောင်းလည်း သိရသည်။

မီတာ ၂၀၀ အပြေးပြိုင်ပွဲ၏ အကောင်းဆုံး အပြေးမယ်အဖြစ် သတ်မှတ်ခံထားရသူ ရှီရစ်ကာနှင့် ယခုနှစ်အတွင်း ကမ္ဘာ့အမြန်ဆုံးလူသားအဖြစ် သတ်မှတ်ခံထားရသူ ကီရှိန်းတို့ကလည်း တိုကျိုမြို့တွင် ကျင်းပပြုလုပ်သွားမည့် World Championships ပြေးခုန်ပစ်ပြိုင်ပွဲအတွက် ပြင်ဆင်လို၍ Zurich Diamond League Finals 2025ပြေးခုန်ပစ်ပြိုင်ပွဲတွင် မပါဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sky Sports**
**Trs : AZL**

# US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အီတလီကစားသမားဂျန်နစ်ခ်ဆင်နာ တက်ရောက်

**နယူးယောက် ဩဂုတ် ၂၇**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသည့် US Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ချက်တင်းနစ်ကစားသမား ကိုပရီဗာကိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၁ ၊ ၆-၁ ၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာသည် လက်ရှိချန်ပီယံ တစ်ဦးဖြစ်ပြီး ချန်ပီယံဆုအား ကာကွယ်နိုင်ရန်လည်းရေပန်းစားနေသည့် ကစားသမားဖြစ်သည်။

အဓိကဆုဖလား လေးလုံးထိ ဆွတ်ခူးထားသော ဂျန်နစ်ခ်ဆင်နာသည် ပထမအဆင့်ပွဲစဉ်ကို ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သလို လက်ရှိချန်ပီယံကိုကာကွယ်နိုင်စွမ်းရှိနေကြောင်းကိုလည်းပြသနိုင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ပထမအဆင့်ပွဲစဉ်တွင် အမှားမရှိအောင် ကစားပြရင်း US Open တင်းနစ်ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်လာကြောင်းကို ပြသနိုင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက “ကျွန်တော့်ရဲ့ ကျန်းမာရေး အခြေအနေကလဲ ကောင်းနေပါပြီ။ ကြံ့ခိုင်မှုလဲ အကောင်းဆုံးအနေအထားမှာရှိနေပါတယ်။အကောင်းဆုံးပုံစံရအောင်လဲ ပြင်ဆင်ထားပါတယ်။မနှစ်တုန်းက နယူးယောက်မှာ ကျွန်တော် အောင်ပွဲခံနိုင်ခဲ့တယ်။ လက်ရှိချန်ပီယံတစ်ဦးအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာကိုလဲ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီပြိုင်ပွဲအတွက် ကျွန်တော်အများကြီး ပြင်ဆင်ထားပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ချဲလ်ဆီးအသင်းက ဘာစီလိုနာအသင်းမှ လိုပက်ဇ်ကို ယူရို သန်း ၅၀ ဖြင့် စတင်ကမ်းလှမ်း

**လန်ဒန် ဩဂုတ် ၂၇**

ချဲလ်ဆီးအသင်းက ဘာစီလိုနာအသင်းမှ ရောင်းချရန် အရောင်းစာရင်းတင်ထားသည့် တိုက်စစ်ကစားသမားလိုပက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ ဖြင့် စတင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် အသင်းတိုက်စစ်ပိုင်းကို လက်ရှိအပြောင်းအရွှေ့ကာလတွင် အပြောင်းအလဲများစွာလုပ်ဆောင်နေပြီး ကစားသမားအချို့ရောင်းချထားသကဲ့သို့ နောက်ထပ် ကစားသမားများဖြစ်သည့် ဂျက်ဆင်နှင့် အန်ကူကူတို့ကိုလည်း ရောင်းချရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် အစောပိုင်းက မန်ယူအသင်းမှ ဂါနာချို၊ လိုက်ပ်ဇစ်အသင်းမှ ဆိုင်မွန်တို့ကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ကြန့်ကြာနေသည့်အတွက်လိုပက်ဇ်ကို ပြန်လည်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက အစောပိုင်းကတည်းက လိုပက်ဇ်ကို သင့်တော်သည့် ပြောင်းရွှေ့ကြေးရရှိမည်ဆိုပါက ရောင်းချရန် ဆုံးဖြတ်ထားပြီး လက်ရှိတွင် ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ဖြင့် စတင်ကမ်းလှမ်းခဲ့ပြီး ဘာစီလိုနာအသင်းကလည်း အဆိုပါပြောင်းရွှေ့ကြေးကို လက်ခံသွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# WBO ခရူဆာဝိတ်တန်းယာယီကမ္ဘာ့ချန်ပီယံအတွက် ဘီလမ်စမစ်ကို ရိုမန်ဖရက်စ်နှင့်ယှဉ်ပြိုင်ထိုးသတ်ရန် WBO အဖွဲ့ချုပ် ညွှန်ကြား

**ဆန်ဂျူအန် ဩဂုတ် ၂၇**

ပွာတိုရီကိုနိုင်ငံတွင် အခြေစိုက်သည့် WBO အဖွဲ့ချုပ်သည် WBO ခရူဆာဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံဆု ခါးပတ်အတွက် အင်္ဂလန်လက်ဝှေ့သမား ဘီလမ်စမစ်အား ဂျာမနီလက်ဝှေ့သမား ရိုမန်ဖရက်စ်နှင့် ထိုးသတ်သွားရန် ညွှန်ကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စိန်ခေါ်ပွဲအတွက် ဆွေးနွေးညှိနှိုင်းမှုအား ရက် ၂၀ သာ သတ်မှတ်ပေးထားပြီး သတ်မှတ်ကာလအတွင်း သဘောတူညီချက် လက်မှတ်ရေးထိုးထားသောစာချုပ်ကိုအဖွဲ့ချုပ်ထံသို့ ပေးပို့သွားရမည်ဖြစ်ကြောင်း သိရသည်။

ဘီလမ်စမစ်သည် WBO ခရူဆာဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် မက္ကဆီကိုလက်ဝှေ့သမားရာမီရက်ဇ်နှင့် ထိုးသတ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ဘီလမ်စမစ်က ဒိုင်အမှတ်ဖြင့်ရှုံးနိမ့်ကာ ကမ္ဘာ့ချန်ပီယံခါးပတ်အား ဆုံးရှုံးခဲ့ရသည်။

ရာမီရက်ဇ်သည် လက်ရှိချန်ပီယံတစ်ဦးဖြစ်သော်လည်း သတ်မှတ်ကာလအတွင်း လက်ရှိချန်ပီယံအား ကာကွယ်ထိုးသတ်နိုင်ခြင်းမရှိသည့်အတွက် WBO ခရူဆာဝိတ်တန်း၏ ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဘီလမ်စမစ်နှင့် ကမ္ဘာ့အဆင့်(၂) နေရာတွင်ရပ်တည်နေသည့် ရိုမန်ဖရက်စ်တို့အား ယာယီချန်ပီယံအတွက် ထိုးသတ်သွားရန် WBO က ညွှန်ကြားလာခဲ့ခြင်းဖြစ်သည်။





ဘီလမ်စမစ်က “ကျွန်တော်နဲ့ ကျွန်တော့် အသင်းသားတွေအားလုံးဟာ ကျွန်တော့်ရဲ့စိန်ခေါ်ပွဲအတွက်အကောင်းဆုံးကြိုးစားနေကြပါတယ်။ ကျွန်တော့်အနေနဲ့ ယာယီ ကမ္ဘာ့ချန်ပီယံအတွက် အကောင်းဆုံး ပြင်ဆင်သွားမှာဖြစ်သလို ဆွေးနွေးညှိနှိုင်းမှုကလဲ အဆင်ပြေပြေနဲ့ ပြီးဆုံးမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်ပိုင်ဆိုင်ခဲ့ဖူးတဲ့ ကျွန်တော့်ခါးပတ်ကိုပြန်ယူဖို့အတွက် မစောင့်နိုင်အောင်ဖြစ်နေပါတယ်။ ပြိုင်ဘက်ကောင်းတစ်ယောက်နဲ့ ထိပ်တိုက်တွေ့ဆုံသွားရမဲ့ အခြေအနေအတွက်လဲ စိတ်လှုပ်ရှားနေပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**
**Trs : AZL**

# နှစ်ပွဲဆက် ပွဲကစားခွင့်မရခဲ့သည့် ကိုဘီမိုင်နူး မန်ယူအသင်းမှ ထွက်ခွာရန်ကြိုးပမ်း

**မန်ချက်စတာ ဩဂုတ် ၂၇**

မန်ယူအသင်း လူငယ်ကွင်းလယ်ကစားသမားကိုဘီမိုင်နူးသည် ယခုနှစ်ဘောလုံးရာသီအစ နှစ်ပွဲဆက် ပါဝင်ကစားခွင့်မရရှိခဲ့သဖြင့် အသင်းမှ ထွက်ခွာရန်အတွက် ကြိုးပမ်းနေကြောင်း သိရသည်။

ကိုဘီမိုင်နူးသည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က နည်းပြဟောင်းတန်ဟတ်၏ ယုံကြည်မှုနှင့်အတူ ပွဲအများအပြား ပါဝင်ကစားခွင့်ရခဲ့သူဖြစ်သည်။

ကိုဘီမိုင်နူးသည် နည်းပြဟောင်းတန်ဟတ် လက်ထက်က အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အင်္ဂလန်အသင်း၌ ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း နည်းပြအာမိုရင်လက်အောက်တွင် ပါဝင်ကစားခွင့် နည်းပါးလာခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် နည်းပြ အာမိုရင်သည် အသင်းကွင်းလယ်ပိုင်းတွင် ဖာနန်ဒက်နှင့် ကက်စ်မဲရိုးတို့ကိုသာ အဓိကထားအသုံးပြုနေပြီး ကိုဘီမိုင်နူးအနေဖြင့် ဖာနန်ဒက်၊ ကက်စ်မဲရိုး၊ အူဂါတေးတို့နောက်မှသာ စတုတ္ထဦးစားပေး ကစားသမားအဖြစ် သတ်မှတ် ခံထားရသည့်အတွက် အသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းက ကိုဘီမိုင်နူးကို အစောပိုင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် ကြိုးပမ်းနေသော်လည်း ကိုဘီမိုင်နူးက လက်ရှိရရှိနေသည့် တစ်ပတ်လုပ်ခစတာလင်ပေါင် ၂၀၀၀၀မှ ၁၈၀၀၀၀ ထိအလိုရှိနေသည့်အတွက် အဆင်မပြေဖြစ်နေပြီး သင့်တော်သည့် ပြောင်းရွှေ့ကြေးရရှိပါက ရောင်းချသွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : The Athletic**
**Trs : STA**

# မန်းတက္ကသိုလ်မှာ စံချိန်တင်ကြာညောင်းခဲ့သည့် စာပွဲသဘင်

ဒေါက်တာမောင်သင်း




**ရာဇဝင်သမိုင်းစာအုပ်တွေမီးရှို့ပြာချပြီး ဆားလို လျက်တောင် ကျုပ်ပြောတဲ့အကျိုးအကြောင်းအရာ တွေကို ရာဇဝင်သမိုင်းစာစောင်တွေမှာရှာဖွေဖို့ အရသာခံဖို့ မရနိုင်ဘူး။**

**ရွှေပြည်ဦးဘတင်**

စံချိန်တင်ဟောပြောပွဲဟု ဘာဖြစ်လို့ပြောရ တာလဲဆိုရင် နှစ်ပတ်လည်ကျော်ကြာတဲ့ ဟောပြောပွဲဖြစ်လို့ပါ။ ဟောပြောသူကလဲ တစ်ဦးတည်း ပင်တိုင်ရှင်ဖြစ်နေပြန်သည်။ မြန်မာပြည်မှာလဲ စံချိန်တင်တဲ့ ပွဲပါဟုမြင်မိသည်။ မန္တလေးတက္ကသိုလ်မှာကျင်းပခဲ့သည့်ပွဲဖြစ်နေ၍ မန်းတက္ကသိုလ် နှစ်တစ်ရာမှတ်တမ်းအတွင်းမှာ ထူးခြားတဲ့ပွဲအဖြစ် မော်ကွန်းဝင်ခဲ့ပါပြီ။ ၁၉၅၉ ခုနှစ် မေ ၂၇ ရက်တွင် စတင်ခဲ့သည့် မန္တလေးမြို့တည်၊ နန်းတည်ရာပြည့်ပွဲ ကျင်းပသည့်အချိန်မှာ ရာပြည့်အကြောင်းဟောပြောရန်အတွက် လူပြန်တော်သမိုင်းမြန်မာစာနှင့် မြန်မာ့ယဉ်ကျေးမှုပညာရှိ ရွှေမန်းသား ဆရာကြီးရွှေပြည် ဦးဘတင်ကို ဖိတ်ကြားကာ မန္တလေးတက္ကသိုလ် အေဝမ်းခန်းမမှာ ဟောပြောခဲ့သည်။ အဆိုပါ စာပွဲသဘင်၏ ဟောပြောမှုတွင် ပါဝင်သည့် အကြောင်းအရာနှင့် အနှစ်သာရတို့သည်လည်း ယဉ်ကျေးမှုသမိုင်းနှင့် မြန်မာစာပေအတွက် အလွန်တန်ဖိုးကြီးမားလှပေသည်။ ဆရာကြီးသည် ရဟန်းပျိုဘဝကပင် အလွန်အဟောအပြောကောင်းသူအဖြစ် ကျော်ကြားသည်။ ရွှေပြည်ဓမ္မာရုံတွင် ဟောသဖြင့် ရွှေပြည်ကိုယ်တော်လေးဟု ထင်ရှားသူဖြစ်သည်။ မှတ်တမ်းတင်သူများက စာပွဲသဘင်ဟု မှတ်တမ်းတင်ခဲ့ကြ၏။

မန်းရာပြည့် ဟောပြောမှုပင်တိုင်ဆရာကြီး ရွှေပြည် ဦးဘတင်ကို မန္တလေးသားလူကြီးပိုင်းတွေ၊ ကဗျာစာပေသမားများနှင့် မန်းတက္ကသိုလ်က မြန်မာစာအသိုင်းအဝိုင်းကသာ သိကြတာများပေမဲ့ ယနေ့ခေတ် လူငယ်တော်တော်များများက သိကြလိမ့်မည်မထင်ပါ။ သို့သော် ဆရာကြီးသားကိုတော့ သိကြပါလိမ့်မည်၊ ဆရာကြီးသားထက် ဆရာကြီးရဲ့ မြေးကိုပိုသိကြပါလိမ့်မည်။ ဆရာကြီးရွှေပြည် ဦးဘတင်ရဲ့မြေးကတော့ နိုင်ငံကျော်အဆိုတော် မီမီဝင်းဖေပါ။ သူ့ရဲ့အဖေက ဒါရိုက်တာဦးဝင်းဖေပါ။ ဆရာကြီးရဲ့သား ဦးဝင်းဖေ ကိုဝင်းဖေ(ပန်းချီ)ဟုလည်း လူသိများ၏။ မန္တလေးတက္ကသိုလ်ထွက် ကျောင်းသားဟောင်းပါ။ စပ်မိလို့ပြောရရင် ယနေ့ မန္တလေးတက္ကသိုလ်ရဲ့ တရားဝင်တံဆိပ်(logo)က သူဆွဲခဲ့သူပါ။ ရွှေပြည်ဦးဘတင်၏ မိဘ၊ အဘိုး၊ အဘွားဘက်ကိုလိုက်ရှာမိသည်။ ရွှေပြည်ဦးဘတင်၏ အဘိုးက မန္တလေးမြို့ကို စတင်တည်ထောင်စဉ်က ပါဝင်သူ မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်ပါ။ လူအင်အား ၄၀၀ ကျော်ကို ကြီးကြပ်ပြီး ယနေ့ နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိ ရွှေနန်းတော်ကြီးကိုဦးစီးတည်ဆောက်ရာမှာ ပါဝင်ခဲ့သူပါ။ ဖခင်ဦးငွေဖူးက လွှတ်တော်ရုံးစာရေးကြီးဖြစ်သည်။ ဘိုးစဉ်ဘောင်ဆက် မန္တလေးမှာထင်ရှားခဲ့သူများ ဖြစ်နေပြန်သည်။

စာပွဲသဘင်ကို မြန်မာစာဌာနကဦးစီးပြီး ကျင်းပခဲ့တာပါ။ စာပွဲသဘင်ကိုစီစဉ်သူက မြန်မာစာဌာနကပါ။ ထိုစဉ်က ပါမောက္ခမှာဆရာကြီးဦးချမ်းမြ (ကလောင်အမည်မြကေတု)ဖြစ်ပြီး ဌာနတွင်ထင်ရှားသည့် ဆရာကြီးဦးဆန်းထွန်း(ဆန်းထွန်း-မန်းတက္ကသိုလ်)၊ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)တို့ တာဝန်ထမ်းနေဆဲပါ။ တစ်နှစ်ပတ်လုံးဟောပြောချက်တွေကို ထိုခေတ်က တိတ်ရီကော်ဒါတွေနဲ့ ဖမ်းထားတာအခွေပေါင်း ၃၀ ရှိပါတယ်။ ဒီဘက်ခေတ်ရောက်တော့ C-90 တိတ် တွေနဲ့ပြန်ကူးတာ ၄၆ ခွေရပါသည်။ ၂၀၀၁ ခုနှစ်မှာ မန္တလေးမှာ ရှေးဟောင်းမြန်မာစာပေရေးရာဌာန ဖွင့်လှစ်သည့် အခါမှာတော့ မြန်မာစာဌာနနှင့်အနုပညာအသင်းတို့ ပူးပေါင်းပြီး စီဒီဖြင့်ကူးရာ စီဒီနှစ်ချပ်စာရရှိခဲ့ပေသည်။

**စာပွဲသဘင်မှာဘာတွေဟောပြောခဲ့ပါသလဲ**

စာပွဲသဘင်တွင် သမိုင်း၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဆိုင်ရာ စုံလင်စွာပါသည်ဟုသာဖြေရပါတော့မည်။ စာရေးသူ စီဒီနှစ်ချပ်ကိုနားမထောင်ဖူးပါ။ ၂၀၀၇ ခုနှစ်တွင် စာရေးသူ ဒုတိယဌာနကြားရေးမှူးချုပ်တာဝန်ယူစဉ်က ရှေးဟောင်းမြန်မာစာပေရေးရာဌာနသည် မိမိစီမံအုပ်ချုပ်ရသည့်ဌာနတစ်ခုဖြစ်၍ ထိုစီဒီနှစ်ချပ်ကို စာအုပ်အဖြစ်အသွင်ပြောင်းရန်အကြံပြုခဲ့သည်။ သို့သော်မဖြစ်လာခဲ့ပေ။ ၂၀၀၈ ခုနှစ်တွင် မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ်တာဝန်ထမ်းဆောင်သောအခါ ကျွန်မာရေးချို့တဲ့ခဲ့ပြီး စာပေလိုက်စားသည့် ကိုဝင်းတင့်(စာကြည့်တိုက်မှူး)နှင့် စကားစပ်မိသောအခါ သူ့ဆီမှာ စီဒီတစ်ချပ်ရှိ၍ သူပြုစုနေကြောင်း သိရသည်။ ဝမ်းသာမိ၏။ ၂၀၁၀ ပြည့်နှစ် မတ်လမှာ စာအုပ်ထွက်၏။ ရွှေပြည်ဦးဘတင် စာပွဲသဘင်တဲ့။ ၎င်းစာအုပ်တွင်လည်း အကုန်မပါပေ။ ပထမရက်မှ သတ္တမရက်အထိသာပါ၏။ ပြုစုထားသည်များကို ခေါင်းစဉ်ခွဲလိုက်တော့ မန်းမြို့ရာပြည့်ပွဲဖြစ်၍ မန္တလေးမြို့တည်နှင့် မင်းအကြောင်း၊ မင်းညီမင်းသားအကြောင်း၊ အုပ်ချုပ်ရေးနှင့်ရှင်ဘုရင်လိုက်နာရန် အကြောင်းတွေ ပါဝင်သည်။ မင်းမှုထမ်းများဖြစ်သည့် ဆင်စစ်သည်၊ မြင်းစစ်သည်၊ အမှုထမ်းအစုအဖွဲ့ အကြောင်းတို့ဟောပြောထားသည်။ ထို့အတူ ဘာသာရေးဆိုင်ရာအမိန့်များ၊ မင်းအဆက်ဆက်သာသနာပိုင်များအကြောင်းနှင့် ဆင်ဖြူတော်အကြောင်းစသည်တို့ပါ၏။ မန်းရာပြည့်ပွဲဆိုသော်ငြားလည်း ဟောပြောပွဲကို မန္တလေးမြို့အကြောင်းဖြင့် နိဒါန်းမချီခဲ့ပေ။ မြန်မာ အသံထွက်ဖြင့်အစပျိုးခဲ့ပေသည်။ ပါဠိဆိုလျှင် စာအတိုင်းအသံထွက်၍ မြန်မာဆိုလျှင် စာအတိုင်းအသံမထွက်ရ ရေးတော့အမှန်၊ ဖတ်တော့အသံဆိုသည်ကို အထူးသတိပြုသင့်ကြောင်း အသံထွက်အမျိုးမျိုးကို ဥပမာပေးကာ ဟောပြောပြီးမှ မန္တလေးမြို့တည်နန်းတည်အကြောင်းကို စတင်ဟောပြောခဲ့သည်။

**အပတ်စဉ်တိုင်း တစ်နှစ်ကျော်ကျင်းပခဲ့သည့် စာပွဲသဘင်**

တကယ်တော့ မန္တလေးမြို့တည်နန်းတည်နှစ်တစ်ရာပြည့်ပွဲအတွက် ဆရာကြီးကို ပင့်ဖိတ်ဟောပြောခဲ့ခြင်းပါ။ တစ်ပတ်ကိုတစ်ရက်၊ အပတ်စဉ်မွန်းလွဲ ၂ နာရီမှ ၄ နာရီထိ ဟောပြောခဲ့တာ တစ်နှစ်ကျော်ကြာ၏။ စနေနေ့တိုင်း ရွှေပြည်ဦးဘတင်၏ဟောပြောပွဲရှိ၏။ စိတ်ပါဝင်စားသည့် ကျောင်းသား၊ ကျောင်းသူများ၊ ပြင်ပမှစာပေပညာရှင်များ တက်ရောက်လေ့လာနားထောင်သည်ကိုမှတ်မိနေသည်ဟု နန်းမှူးနန်းရာမြကေတုစာပေါင်းချုပ်စာအုပ်တွင် ဆရာကြီးမြကေတု၏သား ကိုမျိုးဦး(မောင်တိုင်ပင်)က မှတ်တမ်းပြုထားသည်။ စနေနေ့အပတ်စဉ်ဟောပြောပွဲပါ။ ပြင်ပမှလာရောက်သူ ဧည့်သည်တော်များအတွက် သီးသန့်နေရာစီစဉ်ပေးထားသည်။

ရွှေပြည်ဦးဘတင်၏ဟောပြောသံကို ဦးဝင်းတင့်(စာကြည့်တိုက်မှူး)ကဆက်လက်ကာ စာပေအဖြစ်မှတ်တမ်းမတင်နိုင်တော့သော်လည်း ၂၀၁၂ ခုနှစ်တွင် ဦးလှကောင်း(RMCG)က ရွှေပြည်ဦးဘတင်၏ စာပေယဉ်ကျေးမှုအနုပညာဆိုင်ရာ ဟောပြောချက်များ (ဒုတိယတွဲ)ဆိုပြီး စာအုပ်ထွက်လာ၍ ဝမ်းသာမိသည်။ ၎င်းစာအုပ်တွင် မနက်ညီလာခံ၊ ရှင်ဘုရင်ပွဲတော်တည်၊ ဗမာနာရီဗဟို၊ နေ့ညီလာခံ၊ အထောက်တော်၊ ၁၂လရာသီဗမာနာရီ၊ မြင်းခင်းသဘင်၊ နက္ခတ်နှင့်စိုက်ပျိုးရေး၊ နန်းတွင်းအမျိုးသမီးလောက၊ လွှတ်တော်၊ လွှတ်တော်အခမ်းအနား၊ ဖန်ချက်ဝန်၊ ဆည်းဆာ၊ ဘောလယ်၊ ပခန်းမင်းကြီးဖြုတ်တော်၊ ရွှေတိုက်တော်၊ အတွင်းဝန်မင်း၊ နန်းတွင်းနာရေး၊ တောင်ပြုံးပွဲ၊ မင်းညီနောင်နှင့်မယ်ဥ၊ လယ်ထွန်မင်္ဂလာနှင့်ညညီလာခံဟူ၍ပါရှိသဖြင့် မင်းနှင့်နန်းတော်တွင်းအဖြစ်အပျက် နန်းဓလေ့အပြင်၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာယဉ်ကျေးမှုစုံလင်လှသည်။ အဆိုပါဒုတိယတွဲသည် ဆရာကြီးရွှေပြည်ဦးဘတင်၏ နှစ်ပတ်လည်ဟောပြောပွဲအဆုံးသတ်မသတ်ကို ဖော်ပြမထားသဖြင့် ဆရာကြီးဦးလှကောင်းပြုစုသည့် ဒုတိယတွဲသည် အပြီးသတ်ဖြစ်ပါက အလွန်ပင်ပျော်ရွှင်မိ၏။

ဆောင်းပါးအစတွင် ဆရာကြီးဦးဘတင် ဟောကြားခဲ့သလို ရာဇဝင်သမိုင်းအစောင်စောင်မှာ ရှာဖွေဖို့၊ အရသာခံဖို့မရနိုင်ဘူး ဆိုသည့်အချက်ကို ဆရာကြီး၏ဟောပြောချက်ကို လေ့လာမိသမျှ သူ့ဘဝနှင့် ထိုခေတ်မြန်မာ့လူမှုဘဝသမိုင်းအခြေ မှီ မင်းမှုထမ်းပါ။ ဖခင်ထံမှလည်းကောင်း၊ မင်းမှုထမ်း၊ အစုအဝန်းများတွင်နေထိုင်သူများထံမှလည်းကောင်း လေ့လာ စုဆောင်းရသမျှ ကျမ်းစာများမှဖတ်၊ မှတ်ထားသမျှနှင့်ပေါင်းစပ်ကာ ပြန်ပြောပြခဲ့ခြင်းများရှိပါသဖြင့် ရာဇဝင်၊ သမိုင်းအစောင်စောင်မှာ ရှာလို့မရ အရသာခံလို့မရဟု ဆရာကြီးက မိန့်ဆိုခဲ့ဟန်တူသည်။ ဆရာကြီးဟောခဲ့ပြောခဲ့သမျှကိုလဲ မြန်မာစာပါမောက္ခဦးချမ်းမြက လေ့လာမှတ်သားကာသူ၏ နန်းမှူး နန်းရာမြကေတုစာပေါင်းချုပ်တွင် ဖော်ပြထားခဲ့သည်။

အချုပ်အားဖြင့် မန္တလေးတက္ကသိုလ်၏နှစ် ၁၀၀ သက်တမ်းအတွင်းတွင် စံချိန်တင် တစ်နှစ်ပတ်လည်ကျော်ကြာညောင်းခဲ့သည့် စာပွဲသဘင် တစ်ခုရှိခဲ့သည်။ ထိုပွဲကိုဟောပြောသူကလဲ တစ်ဦးတည်း ပင်တိုင်ရှင်ပါ။ ထင်ရှားသည့်သမိုင်း မြန်မာစာပေနှင့် အနုပညာရှင်ပါ။ ပညာရေးကောလိပ် ကထိက၊ ပန်တျာကျောင်းအုပ်ကြီးပါ။ စာပေရေးသားမှုထက် အဟောအပြောကောင်းသူပါ။ ဟောပြောမှု အများစုသည် ပျောက်ကွယ်သွားလေ့ရှိသည်။ ပေထက်အက္ခရာတင်မှု အလွန်နည်းခဲ့သည်။ သို့သော် ယခု ဆရာကြီးရွှေပြည်ဦးဘတင် ဟောခဲ့သည့်စာပွဲသဘင်၏ အနှစ်သာရတန်ဖိုးကို သိရှိမြတ်နိုးသဖြင့်စာပွဲသဘင်ကိုတိတ်ခွေဖြင့် မှတ်တမ်းတင်ထားနိုင်ခဲ့ကြသည်။ ထိုသို့ စွမ်းဆောင်ခဲ့ကြသည့်မြန်မာစာဌာန၊ ဆရာကြီးဦးချမ်းမြနှင့်အဖွဲ့က တိတ်ခွေမှ စီဒီခွေပြီး လျှင် E.book အဖြစ်ကြိုးပမ်းကြသူများ၊ ထိုမှတစ်ဆင့် ပုံနှိပ်စာအုပ်အဖြစ်ကြိုးပမ်းခဲ့ကြသည့် မန်းတက္ကသိုလ် ကျောင်းသားဟောင်း မိတ္ထီလာတက္ကသိုလ်စာကြည့်တိုက်မှူး ကိုဝင်းတင့်(ဘူမိဗေဒ)နှင့် ဦးလှကောင်း

**❖ ၁၉၅၉ ခုနှစ် မေ ၂၇ ရက်တွင်စတင်ခဲ့သည့် မန္တလေးမြို့တည်၊ နန်းတည်ရာပြည့်ပွဲ ကျင်းပသည့်အချိန်မှာ ရာပြည့်အကြောင်း ဟောပြောရန်အတွက် လူပြန်တော်သမိုင်းမြန်မာစာနှင့် မြန်မာ့ ယဉ်ကျေးမှုပညာရှိ ရွှေမန်းသားဆရာကြီးရွှေပြည်ဦးဘတင်ကို ဖိတ်ကြားကာ မန္တလေးတက္ကသိုလ်အေဝမ်းခန်းမမှာ ဟောပြောခဲ့ သည်။ အဆိုပါစာပွဲသဘင်၏ဟောပြောမှုတွင် ပါဝင်သည့် အကြောင်း အရာနှင့် အနှစ်သာရတို့သည်လည်း ယဉ်ကျေးမှုသမိုင်းနှင့် မြန်မာ စာပေအတွက် အလွန်တန်ဖိုးကြီးမားလှပေသည်။ ❖**

အနေများဖြစ်သည်။ ဆရာကြီးသည် ၁၈၉၆ ခုနှစ် ဖွားဖြစ်သည်။ ပါတော်မူပြီးစ ဆယ်စုနှစ်အတွင်း မန္တလေးမြို့တွင် မွေးဖွားလာသူဖြစ်သည်။ မန္တလေးမြို့သည် ယခုကဲ့သို့ လူပေါင်းစုံနေသည့် ရပ်ကွက်မဟုတ်သေးပါ။ ရှင်ဘုရင်က မင်းခစားများကို သူ့အစုနှင့်သူနေကြစေသည်။ ဆရာကြီး၏ပတ်ဝန်းကျင်တွင် နန်းတော်အတွင်းဝင်ရောက်ခစားသူ မင်းမှုထမ်းများသည် သူ့အစု၊ သူ့အဝန်းဖြင့် မန္တလေးမြို့တွင် နေကြသူ အများအပြား သက်ရှိထင်ရှားရှိနေဆဲပါ။ ဥပမာ ရွှေပြည်ရပ်ဆိုတာ ရွှေပြည်မြင်းတပ်သားများ နေတဲ့အရပ်ပါ။ ထိုပုဂ္ဂိုလ်များ၏ မြင်တွေ့လုပ်ကိုင်၊ ကြားသိခဲ့ရသည့် နန်းဓလေ့၊ နန်းမှုနန်းရာများကို မေးမြန်း လေ့လာရသမျှကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ဆရာကြီးရဲ့မျိုးရိုးက မင်းမှုထမ်းမျိုးရိုးပါ။ အဘိုးက မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်ပါ။ မင်းကြီးရဲ့သားက ဦးငွေဖူးပါ။ ဆရာကြီးရဲ့ဖခင်ဦးငွေဖူးက လွှတ်တော်ရုံးစာရေးကြီး

(RMCG)တို့ကို ကျေးဇူးတင်မိသည်။ တက္ကသိုလ်ဆိုတာ ယခုလို စာပေ၊ အနုပညာ၊ ဟောပြောပွဲတွေဖြင့် သင်တန်းနှစ်တစ်ပတ်လုံး ပြည့်နှက်နေရမည်ဆိုတာကို သင်ကြားပြသပေးခဲ့ကြသည့် ရှေးက မန်းတက္ကသိုလ်ဆရာကြီးများ၏ ကောင်းမြတ်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရန်လိုပေသည်။ အနည်းဆုံးမန်းတက္ကသိုလ် နှစ်တစ်ရာပြည့် သဘင်ကျင်းပမည့် ကာလအတွင်း အပတ်စဉ် မန်းတက္ကသိုလ်နှင့်ပတ်သက်သည့် အားကျဖွယ်ရာ၊ လွမ်းမောဖွယ်ရာ၊ အတုယူဖွယ်ရာသမိုင်းကြောင်း၊ အနုပညာအကြောင်း၊ စာအကြောင်း၊ ပေအကြောင်း တို့ကိုဟောပြောပွဲကျင်းပ၍ မန်းတက္ကသိုလ်မျိုးဆက်သစ်ကျောင်းသားများကို ဦးနှောက်ဉာဏ်အလင်းပွင့်သည့် ကောင်းမွေဆက်ခံသူများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် မန်းတက္ကသိုလ်ရာစုသစ် စာပွဲသဘင်ဖြင့် ဆက်လက်လေ့ကျင့်ပေးသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# ညမင်္ဂလာ ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲအခမ်းအနား ကျင်းပ




ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ဩဂုတ် ၂၉ ရက်နေ့တွင် ရုံတင်ပြသမည့် ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ထားသော ညမင်္ဂလာ ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲအခမ်းအနားကို ဩဂုတ် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ညမင်္ဂလာ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ရတနာဗိုထံမှ သိရသည်။

အဆိုပါ ညမင်္ဂလာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာအဖြစ် ဒီဒီထက်အောင်ကပင် ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသော သည်းထိတ်ရင်ဖို အချစ်ဇာတ်လမ်းအမျိုးအစား ရုပ်ရှင်ဇာတ်ကားလည်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကို ရိုက်ခဲ့ချိန်မှာ အမှတ်တရတွေကတော့ အများကြီးပါပဲ။ ဒီဇာတ်ကားရိုက်ဖို့ ကမ်းလှမ်းချိန်မှာ ဗိုအရမ်းပျော်တယ်။ အမှတ်တရတွေကတော့ အများကြီးပါပဲ။ ကိုယ့်စီနီယာ ကိုနေတိုးရယ်၊ ရွှေရွှေနဲ့ရိုက်ရတဲ့အပြင် ဒီဇာတ်ကားမှာပါဝင်တဲ့ သူတိုင်းမှာ လုပ်ကွက်လေးတွေ တော်တော်လေးကို ရကြပါတယ်။ ထိတ်လန့် ခြောက်ခြားတာကိုမှ မတူညီတဲ့ရသနဲ့ ပရိသတ်တွေ ကြည့်ရမှာပါ"ဟု သရုပ်ဆောင် ရတနာဗိုက ပြောပြသည်။

ညမင်္ဂလာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ဝေလု၊ ဆင်မ၊ စိုးမြတ်သူဇာ၊ ရွှေသမီး၊ ရတနာဗို၊ ယမုံမြင့်မြတ်၊ မိုခမ်းနှင့်အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ရုပ်ရှင်လောကသားများ၏သားသမီးများအတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂ ရက်တွင် ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ထားသည့် သားသမီးများအတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။


ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက်ပညာသင်ပံ့ပိုးကြေးပေးအပ်စဉ်။

ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်မြင်ထားသည့် ရုပ်ရှင်လောကသားများ၏ သားသမီးများအတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲသည် အကြိမ် ၂၀ မြောက်ချီးမြှင့်ပေးမည့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပေးပွဲဖြစ်ပြီး ၎င်းဆုချီးမြှင့်ပွဲတွင် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်း ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်ကတော့ ကျွန်တော်တို့ ဟိုယခင်ကတည်းက ရှိခဲ့တဲ့ အစဉ်အလာဖြစ်ပါတယ်။ ဒီနှစ်မှာလဲ တက္ကသိုလ်ဝင်တန်းအောင်မြင်ကြတဲ့ ရုပ်ရှင်လောကသားတွေရဲ့ သားသမီးတွေကိုလာမဲ့ စက်တင်ဘာ ၂ ရက်မှာ ဂုဏ်ပြုဆုတွေ ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားတဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ မိဘတွေအနေနဲ့ ဩဂုတ် ၂၉ ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းကြဖို့ ဖိတ်ခေါ်ထားပါတယ်" ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး အလင်္ကာကျော်စွာ ချစ်စံဝင်း လူကြီးရောဂါဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ နေအိမ်တွင်ကွယ်လွန်

ရန်ကုန် ဩဂုတ် ၂၇

အမျိုးသားစာပေ တစ်သက်တာဆုရှင် စာရေးဆရာကြီး အလင်္ကာကျော်စွာ ချစ်စံဝင်းသည် လူကြီးရောဂါဖြင့် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ နေအိမ်တွင် ဩဂုတ် ၂၆ ရက် နံနက် ၂ နာရီ မိနစ် ၃၀ ခန့်တွင် ကွယ်လွန်သွားခဲ့ကြောင်း ဆရာကြီးချစ်စံဝင်း၏ ညီဖြစ်သူ ဦးအေးလွင်က အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၈၆ နှစ် ရှိပြီဖြစ်သည့် ဆရာကြီး ချစ်စံဝင်းသည် ၂၀၂၂ ခုနှစ် အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ ၂၀၂၃ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ တို့ကို ရရှိထားသူဖြစ်ပြီး ဆရာကြီးချစ်စံဝင်း အမည်၏ အရင်းမှာ ဦးချစ်စံဖြစ်သည်။ ဆောင်းပါးများ၊ စာအုပ်များ၊ စာတမ်းများနှင့် ရုပ်ရှင်ဇာတ်ညွှန်းများစွာကို ရေးသားခဲ့ကြောင်း သိရသည်။

"ဟုတ်ပါတယ်။ ဩဂုတ် ၂၆ ရက်ကိုအကူး နံနက် ၂ နာရီ မိနစ် ၃၀ ဝန်းကျင်လောက်က ကွယ်လွန်သွားတာပါ" ဟု ညီဖြစ်သူ ဦးအေးလွင်က အတည်ပြုပြောကြားခဲ့သည်။

ဆရာကြီး ချစ်စံဝင်းသည် ဆောင်းပါးပေါင်း ၉၀၀၀ ခန့်၊ စာအုပ်ပေါင်း ၂၁၀၊ စာတမ်း ၂၀၊ ရုပ်ရှင်ဇာတ်ညွှန်း ၅ ပုဒ်ကို ရေးသားခဲ့ပြီး သမိုင်းမှတ်တမ်းဆိုင်ရာ စာအုပ်များဖြစ်သော ဗိဿနိုး သို့မဟုတ် ပျူတို့၏ပန်ထွာမြို့တော်၊ ပျူ၊ ဟန်လင်း ခေါ် ဟံသာနာဂရ ပျူမြို့တော်၊ မြန်မာမြို့ဟောင်း တကောင်းရုပ်ပုံလွှာ၊ မြန်မာအစ အထောက်အထား လေ့လာချက် စာတမ်း၊ အမေနှင့်အမေ့အကြောင်း၊ အမေ့ရင်သွေးစသည့် စာအုပ်များ ရေးသားခဲ့သည်။ အမျိုးသားစာပေဆုကို ဤခရီးနီးသလား (၁၉၈၆) နှင့် ဆန်ဖွပ်သည့်အဖိုးအို (၁၉၉၀) စာအုပ်များဖြင့် နှစ်ကြိမ်ရရှိခဲ့သည်။ ထို့ပြင် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ သုတစွယ်စုံစာပေဆု၊ ထွန်း ဖောင်ဒေးရှင်းစာပေဆုနှင့် နိုင်ငံတကာဆုများဖြစ်သော International Trophy for Quality (၁၉၉၈) နှင့် Golden America Award for Quality (၁၉၉၉) တို့ကိုလည်း ရရှိခဲ့ကြောင်း သိရသည်။

ASH

# The Last Sunrise ဇာတ်ကား၌ အန်ဒရီဗီလန်ကိုဆိုနှင့် ကလိုးဆိုလပ်တို့ပါဝင်မည်

နယူးယောက် ဩဂုတ် ၂၇

Amazon MGM စတူဒီယို၏ The Last Sunrise ဇာတ်ကားတွင် မင်းသား အန်ဒရီဗီလန်ကိုဆိုနှင့် ကလိုးဆိုလပ်တို့ပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

The Last Sunrise ဇာတ်ကားတွင် အင်ဒရီဗီလန်ကိုဆိုနှင့် ကလိုးဆိုလပ်တို့သည် မင်းသမီး အီဗာလွန်ဂိုရီးယား၊ မိုင်အာရီဗီကို၊ မင်းသား ဖာနန်ဒိုလင်ဒက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Last Sunrise ဇာတ်ကားသည် စာရေးဆရာမ ယာနာတော့၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဒရာမာ ဇာတ်ကားဖြစ်သည်။

The Last Sunrise ဇာတ်ကားကို ဒါရိုက်တာ ကာလ်ဆင်ယန်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်းသိရသည်။

The Last Sunrise ဇာတ်ကားကို စပိန်နိုင်ငံ မာယော့ကာ ကျွန်း၌ ဇာတ်အိမ်တည် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ၎င်းဇာတ်ကားရိုက်ကူးမည့် နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# အားကစားလောကနောက်ခံ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား အင်ဒီဒက်ရိုချီပါဝင်မည်

နယူးယောက် ဩဂုတ် ၂၇

Apple Original ကုမ္ပဏီ၏ ဟာသ ဒရာမာ ရုပ်ရှင်ဇာတ်ကားသစ်၌ တက်သစ်စ မင်းသား အင်ဒီဒက်ရိုချီပါဝင်မည် ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက် သတင်းများအရ သိရသည်။

တရားဝင် ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါဇာတ်ကားသစ်၌ မင်းသား အင်ဒီဒက်ရိုချီသည် မင်းသား မာ့ဝေးဘာ့၊ မင်းသမီး ဗီရာဖာမီဂါတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


အဆိုပါ ဟာသဒရာမာဇာတ်ကားသည် Weekend Rebels အမည်ရှိ အားကစားလောက နောက်ခံ ဂျာမနီဟာသဇာတ်ကားကို ပြန်လည်ဆန်းသစ် ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ထိုဇာတ်ကားသစ်ကို ဒါရိုက်တာ စတီဗင် ဘော့စကီးက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ စတီဗင် ဘော့စကီးက တာဝန်ယူ ရေးသားပေးမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ၎င်းဇာတ်ကားရိုက်ကူးမည့် အချိန်နှင့် ရုံတင်ပြသမည့် အချိန်တို့ကို Apple Original ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Kyaukmyaung Sub-Township completes cultivation of maize and sweet corn as monsoon crops



A sweet corn plantation in Kyaukmyaung Sub-Township.

**Kyaukmyaung August 27**

Local farmers planted 6,758 acres of maize and sweet corns as monsoon crops in Kyaukmyaung Sub-Township this year, according to the Sub-Township agricultural data.

In the 2025–2026 monsoon cropping season, Kyaukmyaung Sub-Township has planned to cultivate 3,579 acres of maize and 3,653 acres of sweet corn, totaling 7,232 acres. Planting began in June this year, and as of today, 3,103 acres of maize and 3,655 acres of sweet corn — a total of 6,758 acres — have been cultivated, according to reports.

"This monsoon season, we have planned to plant over 7,000 acres of maize and sweet corn in Kyaukmyaung Sub-Township. So far, over 6,000 acres have been cultivated. We are working to ensure the target acreage is fully planted. To ensure successful cultivation, we are providing farmers with awareness programmes and guidance to prevent pest and disease outbreaks," said Daw Khin Win, Head of the Kyaukmyaung Sub-Township Agriculture Department.

This year, the Sub-Township Agriculture Department is providing maize and sweet corn farmers with training, field demonstrations, and preventive measures against the corn borer, as well as guidance on integrated pest management, including the use of Dimethoate insecticide and ginger-chilli pest control methods.

It is reported that in Kyaukmyaung Sub-Township, seed maize yields over 50 baskets per acre with a production cost of about K500,000 per acre, while sweet corn yields about 15,000 ears per acre with production costs exceeding K500,000 per acres. 206

# Farmers plant more than 2,900 acres of maize and sweet corns in Mingin Township

**Mingin August 27**

According to Mingin Township Agriculture Department, local farmers have planted more than 2,900 acres of maize and sweet corns as monsoon crops in Mingin Township of Sagaing Region this year.

Local authorities earmarked cultivation of 529 acres of maize and 3,301 acres of sweet corns in Mingin Township this monsoon. But, farmers have planted 375 acres of maize and 2,547 acres of sweet corns, totalling 2,922 acres against the target cultivation.

"This year, during the monsoon crop season, Mingin Township plans to cultivate over 3,300 acres of maize and sweet corn. As of today, more than 2,900 acres have been planted. Efforts are being made to meet the planned acreage. To ensure successful maize cultivation, we are providing awareness training and guidance to prevent pest and disease outbreaks," said Daw Hayman Kyaw Win, Head of the Mingin Township Agriculture Department.

It is reported that this year in Mingin Township, the Township Agriculture Department is providing training courses for maize and sweet corn farmers, holding field demonstrations, implementing preventive measures against fall armyworm, promoting integrated pest management systems, and educating farmers on the use of pesticides for controlling maize stem borer, aphids, and other pests.

In Mingin Township, maize grown for seed production yields more than 50 baskets per acre, with production costs of about K500,000 per acre. Sweet corn yields around 15,000 cobs per acre, with production costs exceeding K500,000 per acre.

206

# Homalin Township grows more than 12,000 acres of rainfed paddy this year

**Homalin August 27**

According to the Homalin Township Agriculture Department, local farmers have planted more than 12,000 acres of rainfed paddy in the township of Sagaing Region.

In the 2025-2026 monsoon cropping season, Homalin Township has planned to cultivate 64,290 acres of rainfed paddy. Planting began in June this year, and as of today, 12,028 acres have been cultivated, according to reports.

"This year, we have planned to plant over 64,000 acres of rainfed paddy in Homalin Township. So far, over 12,000 acres have been cultivated. We are working to ensure the planned acreage is fully planted. The necessary techniques and quality seeds will be provided for paddy cultivation. We are also making field visits to help farmers plant monsoon paddy on time," said Daw Su Su Htwe, Head of the Homalin Township Agriculture Department.

It is reported that during this year's monsoon cropping season, the Township Agriculture Department and local farmers are working together to ensure systematic cultivation of rainfed paddy without any difficulties.

In Homalin Township, farmers growing rainfed paddy are being provided with agricultural techniques, pest prevention awareness, guidance to prevent crop loss, and instructions to ensure harvested paddy is stored under cover in a timely manner.

To ensure the success and good yields of this year's rainfed paddy fields in Homalin Township, township agriculture staff are conducting field visits to provide guidance on selecting quality pure seeds, pest monitoring, weeding, removing off-type plants, and proper application of chemical fertilizers. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 30,000 acres of rainfed paddy planted in Tamu District

**Tamu August 27**

Data of Tamu District Agriculture Department showed that local farmers planted 31,204 acres of rainfed paddy in Tamu District of Sagaing Region.

In the 2025–2026 monsoon cropping season, Tamu District has planned to cultivate 49,500 acres of rainfed paddy. Planting began in June this year, and as of today, 1,121 acres have been cultivated in Myothit Township, 9,633 acres in Tamu Township, and 20,450 acres in Khampat Township — a total of 31,204 acres, according to reports.

"This year, we have planned to plant over 40,000 acres of rainfed paddy in Tamu District. So far, over 30,000 acres have been cultivated. We are working to ensure the planned acreage is fully planted. The necessary techniques and quality seeds will be provided for paddy cultivation. We are also making field visits to help farmers plant monsoon paddy in time," said U Hla Myint, Head of the Tamu District Agriculture Department.

According to the township-wise plan for this year's monsoon season in Tamu District, 12,880 acres are targeted for Myothit Township, 15,580 acres for Tamu Township, and 21,040 acres for Khampat Township — totaling 49,500 acres.

It is reported that during this monsoon cropping season, the Township Agriculture Departments and local farmers are cooperating to ensure rainfed paddy is cultivated systematically without difficulties.

In Tamu District, farmers growing rainfed paddy are being provided with agricultural techniques, pest prevention awareness, guidance to prevent crop loss, and instructions to ensure harvested paddy is stored under shelter in a timely manner.

To ensure this year's rainfed paddy fields in Tamu District thrive and achieve good yields, township agriculture staff are conducting field visits to provide guidance on selecting quality pure seeds, pest monitoring, weeding, removing off-type plants, and proper application of chemical fertilizers. 206

# Demand of banana high in Hinthada Township


Photo shows bananas available at a market.

**Hinthada August 27**

Trading of banana in Hinthada Township of Ayeyawady Region is booming with high demand, said Daw Zar Zar, the owner of banana trading commodity in Hinthada Township.

In the Hinthada Township local market, demand for bananas has been strong since the first week of August this year, with steady sales continuing to date. Daily transactions range from 4,000 to 5,500 banana bunches. The best-selling varieties include Pheegyan, Yakhaing, Theehmway, Khunni, and Shwe Banana strains.

"Bananas from this area are in high demand from other townships. At present, sales have reached up to 55,000 bunches. The bananas currently selling well are of good quality — locally grown, chemical-free, clean, and fresh. With the growing demand for local bananas, farmers have more favorable opportunities," said Daw Zar Zar.

It is reported that this period in Hinthada Township coincides with the peak season for local produce, including bananas. The strong demand and brisk sales of locally grown bananas bring several benefits, such as the exclusive trading of local produce, reduced transportation costs, and the delivery of fresher goods to the market.

Kyaw Kyaw Lin

# Large volume of dried Mackerel fish sent to Yangon market in July

**Pyapon August 27**

Local entrepreneurs from Labutta Township of Ayeyawady Region sold a large volume of dried Mackerel fish to Yangon market in July, said Daw Myint Myint Win, the owner of dried fish trading depot in Labutta Township.

In June, Pyapon Township was able to sell up to 74,000 viss of dried mackerel to the Yangon market. In July, sales increased, reaching up to 78,000 viss within the month.

"We process locally caught dried mackerel in a systematic way and mainly transport and sell them to the Yangon market. Over the past month, we sold up to 78,000 viss. We supply them in response to strong demand from the Yangon market. The dried fish currently being sold are from the summer production, and domestic consumers are purchasing them actively," said Daw Myint Myint Win.

It is reported that in Pyapon Township, fishery product traders process fish paste and dried fish, including locally produced dried mackerel, for sale to the Yangon market. The current price for 10 viss of dried mackerel is up to K305,000.

Kyaw Kyaw Lin


Dried Mackerel fish.

# Yinmabin District grows more than 10,000 acres of vegetables this year

**Yinmabin August 27**

Statistics of Yinmabin District Agriculture Department stated that local farmers planted 10,696 acres of vegetables as monsoon crops in Yinmabin District of Sagaing Region.

In the 2025–2026 monsoon crop season, Yinmabin District has planned to cultivate 19,698 acres of vegetables. Planting began in May this year, and as of today, 10,696 acres have been completed.

"This year, Yinmabin District plans to grow over 19,000 acres of vegetables during the monsoon crop season. So far, more than 10,600 acres have been planted. Efforts are being made to meet the planned acreage. The crops include mustard, chilli, herbs, potato, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to cultivate all vegetables under the GAP system. They are also being trained to grow vegetables with minimal chemical residue, ensuring they are safe for consumption," said Daw Myat Moe Win, head of the Yinmabin District Agriculture Department.

In Yinmabin District, a total of 2,710 acres of vegetables were planted in Yinmabin Township, 5,430 acres in Kani Township, 1,214 acres in Salingyi Township, and 1,342 acres in Pale Township — totaling 10,696 acres.

The planned vegetable cultivation acreage for the 2025–2026 monsoon crop season by township is: 6,027 acres in Yinmabin Township, 6,550 acres in Kani Township, 5,567 acres in Salingyi Township, and 1,554 acres in Pale Township — totaling 19,698 acres.

It is reported that this year in Yinmabin District, the respective township agriculture departments are conducting technical training for farmers to grow vegetables under the GAP system, providing methods to ensure the produce is safe and healthy, and supporting farmers to expand vegetable cultivation.

Thanks to growing vegetables in the district, local farmers can earn increased income. Officials from the relevant Agriculture Department give training to local farmers to apply agricultural techniques, prevent pests, and use fertilizers and pests systematically. 206

# SpaceX's 10th Starship test flight meets all major objectives

**Los Angeles August 27**

SpaceX successfully launched the 10th flight test of its giant Starship rocket on Tuesday, taking a significant step forward in developing the world's first fully reusable launch vehicle.

The two-stage vehicle lifted off from SpaceX's Starbase facility in Texas at about 6:30 p.m. Central Time (2330 GMT) after two days of delays caused by weather and technical issues.

Shortly after liftoff, the Super Heavy booster performed a boostback burn for a controlled descent and splashed down in the Gulf of Mexico as planned.

Meanwhile, the Starship upper stage ignited its Raptor engines during hot-staging separation, completed an ascent burn, and entered a planned coast phase.

About 18 minutes into the flight, SpaceX demonstrated Starship's payload deployment capability for the first time, releasing a set of Starlink simulator satellites that followed the same suborbital trajectory and burned up upon reentry.

In space, Starship successfully reignited one of its Raptor engines, a key capability for future deorbit burns.

Starship then began its controlled reentry, using four flaps for control before executing a landing flip and a final burn for a soft splashdown in the Indian Ocean, just over an hour after launch.

Xinhua

# Venezuela accuses US of nuclear violation

**Caracas August 27**

Venezuela on Monday accused the US of violating a regional nuclear ban, and urged the United Nations to act after American warships and a naval submarine were deployed to the Caribbean.

The move comes after Washington last week sent three warships and 4,000 Marines toward Venezuela in what the White House described as part of a broader campaign against drug trafficking groups in Latin America. According to media reports, US President Donald Trump has since deployed two additional vessels: the guided-missile cruiser USS Erie and the nuclear-powered attack submarine USS Newport News, expected to arrive next week.

In response, Venezuela has deployed warships and drones to patrol its coastline.

Venezuelan Foreign Minister Yvan Gil Pinto said he has written to UN Secretary-General Antonio Guterres, urging him "to restore common sense" and denouncing what he called the placement of US troops and nuclear weapons in the Caribbean basin.


He said the deployments breached the Treaty of Tlatelolco, which prohibits nuclear arms in Latin America and the Caribbean. Gil dismissed Washington's justification that the buildup was aimed at combating narcotics, stressing that Venezuela is a "territory free of illicit crops."

RT


Ministry of Foreign Affairs of Venezuela.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက အသံထက်မြန်သောဒုံးကျည်တိုက်ခိုက်မှုများအတွက် စစ်ဘက်သုံးဆက်သွယ်ရေးကွန်ရက်တစ်ခုကို ထုတ်ဖော်ပြသ



တရုတ်နိုင်ငံသည် အသံထက်မြန်သော ဒုံးကျည်တိုက်ခိုက်မှုများအတွက် ပိုမိုမြန်ဆန်စွာ ညှိနှိုင်းဆောင်ရွက်နိုင်စေမည့်စစ်ဘက်သုံးဆက်သွယ်ရေးကွန်ရက် တစ်ခုကို ထုတ်ဖော်ပြသခဲ့ကြောင်း Interesting Engiennering သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကွန်ရက်တွင် လေယာဉ်များသည် Mach 5၊ ဒုံးကျည်များသည် Mach 11 အလျင်နှုန်းထိ ပျံသန်းနိုင်သည်။ အဆိုပါစနစ်သည် အချိန်များကို ငါးနာနိုစက္ကန့်အတွင်း တိကျစွာချိန်ညှိပေးနိုင်ပြီး NATO အဖွဲ့သုံး Link 16 ကွန်ရက်ထက် အဆ ၁၀၀ ပိုမိုမြင့်မားကောင်းမွန်ကြောင်း သိရသည်။ တရုတ်နိုင်ငံ အီလက်ထရွန်နစ်နည်းပညာအုပ်စုကော်ပိုရေးရှင်း(CETC)က တီထွင်ထုတ်လုပ်ခဲ့သည့် စစ်ဘက်သုံးဆက်သွယ်ရေးကွန်ရက်သည် အသံထက်မြန်သော ဟိုက်ပါဆောနစ်ယာဉ်များ၊ မြေပြင်အခြေစိုက် ကွပ်ကဲရေးဌာနချုပ်များ၊ ရေဒါစနစ်များ၊ ရေတပ်စစ်ရေယာဉ်အုပ်များနှင့် ဂြိုဟ်တုထောက်လှမ်းရေးစနစ်များကြား လုံခြုံစိတ်ချရပြီး အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများပြုလုပ် ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။

လျှပ်စီးလက်သကဲ့သို့ အမြန်နှုန်း၊ လမ်းကြောင်းပြောင်းလဲနေမှုနှင့် စစ်မြေပြင်တွင် အချိန်နှင့်တစ်ပြေးညီဆုံးဖြတ်ချက်ချမှတ်နိုင်ရန် လိုအပ်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ကြီးမားသောနည်းပညာအခက်အခဲများကို အဆိုပါစနစ်က ကျော်လွှားနိုင်ခဲ့သည်။ ဤသည်မှာ စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးနည်းပညာတွင် ထင်ရှားမှုတစ်ခုကို ကိုယ်စားပြုနေသည်။

တရုတ်နိုင်ငံ၏ စစ်ဘက်သုံးဒေတာလင့်ခ်သည် အသံထက်မြန်သောဒုံးကျည်တိုက်ခိုက်မှုများကို ဖြေရှင်းပေးနိုင်ခဲ့သည်။ လက်ရှိအသုံးပြုနေဆဲ စစ်ဘက်ကွန်ရက်များသည် အလျင်နှုန်းပုံမှန်စနစ်များအတွက် တည်ဆောက်ထားခြင်းဖြစ်ရာ အဆိုပါအခြေအနေများအောက်တွင် နာနိုစက္ကန့် ရာနှင့်ချီ၍ အချိန်လွဲချော်မှုများဖြစ်ပေါ်လာနိုင်သည်။ ယခုဒေတာလင့်ခ်သည် အသံထက်မြန်သော ဟိုက်ပါဆောနစ်ယာဉ်များကြားတွင် တိကျပြီးအချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်စေလိမ့်မည်ဖြစ်သည်။

CETC ကုမ္ပဏီ၏အနောက်တောင်ပိုင်း တရုတ်အီလက်ထရွန်နစ်နည်းပညာသိပ္ပံမှ သုတေသီချန်းကျွန်းဦးဆောင်သော စီမံကိန်းအဖွဲ့က အသံထက်မြန်သောပူးပေါင်းတိုက်ခိုက်ရေးစနစ်များအတွက် လက်နက်များ၊ ယာဉ်များ၊ ကွပ်ကဲမှုဌာနများစသည်ဖြင့် အချင်းချင်းကြားတွင် ၁၀ နာနိုစက္ကန့်ထက် ပို၍တိကျသော အချိန်ချိန်ညှိမှု လိုအပ်သည်ဟု မီးမောင်းထိုးပြခဲ့သည်။

ဤနည်းပညာကို ဈေးနှုန်းချိုသာပြီး အလွယ်တကူရရှိနိုင်သော ဟာ့ဒ်ဝဲများတွင်လည်း တပ်ဆင်အသုံးပြုနိုင်သောကြောင့် အကြီးစား အသံထက်မြန်သောဟိုက်ပါဆောနစ် စစ်ဆင်ရေးများအတွက် လက်တွေ့ကျကျ အသုံးတည့်လာနိုင်မည့် ဆက်သွယ်ရေးစနစ်တစ်ခု ဖြစ်ကြောင်း သိရသည်။

**China's military data link could offer faster coordination during hy–personic attacks** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်က ERAM ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည် အစင်း ၃၃၅၀ ကို ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းပေးရန်ခွင့်ပြု

အမေရိကန်နိုင်ငံသည် Extended Range Attack Munition(ERAM)ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည် အစင်း ၃၃၅၀ ကို ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းပေးရန်ခွင့်ပြုခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ERAM ပဲ့ထိန်းဒုံးကျည်သည် အနောက်နိုင်ငံထုတ် တိုက်လေယာဉ်များအတွက် တိုက်ခိုက်ရေးအကွာအဝေးပိုမိုတိုးမြှင့်ပေးရန် ရည်ရွယ်ပြီး တီထွင်ထုတ်လုပ်ထားသော ဝေဟင်မှပစ်လွှတ်နိုင်သည့်လက်နက်ဖြစ်သည်။ အဆိုပါဒုံးကျည်သည် ပစ်လွှတ်သည့်အမြင့်နှင့် ပစ်မှတ်ဆီဦးတည်သွားမည့် လမ်းကြောင်းပေါ်မူတည်ပြီး ကီလိုမီတာ ၂၄၀ မှ ကီလိုမီတာ ၄၅၀ ထိ တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပစ်မှတ်ကိုတိကျစွာတိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသော ERAM ဒုံးကျည်သည် ပြင်းထန်သော အီလက်ထရွန်နစ်စစ်ဆင်ရေးအခြေအနေများအောက်တွင်ပင် ရွေ့လျားပစ်မှတ်နှင့် ပုံသေပစ်မှတ်နှစ်မျိုးစလုံးကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။ ထို့ကြောင့် ယူကရိန်းအတွက် ယုံကြည်စိတ်ချရသော နက်ရှိုင်းစွာထိုးဖောက်တိုက်ခိုက်နိုင်မှုစွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်စေလိမ့်မည်ဖြစ်သည်။ ERAM သည် ပဲ့ထိန်းမဲ့လက်နက်များ သို့မဟုတ် တာတိုပစ် ဒုံးကျည်စနစ်များနှင့်မတူဘဲ တိုက်လေယာဉ်များကို လုံခြုံရေးတင်းကျပ်ပြီး အကာအကွယ်ပေးထားသောလေပိုင်နက်အတွင်း ဝင်ရောက်စရာမလိုဘဲ တိုက်ခိုက်မှုများလုပ်ဆောင်နိုင်တာကြောင့် လေယာဉ်နှင့် လေသူရဲတို့၏ ရှင်သန်ရပ်တည်နိုင်စွမ်း မြင့်မားကောင်းမွန်စေမည်ဖြစ်သည်။

နည်းပညာအရ ERAM ဒုံးကျည်သည် ကမ္ဘာလုံးဆိုင်ရာတည်နေရာပြစနစ်(GPS) နှင့် အင်နားရှယ်လမ်းညွှန်ထိန်းကျောင်းရေးစနစ်(Inertial navigation system) များပေါင်းစပ်တပ်ဆင်ထားပြီး ပစ်မှတ်အနီးရောက်ရှိချိန်တွင် တိကျမှုပိုမိုမြင့်မားစေရန်အတွက် အဆုံးသတ်ပိုင်း၌ အာရုံခံကိရိယာ တပ်ဆင်အသုံးပြုထားသည်။ ပေါက်ကွဲအားပြင်းထိပ်ဖူးတပ်ဆင်ထားခြင်းကြောင့် လက်နက်ခဲယမ်းသိုလှောင်ရုံများ၊ ခိုင်ခံ့အောင်ပြုလုပ်ထားသောကွပ်ကဲမှုဌာနချုပ်များ၊ ရေဒါစခန်းများကဲ့သို့ အခိုင်အမာပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။ လိုအပ်သလို ပုံစံပြောင်းလဲနိုင်အောင် ဒီဇိုင်းပြုလုပ်ထားသည့်အတွက် မစ်ရှင်အမျိုးမျိုးနှင့်ကိုက်ညီအောင် အထူးပြုလုပ်ထားသည့်ထိပ်ဖူးများ ထည့်သွင်းအသုံးပြုနိုင်ကြောင်း သိရသည်။

ဒုံးကျည်၏ အရွယ်အစားကျစ်လျစ်မှုသည် ယူကရိန်းကို အနောက်မဟာမိတ်များထံမှပေးပို့လာမည့် F–16 တိုက်လေယာဉ်အပါအဝင် တိုက်လေယာဉ်အမျိုးမျိုးတွင် တင်ဆောင်တိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။ တာဝေးပစ်ခတ်နိုင်မှု၊ တိကျမှုနှင့် ပြောင်းလွယ်ပြင်လွယ်ရှိမှုစသည့်အားသာချက်များ ပေါင်းစပ်ပါဝင်နေခြင်းကြောင့်





ERAM ဒုံးကျည်သည် ကြားဖြတ်တိုက်ခိုက်မှုများနှင့် မဟာဗျူဟာမြောက်စစ်ဆင်ရေးများအတွက် စွယ်စုံသုံးလက်နက်တစ်ခု ဖြစ်လာစေသည်။

မဟာဗျူဟာအရ ကြည့်မည်ဆိုလျှင် အမေရိကန်၏ ယူကရိန်းအပေါ် ERAM ဒုံးကျည်ရောင်းချမှုသည် စစ်မြေပြင်အခြေအနေနှင့်အညီ မည်သို့ပြောင်းလဲနေသည်ဆိုသည်ကို အလေးပေးဖော်ပြနေသည်။ ပဋိပက္ခ သုံးနှစ်ကျော်ကြာပြီးနောက် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစနစ်များ စစ်ဆင်ရေးနက်ရှိုင်းခြင်းကို တိုက်ရိုက်ပြောင်းလဲပေးနိုင်သော တိုက်စွမ်းရည်များပိုင်ဆိုင်လာသည်ထိ ပြောင်းလဲလာသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက စစ်ဆင်ရေးဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်ပြီး မှတ်ချက်ပေးရန် ငြင်းဆိုခဲ့သော်လည်း အမေရိကန်စစ်ဘက်အရာရှိများကမူ ERAM ဒုံးကျည်သည် ယူကရိန်းပဋိပက္ခတွင် အရေးပါဆုံးသော ပေးပို့မှုများထဲက တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံအတွက် ERAM ဒုံးကျည်များကို တာဝန်သိစွာ ပြတ်ပြတ်သားသားအသုံးပြုနိုင်ကြောင်း သက်သေပြသပြီး မဟာမိတ်နိုင်ငံများထံမှ ယုံကြည်မှုကို ပြန်လည်အားဖြည့်ရန်အပြင် အောင်မြင်မှုများ ဆက်တိုက်ရရှိနေသော ရုရှားတပ်ဖွဲ့များအပေါ် တန်ပြန်ဖိအားပေးနိုင်ရန် ကြိုးပမ်းသွားနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း သိရသည်။

**BREAKING NEWS: U.S. approves delivery of 3,350 ERAM air–launched guided missiles to Ukraine with 450 km range.** ကိုဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၄၃၃ ဧက စိုက်ပျိုးမည်


ယခုနှစ် မတ်ပဲစိုက်ခင်းကိုတွေ့ရစဉ်။

**ကလေး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၄၃၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၆၈၃ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၁၉၀၀၊ မင်းကင်းမြို့နယ်တွင် ဧက၂၈၅၀ စုစုပေါင်း ၅၄၃၃ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ မတ်ပဲ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှား ရောဂါ ကာကွယ်နည်းလမ်းတွေ ကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်သွားမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ပုတော ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကင်းမွန်ခြောက် ပိဿာချိန် ၅၂၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်ခြောက်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှုအား ကောင်းလာခြင်းကြောင့် တင်ပို့မှုကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

" ဒီဘက်ကနေ အခြားငါးခြောက်တွေအပြင် ကင်းမွန်ခြောက်တွေ တင်ပို့ရောင်းချမှုကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကင်းမွန်အစိမ်းတွေကို အရွယ်စုံအခြောက်ခံပြီး ဒီဘက်ကနေ ရန်ကုန်ဘက်ကို တင်ပို့ရောင်းချခဲ့တာပါ။ ကုန်တင်ပို့မှုကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေနဲ့ ကင်းမွန်ခြောက်အပါအဝင် ငါးခြောက်တွေကို ရန်ကုန်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်" ဟု ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ကင်းမွန်များကို ဝယ်ယူပြီး စနစ်တကျအခြောက်ခံကာ ကင်းမွန်ခြောက်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကင်းမွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ကော့ခါးဒီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဩဂုတ် ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ခါးဒီးကျေးရွာ၌ဆင့်မအကြိမ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒေါ်မေဦးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် VRFP စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကော့ခါးဒီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ VRFP စီမံကိန်း ဆင့်မအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို VRFP စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၁၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**






# ဝေါမြို့နယ် ကျွဲတဲစုကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းနေမှု စစ်ဆေး



**ဝေါ ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျွဲတဲစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျွဲတဲစုကျေးရွာ၌ အရှည် ၁၄၈၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့အတွက် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ် ကျွဲတဲစုကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သိန်း အသုံးပြု၍ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင် ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျွဲတဲစုကျေးရွာရှိ အိမ်ခြေ ၆၀ မှ လူဦးရေ ၃၁၁ ဦးတို့၏ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

**ချိုလေး**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေးကျင်းပ



ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်၊မန္တလေး)တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား/စီမံ)နှင့် မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်အပေါင်းတို့သည် လူဘုံတွင် ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးထဲ၌ ကံတစ်ခုတည်းနှင့် အကျိုးခံစားရသောဘုံ မဟုတ်သည့်အတွက်ကြောင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ကိစ္စများကို ဆောင်ရွက်ကြသည့်အခါတွင် ဉာဏ်နှင့်စဉ်းစားပြီး ကောင်းမြတ်သော လုံ့လဝီရိယဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း "ဝီရိယဝတောကိံနာမကမ္မံနသိဇ္ဈတိ" ဆိုသည့်အတိုင်း မပြီးမြောက်နိုင်သော၊ မအောင်မြင်နိုင်သော ကိစ္စမည်သည် အဘယ်မှာရှိလိမ့်မည်နည်း၊ ဧကန်မုချ ပြီးမြောက်အောင်မြင်မည် ဖြစ်ကြောင်း၊ ဝီရိယနှင့်တွဲဖက်၍ ဉာဏ်နှင့်ယှဉ်ပြီးလည်း စည်းလုံးညီညွတ်စွာဖြင့် ကျန်းမာချမ်းသာစွာ ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြု တိုက်တွန်းကြောင်း အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၅) ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များဗဟိုပညာရေးအဖွဲ့အစည်းအဝေး (၂/၂၀၂၅) တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဆရာတော်များနှင့် ပညာရှင် လူပုဂ္ဂိုလ်များက တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၂/၂၀၂၅) နှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက် ၁၁ ချက်နှင့် မှတ်တမ်းတင်ခြင်း တစ်ရပ်တို့ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က ဘုရားရှင်၏ သာသနာတော်နှင့်တွေ့ကြုံပြီး သဒ္ဓါတရား၊ စေတနာတရား စသောကောင်းမြတ်သည့်တရားတော်နှင့် ပြည့်စုံကြသောကြောင့် ဗုဒ္ဓဘာသာ၏တရားများကို သိရှိခွင့်၊ သင်ကြားခွင့်၊ ပြန်လည်ပို့ချခွင့်များ ရခဲ့ကြကြောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တိုးတက်စည်ပင်ပြီး ပညာရှင်ပညာတတ် ရဟန်းတော်များပေါ်ထွန်းလာအောင် ကြီးမားသောပညာသတိသမာဓိဖြင့် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး ပြည်ထောင်စုဝန်ကြီးက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ





နေပြည်တော် ဩဂုတ် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ အမြဲတမ်းအတွင်းဝန်၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတည်ဆောက်ရာ၌ အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မိမိနိုင်ငံ၏ အနာဂတ်အတွက် အရေးပါဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်း အမှားအမှန်၊ အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်မည့် "စစ်မှန်သည့်အင်အား"တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ "ပညာမြင့်မှ လူမျိုးတင့်မည်" ဆိုသည့်ဆောင်ပုဒ်မှာ မည်သည့်ခေတ်ကာလတွင်မဆို အမြဲမှန်ကန်နေမည်ဖြစ်ကြောင်း၊ "ပြည့်အင်အားသည်ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများဆောင်ရွက်သည့်အခါ ဝိဇ္ဇာနှင့် သိပ္ပံ နယ်ပယ်နှစ်ခုစလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်သဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလိုကြောင်း၊ ကျောင်းသားမိဘဝန်ထမ်းများအနေဖြင့် သားသမီးများကို ပညာအမွေလက်ဆင့်ကမ်းကာ မိမိတို့ထက်သာလွန်သော နိုင်ငံ့သားကောင်းရတနာများ ဖြစ်စေရေး ဆုံးမသွန်သင်ပေးရန်နှင့် ကောင်းမွေပေးရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ဖွဲ့၊ ဦးစီးဌာနများရှိ ဝန်ထမ်းများ၏ သားသမီးများထဲမှ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ တက်ရောက်နေကြသူများကိုယ်စား ကိုယ်စားလှယ် သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက ငါးဘာသာဂုဏ်ထူးရှင် ၁၁ ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက လေးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရှင်များကို ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအနက် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ တက်ရောက်နေကြသူ ၅၃ ဦးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊လေးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၉၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၅ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၄၁၁ ဦး၊ ရိုးရိုးအောင်မြင်သူ ၈၈၁ ဦးတို့ကို ပညာရည်ချွန်ဆုများနှင့် ပညာသင်စရိတ်များ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တပ်မတော်(ကြည်း၊ရေ၊လေ)မှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ ဖူးမြော်ကြည်ညိုပြီး စုပေါင်းဓာတ်ပုံရိုက်စဉ်။

ရှေ့ဖုံးမှအဆက်

အခြား သာသနိကအဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။ ထို့မှတစ်ဆင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

နေ့လယ်ပိုင်းတွင် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြ၍ အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးချင်းစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိရာ အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်(ကြည်း၊ရေ၊လေ)မှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဆင်ဖြူတော်ဆောင်အတွင်း ကြည့်ရှုလေ့လာစဉ်။



တပ်မတော်(ကြည်း၊ရေ၊လေ)မှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ သူရဲကောင်းဗိမာန်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။

# ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများစစ်ဆေး တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိ

နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများအား စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်းကို အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergenacy Preparedness Plan-EPP)ပါ လုပ်ငန်းစဉ်များအတိုင်း စနစ်တကျဆောင်ရွက်လျက်ရှိပြီး ဆည်တမံဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၏ စစ်ဆေးအတည်ပြုချက်များအရ တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။





ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအနီးရှိ ရေဆင်းရေလှောင်တမံသို့ သွားရောက်၍ ဝင်ရေသိုလှောင်ထားရှိမှုနှင့် တမံထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ရေဆင်းရေလှောင်တမံအနေဖြင့် လက်ရှိအချိန်တွင် ကန်ရေပြည့်နီးပါး သိုလှောင်ထားရှိပြီး ရေဝေရေလဲဧရိယာအတွင်း အဆက်မပြတ် မိုးရွာသွန်းနေသဖြင့် ပုံမှန်ထိန်းသိမ်းမှုအဖြစ် ရေထိန်းမျှော်စင်မှ ရေဆင်းမြောင်းအတွင်းသို့ ရေထုတ်လွှတ်လျှော့ချခြင်းသာရှိပြီး ရေပိုလွှဲမှ ရေကျော်ကျခြင်းမရှိသေးကြောင်း သိရသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိစစ်ဆေးကြရာ တာဝန်ရှိသူများက အထက်ပေါင်းလောင်းတမံ ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှု၊ ရေဝေရေလဲဒေသအတွင်း မိုးရွာသွန်းမှုနှင့် စီးဝင်ရေပမာဏ၊ နောက်မိုးဆက်လက်ရွာသွန်းနိုင်မှုနှင့် ရေပိုလွှဲမှ စီးထွက်သည့်ရေပမာဏတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိရေသိုလှောင်ထားရှိမှုပမာဏအရ တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို စိုးရိမ်ဖွယ်မရှိသော်လည်း သတ်မှတ်ထားသည့် စောင့်ကြည့်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်နှင့် (EPP)ပါ လုပ်ငန်းစဉ်များအတိုင်း တိတိကျကျလိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ယနေ့နံနက်ပိုင်း တိုင်းထွာချက်များအရ ပေါင်းလောင်းရေလှောင်တမံတွင် မိုးရေချိန် ၃ ဒသမ ၅ လက်မခန့် ရွာသွန်းခဲ့ပြီး အထက်ပေါင်းလောင်းတမံနှင့် ရေဝေရေလဲဒေသများမှ စီးဝင်ရေများကြောင့် ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ ငါးပေခွဲခန့် ရေကျော်ကျလျက်ရှိကာ အဆိုပါစီးဆင်းရေများသည် ပေါင်းလောင်းမြစ်နှင့် တစ်ဆက်တည်းဖြစ်သော စစ်တောင်းမြစ်အတွင်း စီးဆင်းလျက်ရှိခြင်းကြောင့် ဒေသအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ရန်မရှိကြောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများသည် မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် ဒေသအတွင်းရှိ လျှိုမြောင်များမှ စီးဆင်းလာခြင်းဖြစ်ပြီး ယာယီရေကြီးရေလျှံမှုမျှသာဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းရွာအနီးရှိ ငလိုက်ရေလှောင်တမံသို့ရောက်ရှိပြီး ယခုနှစ်မိုးရာသီတွင် ဆည်တမံများ ရေပြည့်သိုလှောင်နိုင်မှုအရ လာမည့် ဆောင်းသီးနှံနှင့် နွေသီးနှံများစိုက်ပျိုးခြင်းအတွက် ဧရိယာအလိုက် စိုက်ပျိုးမည့်သီးနှံ၊ ရေလိုအပ်ချက်စသည့် ရေပေးဝေမှုလုပ်ငန်းများ စနစ်တကျစီမံနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံသို့ သွားရောက်၍ ရေဆင်းဧရိယာအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တမံအတွင်းသို့ စီးဝင်ရေများပြားစွာဝင်ရောက်ခဲ့မှု၊ တမံဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဆင်သေရေလွှဲဆည်သို့ သွားရောက်ပြီး ယာယီရေတားတမံ မကျိုးပေါက်စေရေး၊ သဲထုတ်ရေတံခါးများမှ ရေထုတ်လွှတ်မှု၊ ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းနှင့် ရေပေးအဆောက်အအုံများ ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှုလျော့ပါးသက်သာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# ကူမင်းမြို့၌ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ် အခမ်းအနားသို့တက်ရောက်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်





နေပြည်တော် ဩဂုတ် ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်ပြီး ဝန်ကြီးဌာန ခြောက်ခုမှ ဝန်ထမ်းများ တက်ရောက်ကြမည်ဖြစ်ရာ အဆိုပါကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ ယာယီခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရီးစဉ်တွင် လိုက်ပါမည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုခရီးစဉ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဖြစ်၍ အရေးကြီးပါကြောင်း၊ ယခင်ရှိပြီး တရုတ်-မြန်မာ ချစ်ကြည်ရေး၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ခရီးစဉ်တွင် လိုက်ပါကြမည့် ကိုယ်စားလှယ်များအနေဖြင့် တစ်ဦးချင်း၊ အဖွဲ့လိုက် ကျရာတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုခရီးစဉ်တွင် ဝန်ကြီးဌာန ခြောက်ခုမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ လိုက်ပါကြမည်ဖြစ်၍ မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှုအပြင် မြန်မာနိုင်ငံ၏တောတောင်ရေမြေသဘာဝနှင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာ အကအလှနှင့် ရုပ်သေးအက၊ မြန်မာ့လက်မှုပညာများကို မိတ်ဆက်ပြသသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်စေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ် ဖွင့်ပွဲအခမ်းအနား၊ တောင်ပိုင်းဒေသ ညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲ့ဖွဲ့ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေမည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ဝတ်စုံပြည့်သရုပ်ပြကပြခြင်း၊ ရုပ်သေးအကများ ကပြခြင်း ဆောင်ရွက်ကြသည်။

ထို့နောက် ခရီးစဉ်တွင် လိုက်ပါမည့် ကိုယ်စားလှယ်များက ဖိုရမ်တွင်ဆွေးနွေးပြောကြားမည့်အချက်များ၊ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်များနှင့် ခင်းကျင်းပြသမည့်အခြေအနေတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲ့ဖွဲ့ ဈေးရောင်းပွဲတော်အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ခင်းကျင်းပြသမည့် မြန်မာ့ရိုးရာလက်မှုအနုပညာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကူမင်းမြို့တွင် စက်တင်ဘာ ၄ ရက်မှ ၈ ရက်ထိကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ဝန်ကြီးဌာနများမှ ၃၆ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ၁၇ ဦး စုစုပေါင်း ၅၃ ဦးတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းဆင်းပြီး ကိုယ်ပိုင်လုပ်ငန်းများထူထောင်ပေးခဲ့သော လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်ပေးခဲ့သော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၁၆) ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းဖြင့် ကိုယ်ပိုင်လုပ်ငန်းထူထောင်လျက်ရှိသော လုပ်ငန်းရှင်များတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်ထိ သုံးနှစ်ရှိပြီဖြစ်ပါကြောင်း၊စီမံကိန်းဆောင်ရွက်သည့်အခါတွင်လည်း လိုအပ်သည့်နည်းပညာပေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများသုံးစွဲခွင့်ပေးခြင်းနှင့်တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များ ထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ယခု၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင်လည်း ကျေးရွာ ၁၉၆ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်၍ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ဦးရေ ၉၈၀ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ထွက်လာအောင်ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း အသေးစားလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာများမှ အသေးစားလုပ်ငန်းရှင်များ၏ အခက်အခဲများကိုသိရှိမှသာ လုပ်ငန်းရှင်များ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့၏လုပ်ငန်းများကိုတစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် အောင်မြင်မှုရှိအောင် အမြဲတမ်းတီထွင် ကြံဆဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ကိုယ်ပိုင်လုပ်ငန်းထူထောင်ဆောင်ရွက်လျက်ရှိသော အပ်ချုပ်ဆိုင်လုပ်ငန်းရှင်များချုပ်လုပ်ထားသော ဝတ်စုံများ၊ သံဂဟေဆက်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၏ထုတ်ကုန်များ၊ လူသုံးကုန်ထုတ်လုပ်ခြင်းလုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ဆက်လက်၍အခမ်းအနားဒုတိယပိုင်းကိုပြုလုပ်ရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိဝင်ငွေတိုးစီမံကိန်း လုပ်ငန်းရှင်များက ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေး ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်းသိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်ထိ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပလျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်သည် အချုပ်အခြာအာဏာကို ကိုယ်စားပြုကြောင်း၊ နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့အတွက် နယ်နိမိတ်ကို ကောင်းမွန်စွာနှင့် ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါကြောင်း၊ အများပြည်သူများ၏ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး၊ အိမ်နီးချင်းနိုင်ငံများနှင့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် နယ်နိမိတ်ကို စနစ်တကျ စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနယ်နိမိတ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား အသိပညာဖလှယ်ရန်၊ ဌာနအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်၊ နယ်နိမိတ်ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကောင်းမွန်သောနည်းလမ်းများနှင့် အကြံဉာဏ်များ ဖော်ထုတ်နိုင်ရန်နှင့် နယ်နိမိတ်ဆိုင်ရာမူဝါဒများချမှတ်ရာတွင် တိကျမှန်ကန်ပြီး နိုင်ငံတော်အကျိုးစီးပွားကို အထောက်ပံ့ဖြစ်စေရန်ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ နယ်နိမိတ်ရေးရာကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်နေကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့အပါအဝင် အခြားဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့်အိမ်နီးချင်းနိုင်ငံများ၌ အခြေစိုက်သည့် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ယနေ့ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ကုန်းပိုင်းနယ်နိမိတ်နှင့် ပတ်သက်၍ အဓိကဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မြေတိုင်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကာ မြန်မာသံရုံး၊ ကူဝိတ်မှ သံအမတ်ကြီးနှင့် သံမှူးကြီး၊ မြန်မာသံရုံး၊ ပရီတိုးရီးယားမှ သံအမတ်၊ သံရုံးယာယီတာဝန်ခံတို့က ဘာသာရပ်ကျွမ်းကျင်သူများအဖြစ် Online မှ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ်နှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည့်အပြင် မြန်မာသံရုံး၊ စင်ကာပူမှ သံအမတ်၊ သံရုံးယာယီတာဝန်ခံက ဘာသာရပ်ကျွမ်းကျင်သူအဖြစ် Online မှ ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျန်းမာရေးဝန်ကြီးဌာနနှင့်ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ဌာနေကိုယ်စားလှယ်မစ္စတာ အားနော့ဒီဘေ့ခ်နှင့်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC မှ ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များ၊ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား



ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊မန္တလေးငလျင်ကြီး ပြန်လည်ထူထောင်ရေးကာလတွင် ICRCအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ICRC မှ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ICRC မှ ကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ် တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာ တင်သွင်းရန်သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ပထမဦးစားပေး လျှောက်ထားသူများအတွက်မူ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန(နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် **တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၅-ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့မှ(၁၉)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
(၂၆-၈-၂၀၂၅)

# ကော့သောင်းမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးကုသရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ ကျောဖုံးမှအဆက်

စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရန် ခန္ဓာကိုယ်ကြံ့ခိုင်သန်မာမှုရှိစေရန်၊ ယုံကြည်မှုစိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ကစားကြရန် မှာကြားသည်။

ထို့နောက် Sports Hotel ၌ AFC Women's Championship League ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နေသည့် ISPE FC အမျိုးသမီးဘောလုံးအသင်းနှင့်တွေ့ဆုံ၍ ကျန်းမာရေးဂရုစိုက်ကြရန်နှင့် အောင်မြင်မှုများရရှိပြီး ၃၃ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ဆက်လက်အောင်မြင်မှုများရရှိအောင် ကြိုးစားကြရန်မှာကြားပြီး အားကစားသမားများ နေ့လယ်စာစားသုံးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာလေ့ကျင့်ရေးခန်းမသို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက စခန်းဝင်လေ့ကျင့်နေသော ပဏ္ဍာမလက်ရွေးစင်ဘိလိယက်နှင့် စနူကာအားကစားသမားများ လက်ရည်စမ်းယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး၍ ဆုများပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် တာမွေမြို့နယ် ကျိုက္ကဆံဘောလုံးကွင်း(၁)၌ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသော တာတို၊ တာလတ်အပြေး၊ မာရသွန်၊ လမ်းလျှောက်၊ လုံတံပစ်၊ သံပြားပစ်၊ သံလုံးပစ်ပဏ္ဍာမလက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူးက စခန်းသွင်းလေ့ကျင့်နေမှု၊ စံချိန်စံနှုန်းရရှိမှု၊ အောင်မြင်မှုရရှိနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နပန်းအားကစားလေ့ကျင့်ရေးရုံသို့ ရောက်ရှိပြီး ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသော ပဏ္ဍာမလက်ရွေးစင် နပန်းအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံခြားနည်းပြငှားရမ်းလေ့ကျင့်နိုင်ရေး၊ ဒိုင်၊ နည်းပြသင်တန်းဖွင့်လှစ်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်းစနစ်အဆင့်ဆင့် အသိပညာပေး ဟောပြောပြီး လက်တွေ့စမ်းသပ်ဆန္ဒမဲပေး

နေပြည်တော် ဩဂုတ် ၂၇

လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်များ မှန်ကန်မြန်ဆန်လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရန် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်းစနစ်အဆင့်ဆင့်နှင့်စပ်လျဉ်းသည့် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီတွင် လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) လားရှိုးမြို့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အထွေထွေရွေးကောက်ပွဲကျင်းပမည့် အခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်းသည်များကို ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်က ရွေးကောက်ပွဲကျင်းပမည့်ကိစ္စရပ်များနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြား၍ လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ခရိုင်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) စမ်းသပ်ဆန္ဒမဲပေးခြင်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့်အသိပညာပေးရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ တွဲဖက်ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းစုစုပေါင်း ၉၃၂ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





❑ ရေကြီးရေလျှံမှုမှ

သွားလာမှု အခက်အခဲမရှိစေရန်နှင့် အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထို့ပြင် ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များသည် လူနာတင်ယာဉ်များ၊ ဆေးဝါးပစ္စည်းများ၊ စက်လှေများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် အသင့်စုဖွဲ့ပြင်ဆင်ထားကြောင်း သတင်းရရှိသည်။

(၅၀၁)

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေပြည်တော်ကောင်စီနယ်မြေ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ ထုတ်ပြန်ကြေညာ

၁။ ယှဉ်ပြိုင်ရန်လျာထားသောပြိုင်ပွဲအဆင့်

(က) အဆင့်မြင့်ပညာအဆင့်

(ခ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်

(ဂ) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) အဆင့်

၂။ ယှဉ်ပြိုင်ရန်လျာထားသော ဘာသာရပ်များ

(က) **အဆိုပြိုင်ပွဲ**

(၁) မဟာဂီတ (အဆင့်အားလုံး)၊

(၂) ခေတ်ဟောင်းတေး/ကာလပေါ် (အဆင့်အားလုံး)၊

(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်း ပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်)

(ခ) **အကပြိုင်ပွဲ**

(၁) အကပြိုင်ပွဲ(အမျိုးသား၊အမျိုးသမီး)(အဆင့်အားလုံး)၊

(၂) မြန်မာအကအခြေခံကဗျာလွတ်အက (ပထမအဆင့်) (အမျိုးသမီး) ၁၆ ဦး

ယိမ်းအကပြိုင်ပွဲ (အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်းအဆင့်)၊

(၃) တိုင်းရင်းသားရိုးရာအက/ ကျေးလက်ရိုးရာအက ပြိုင်ပွဲ (တစ်ဖွဲ့လျှင် ၁၆ ဦး၊ ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက် မပိုသော တေးသီချင်းဖြင့် ယှဉ်ပြိုင်ရန်၊)၊

(၄) တနင်္သာရီတိုင်းဒေသကြီး၏ရိုးရာအကပြိုင်ပွဲ(၁၆-ဦး)၊

(ဂ) **အရေးပြိုင်ပွဲ**

(၁) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)

(၂) အခြေခံပညာ(အသက်၁၅နှစ်ပြည့်မှ၂၀ နှစ်အတွင်း) အဆင့်(အမျိုးသား/ အမျိုးသမီး)

(ဃ) **အတီးပြိုင်ပွဲ**

(၁) စောင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၂) စန္ဒရား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၃) ပတ္တလား - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၄) တယော - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၅) မယ်ဒလင် - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၆) ဂီတာ - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၇) ဒုံမင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး)

(၈) ဆိုင်း - တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်း

(၉) ဆိုင်းဝိုင်းကြီး- အဖွဲ့လိုက် - အဖွဲ့လိုက်(အမျိုးသား - ၈ ဦး၊ အမျိုးသမီး - ၈ ဦး)

(၁၀) နှဲ - တစ်ဦးချင်း(အမျိုးသား)

(၁၁) ပလွေ - တစ်ဦးချင်း(အမျိုးသား)

(၁၂) အိုးစည် - အဖွဲ့လိုက်(အမျိုးသား - ၅ ဦး)

(၁၃) ဒိုးပတ် - အဖွဲ့လိုက်(အမျိုးသား - ၆ ဦး)

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီး ပြိုင်ပွဲများတွင် အဆင့်အားလုံး ယှဉ်ပြိုင်ရန်။)

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်အမျိုးသား/အမျိုးသမီး

(က) သာဆန်းရဂုံဘွေ ( ပတ်ပျိုး )

(ခ) ပပဝင်းဝင်း ( ပတ်ပျိုး )

(ဂ) မန္တလာဘုံ ( ဘွဲ့ )

(ဃ) တောင်ဇမ္ဗူပိုင် ( ယိုးဒယား )

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် အမျိုးသား/အမျိုးသမီး

(က) ကြောက်ဖွယ့်ဘုန်းတန်း ( ကြိုး )

(ခ) ဆင့်ရရင့်ငယ်လေ ( ပတ်ပျိုး )

(ဂ) ရန်တကာအောင် ( ဘွဲ့ )

(ဃ) လေပြေဆော်သွင်းမြူး ( ယိုးဒယား )

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် အမျိုးသား/အမျိုးသမီး

(က) ဇမ္ဗူရောင်ကွန့် ( ဘွဲ့ )

(ခ) မြိုင်ခြေတစ်ခွင် ( ပတ်ပျိုး )

(ဂ) တောဟောဝန်လယ် ( ယိုးဒယား )

(ဃ) ပြောင် ပြောင် ပြောင်နာဂိန် ( ကြိုး )

## "ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်(အမျိုးသား)

(က) ဗျောသံ ( ဥက္ကလာမောင် )

(ခ) ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း ( စန္ဒရားထွန်းညွှန့် )

(ဂ) မဟာဗန္ဓုလ ( ကိုထွန်းရွှေ )

(ဃ) အလွမ်းပြေအမေ့စာ ( မောင်မောင်လတ် )

၂။ အဆင့်မြင့်(အမျိုးသမီး)

(က) မြည့်ငြင်းလေပြေ ( မအေးမိ )

(ခ) အတုအယောင် ( ဌေးဌေးမြင့် )

(ဂ) မြသဝန်ကြောင် ( လေဘာတီမြရင် )

(ဃ) အစိန္တေယျ ( ဌေးဌေးမြင့် )

၃။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား )

(က) ကောက်ရိတ်ချိန် ( မောင်ပွကြီး )

(ခ) မြတ်ဒေသနာ ( သထုံဘသိန်း )

(ဂ) အောင်မြင်ခြင်းအတူတူ ( စန္ဒရားထွန်းညွှန့် )

(ဃ) အန္တရာယ်ကင်း ( ဂီတာစိမ်းမောင် )

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး )

(က) ရွှေဖိုးခေါင် ( ဒေစီကျော်ဝင်း )

(ခ) ဟေမန္တရဲ့သဘာဝ ( သင်းသင်းမြတ် )

(ဂ) ပါရမီတော် ( တင်တင်မြ )

(ဃ) အနန္တငါးဖြာ ( မေစိန် )

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား )

(က) မမေ့သောအညာ ( သန်းထွန်းလေး )

(ခ) ရှင်သီဝလိ ( ပြည်လှဖေ )

(ဂ) မောင့်တိုင်းပြည် ( ရေနံ့သာဝင်းမောင် )

(ဃ) ဂုဏ်တော်ဖွင့် ( ပြည်လှဖေ )

၆။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသမီး )

(က) သီတာရတနာ ( ဒေါ်ကြည်အောင် )

(ခ) အဆင်းလှတဲ့ပင်းတယ ( ခင်သစ်လွင် )

(ဂ) ခမ္မစက်တော် ( မြင့်မြင့်ရှိန် )

(ဃ) ဒိုးကလေး ( ညွှန့်ညွှန့်စိန် )

## "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

(က) ကျေးရွာဝါဒ ( ကိုအံ့ကြီး )

(ခ) မဟာ ( ဇော်ဝင်းထွဋ် )

(ဂ) ကျွန်ုပ်တို့ မြန်မာပြည် ( ထူးအယ်လင်း )

(ဃ) ခေတ်ဆန်းချိန် ( ရွှေညာမောင် )

၂။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

(က) ရွှေအဆင်းနဲ့ပြည်မြန်မာ ( နွဲ့ယဉ်ဝင်း )

(ခ) ထာဝရငြိမ်းချမ်းရေး ( မေဆွိ )

(ဂ) တဘာသာအလှ ( ငြိမ်းငြိမ်းအိ )

(ဃ) နွယ်သာကီ ( ခင်ညွန့်ရီ )

## "စောင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) အိုသာတင့်ဆုံး (ယိုးဒယား)

(ခ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)

(ဂ) ဆီးနှင်းပြိုက်ကြ (ကြိုး)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ပြောင် ပြောင် ပြောင်နာဂိန် (ကြိုး)

(ခ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)

(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ကန္တာလေတောခြေ (ယိုးဒယား)

(ခ) ရှုတိုင်းသာစွ (ကြိုး)

(ဂ) စောင်းတော်သိဂ်ါ (ကြိုး)

## "စန္ဒရား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မဲဇာတောင်ခြေ (ပတ်ပျိုး)

(ခ) နက်ဖြန်သို့မဟုတ် ဘယ်သောခါ (ကာလပေါ်)ထား(Key-G)

(ဂ) ပန်းဟောဝန် (ယိုးဒယား)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဖြေလျော့ခွေ (ပတ်ပျိုး)

(ခ) ချောကလျာ (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key-Eb)

(ဂ) အင်ကြင်းသရဖီ (ယိုးဒယား)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)

(ဂ) ညအတွေး (ကာလပေါ်) မာမာအေး (Key-G)

## "ပတ္တလား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) လူမနှော (ပတ်ပျိုး)

(ခ) နှင်းယွန်းခါဟေမန် (ယိုးဒယား)

(ဂ) မှန်ညောင်သဉ္ဇာ (ဝတ်တော်ရုံ)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)

(ခ) ထိပ်တင်ဇကံ (ဝတ်တော်သိမ်း)

(ဂ) သောင်းသောင်းညံ (ယိုးဒယား)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သီလာမြေယံ (ကြိုး)

(ခ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)

(ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

## "နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

(က) သီလာမြေယံ (ကြိုး)

(ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)

(ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာသြဘာဘွဲ့)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)

(က) စံရာတောင်ကျွန်း (ကြိုး)

(ခ) မင်္ဂလာသီရိ (ဘွဲ့)

(ဂ) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)

(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

(ခ) လာချေပြီ (ကြိုး)

(ဂ) ဘုံဆောင်မြင့် (ကြိုး)

## "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် လျာထားသည့် တေးသီချင်းများ

၁။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

(က) ဇေယျာအောင်ချာ (ကြိုး)

(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)

(ဂ) ဂန္ဓမာတောင် (ဘွဲ့)

၂။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)

(က) ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ (ကြိုး)

(ခ) ဟေမဝန်ချာ (ဘွဲ့)

(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၃။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)

(က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

(ခ) မှန်ညောင်သဉ္ဇာ (ဝတ်တော်ရုံဘွဲ့)

(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

*(ဆက်လက်ဖော်ပြပါမည်)*




**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများကို သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **၁-၉-၂၀၂၅ ရက်မှ ၂၈-၁၁-၂၀၂၅ ရက်ထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)**ယူဆောင်ပြီး ထောက်ပံ့ငွေထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT)တွင် အကျိုးခံစားခွင့်ရှိသူများအနေဖြင့် ထောက်ပံ့ငွေထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရှိသူများကို သက်ဆိုင်ရာ **မြန်မာ့စီးပွားရေးဘဏ်ခွဲ**များတွင် **၂၂-၉-၂၀၂၅ ရက်မှ ၂၂-၁၂-၂၀၂၅ ရက်ထိ** ထောက်ပံ့ငွေများကို ထုတ်ပေးသွားမည်ဖြစ်ပါသဖြင့် အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များမှ **နိုင်ငံသားအသိအမှတ်ပြုကတ်ပြား(မူရင်း)**ယူဆောင်ပြီး ထောက်ပံ့ငွေထုတ်ယူနိုင်ပြီဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ကြေးပေးအပ်သည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## လေပွေလှိုင်း အားလျော့သွားခဲ့

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့သည်။ လေပွေလှိုင်း၏အကြွင်းအကျန် တိမ်တိုက်များသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မုတ်သုံလေဖိအားနည်းမြောင်းတန်းအဖြစ် သွယ်တန်းလျက်ရှိပါသည်။ (မိုး/ဇလ)

## ၂၀၂၅ ခုနှစ် ဩဂုတ် ၂၇ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လူသားတာဝန်ကျေပွန်ကြပါစို့

ဘုန်းသန့်စင်

**မနုဿလူသား**

"မနုဿ"ဆိုသည့်စကားလုံး၏အနက်အဓိပ္ပာယ်ကို ရှာဖွေလေ့လာကြည့်သည့်အခါ "မနု" ဆိုသော စကားလုံးနှင့် "ဥဿ"ဆိုသော စကားလုံးတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ "မနု" ဆိုသည်မှာ "အရာရာကို ပိုင်းခြားဝေဖန်နိုင်စွမ်းရှိခြင်း" ဟု အဓိပ္ပာယ်ရပြီး "ဥဿ" ဆိုသည်မှာ "မြင့်မြတ်သောသူ" ဟု အဓိပ္ပာယ်ရသဖြင့် "မနုဿ" ဆိုသည်မှာ မြင့်မြတ်သောအပြုအမူ၊ အပြောအဆိုနှင့် လုပ်ကိုင်ဆောင်ရွက်မှုတို့ရှိပြီး စိတ်ထားမြင့်မြတ်၍ အရာရာကို အမှားအမှန်ပိုင်းခြားဝေဖန် လုပ်ကိုင်နိုင်စွမ်းရှိသောသူဟုအဓိပ္ပာယ်ရသည်။ သို့ဖြစ်ရာ အမှားအမှန်ကို ပိုင်းခြားဝေဖန်နိုင်စွမ်းရှိကာ ကောင်းမှု၊ မကောင်းမှုတို့ကို ခွဲခြားသိမြင်နိုင်၍ကောင်းမြတ်သောအလုပ်များကိုသာ လုပ်ကိုင်တတ်ပြီး လောကကောင်းကျိုးကိုသယ်ပိုးနိုင်သူကိုသာ မနုဿလူသားဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။

၃၁ ဘုံတွင် လူ့ဘုံသည် အမြင့်မြတ်ဆုံးဘုံဖြစ်သဖြင့် လူ့ဘဝသည် ရခဲသည်ဟုဆိုကြသည်။ ကောင်းမှုနှင့် မကောင်းမှုတို့ကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် ဉာဏ်ပညာရှိသကဲ့သို့ ကောင်းမှုများဖြင့်သာ ထုံမွမ်းသောဘဝကိုတည်ဆောက်ကာ သံသရာခရီးမှ လွတ်မြောက်နိုင်ရေးကြိုးစားနိုင်သည့် ဘုံဘဝပင်ဖြစ်သည်။ မြင့်မြတ်သောလူသားတစ်ဦးဖြစ်စေရန်အတွက် လိုအပ်ချက်များစွာရှိသည့်အနက် ရလာသည့်လူ့ဘဝကိုတန်ဖိုးရှိစွာ အသုံးချတတ်ရန်၊ လူမှုပတ်ဝန်းကျင်ကောင်းကျိုးကို အစဉ်သယ်ပိုးဆောင်ရွက်ရန်၊ ကိုယ်တိုင်ကောင်းမှုများနှင့်မွေ့လျော်ကာ အခြားသူများကိုလည်း လောကကောင်းကျိုးသယ်ပိုးသူများဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် စသည်တို့သည် လူသားတစ်ဦးအတွက် အသက်ရှင်သန်စဉ် မဖြစ်မနေဆောင်ရွက်သင့်သည့် ဘဝပေးတာဝန်များပင်ဖြစ်သည်။ ထိုတာဝန်များကို တတ်နိုင်သလောက်ကျေပွန်အောင် ထမ်းဆောင်နိုင်သူမှသာ လူသားဆန်သော၊ လူပီသသော မနုဿလူသားဂုဏ်ဒြပ်နှင့် ပြည့်စုံအပ်သောလူဟု ဆိုနိုင်ပေသည်။

လူသားဘဝ လူအဖြစ်ကိုရလာသည့်အချိန်၊ မိခင်ဝမ်းမှထွက်ခါစ ကလေးတစ်ယောက်အတွက် သဘာဝနှင့်ထိတွေ့လိုက်သည့်အချိန်တွင် သဘာဝနှင့်တစ်သားတည်းဖြစ်ရန်အတွက် ကြိုးစားရသည်။ အသက်အရွယ်ရလာသည့်အချိန်တွင်လည်း စား၊ ဝတ်၊ နေရေးဆိုသည့် ဘဝအရေးများကြား ဗျာများကာ လူသားဆန်ရန်၊ လူပီသရန်တို့ကို မေ့လျော့နေတတ်ကြသည်။ ဘဝအခက်အခဲများကြောင့် အခြေခံလူ့ကျင့်ဝတ်များကို ချိုးဖောက်မှန်းမသိ ချိုးဖောက်လာမိတတ်ကြသည်။ လောကသဘာဝအရ အခက်အခဲနှင့်လူသားဘဝသည် ခွဲခြား၍မရနိုင်သဖြင့် ဘဝကမည်မျှပင် ခက်ခဲကြမ်းတမ်းနေစေကာမူ မိမိနှင့်မိမိပတ်ဝန်းကျင်အတွက် တန်ဖိုးရှိသော၊ အသုံးဝင်သော လူတစ်ဦးဖြစ်အောင် ကြိုးစားကြရန်လိုသည်။ ဘဝဇာတ်ခုံပေါ်တွင် ကျရာဇာတ်ရုပ်ကို ပီပြင်အောင်ကပြရာတွင် ကြုံတွေ့လာရနိုင်သည့် အခက်အခဲများကိုရင်ဆိုင်ကျော်ဖြတ်နိုင်ရမည်ဖြစ်သကဲ့သို့ မိမိပတ်ဝန်းကျင်ရှိအားနည်းသူ၊ အခက်အခဲရှိသူများကိုလည်း တတ်နိုင်သလောက် ကူညီစောင်မသွားကြရမည်သာဖြစ်သည်။ သို့မှသာ မိမိကျင်လည်ရာပတ်ဝန်းကျင်ကို သာယာပျော်ရွှင်ဖွယ်ကောင်းသော လူမှုပတ်ဝန်းကျင်အဖြစ်ဖန်တီးကာ မနုဿလူသားတာဝန်ကျေပွန်သူဖြစ်မည်ဖြစ်သည်။

**နိုင်ငံသားတာဝန်**

မွေးဖွားခြင်းနှင့် သေဆုံးခြင်းကြားကာလကို လူ့ဘဝဟုခေါ်ဆိုကြသဖြင့် ထိုအခိုက်အတန့်ကာလအချိန်ခဏကို ပိုင်ဆိုင်ရသည့်လူသားတို့သည် ဇာတိချက်ကြွေမွေးရပ်မြေဆိုသည့် မိမိမွေးဖွားရာနိုင်ငံကို တတ်စွမ်းသမျှပြန်လည်အကျိုးပြုကြရမည်သာဖြစ်သည်။ မည်သည့်နိုင်ငံသားအဖြစ် မွေးဖွားလာစေကာမူ မိမိမွေးဖွားရာနိုင်ငံ၏အကျိုးကို သယ်ပိုးထမ်းရွက်ရမည်မှာ မနုဿလူသားတို့၏ တာဝန်ပင်ဖြစ်သည်။ မည်သည့်အရပ်ဒေသ၊ မည်သည့်ဘဝသို့ ရောက်ရှိနေစေကာမူ မိမိ၏လုပ်ရပ်ကြောင့် မိမိနိုင်ငံ၏ဂုဏ်ဒြပ် ညှိုးနွမ်းသွားခြင်းမရှိအောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ လူသားတိုင်းတွင် အခက်အခဲနှင့်ဘဝလိုအပ်ချက်များရှိသကဲ့သို့ နိုင်ငံတိုင်းတွင်လည်း အခက်အခဲနှင့် လိုအပ်ချက်များရှိနေသည်။ ထိုလိုအပ်ချက်ကွက်လပ်များကို အုပ်ချုပ်သူအစိုးရ၏ ကြိုးကြပ်လမ်းညွှန်မှုနှင့်အတူ လိုက်ပါကာ မိမိတတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ကနိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။

❖ ဘဝလမ်းပေါ် လျှောက်လှမ်းခါစ လူငယ်များအတွက် ယခုအချိန်သည် အလွန်အရေးကြီးသည့် အချိန်ပင်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် အခက်အခဲများနှင့်ရင်ဆိုင်နေရချိန်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း လိုအပ်ချက်များရှိနေသည့်အချိန်တွင် လိုအပ်သည့်ကွက်လပ်ကို ဖြည့်ဆည်းတတ်ရန်လိုသည်။ မြန်မာနိုင်ငံ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရေးအတွက် ယခုအချိန် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို အစိုးရနှင့် လက်တွဲရင်ဆိုင်ကြရမည်မှာ မျိုးဆက်သစ်လူငယ်များ၏ တာဝန်ပင်ဖြစ်သည်။ ❖

ရေဘေး၊ မီးဘေး၊ ငလျင်ဘေးစသည့်သဘာဝဘေးအန္တရာယ်များက လူသားဘဝလုံခြုံမှုကို ထိခိုက်ပျက်စီးစေသကဲ့သို့ နိုင်ငံတော်ရှိ အခြေခံအဆောက်အအုံများအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအရင်းအမြစ်များကို ပျက်စီးဆုံးရှုံးနိုင်စွမ်းရှိကြသည်။ ထိုဘေးအန္တရာယ်များကိုလည်း ကိုယ်တိုင်ကြံ့ကြံ့ခံကာကွယ်နိုင်စွမ်းရှိရန် လိုအပ်သကဲ့သို့ ထိခိုက်ခံစားရသည့်အခြားသူများကိုလည်း အစိုးရနှင့်လက်တွဲ၍ ကူညီကယ်ဆယ်ပေးရမည်ကလည်း နိုင်ငံသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ ထိုတာဝန်များကိုအချိန်ပြည့်ထမ်းဆောင်နေကြသည့် ပရဟိတနှလုံးသားပိုင်ရှင်များအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ကြသူများသည် မနုဿလူသားဂုဏ်ဒြပ်ကို အရောင်အထပ်ထပ်တင်နေကြခြင်းပင်ဖြစ်သည်။

**တာဝန်ထဲကတာဝန်**

နိုင်ငံသားတို့၏တာဝန်တွင် ဥပဒေအရသတ်မှတ်ပြဋ္ဌာန်းထားသည့်တာဝန်များ ရှိသကဲ့သို့ ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိသော်လည်း လူသားအသိ၊ နိုင်ငံသားအသိဖြင့် ပါဝင်ကူညီဆောင်ရွက်ရမည့် တာဝန်များလည်းရှိသည်။ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသည်ဆိုသည့် စကားနှင့်အညီ မိမိတို့နိုင်ငံအတွင်းသို့ ကျရောက်လာနိုင်သော အန္တရာယ်၊ ရန်စွယ်ဟူသမျှကို တွန်းလှန်တိုက်ဖျက်နိုင်စွမ်းကို မိမိတို့နိုင်ငံသားများက အစိုးရနှင့် လက်တွဲတည်ဆောက်ထားရမည်ဖြစ်သည်။ ထိုတာဝန်များသည် ဥပဒေအရသတ်မှတ်ပြဋ္ဌာန်းထားသည်ဖြစ်စေ၊ ဥပဒေအရသတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသည်ဖြစ်စေ နိုင်ငံသားတိုင်း ကိုယ်ပိုင်အသိဖြင့် ပါဝင်ဆောင်ရွက်ကြရမည်သာဖြစ်သည်။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မိမိတို့ မြန်မာနိုင်ငံတွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သောကြောင့် ရုံးများ၊ လူနေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ လမ်းတံတားများ၊ စေတီပုထိုးများပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံအများစုက ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် လာရောက်အားဖြည့် ကူညီဆောင်ရွက်ပေးကြသည်။ နိုင်ငံတကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ရောက်မလာသေးသည့်အချိန်ကတည်းက ပြည်သူများခံစားနေရသည့်ဒုက္ခများကို လျော့ပါးသက်သာစေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်နေချိန်တွင် တပ်မတော်သား မျိုးချစ်ရဲဘော်များက ပြည်သူများရှေ့တွင် မားမားမတ်မတ်ရှိနေသည်ကိုတွေ့ရသည်။ ထိုအထဲတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့် ပြည်သူ့စစ်မှုထမ်း သားကောင်းရတနာများကိုလည်း တွေ့ရသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်စွန့်ရန်ပင်ဝန်မလေးသော တပ်မတော်သားတို့၏စိတ်ဓာတ်ကို ပြည်သူများငလျင်ဘေးဒုက္ခကို ခံစားနေရသည့်အချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကျရာနေရာမှပါဝင်အားဖြည့်ကူညီခြင်းဖြင့် ပြသလိုက်ခြင်းပင်ဖြစ်သည်။

**လူငယ်နှင့်လူသားတာဝန်**

ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီးသည့်အချိန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြသူများရှိသကဲ့သို့ နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များကို ပြည်သူလူထုနှင့် လက်တွဲ၍ တွန်းလှန်တိုက်ဖျက်နေချိန်ကို အခွင့်ကောင်းယူကာသွေးထိုးလှုံ့ဆော်မှုများဖြင့် ပြည်တွင်းရေးမတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်နေသူများလည်း ရှိနေပြန်သည်။ ငလျင်ဘေး ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် တပ်မတော်သားများနှင့်အတူ ပရဟိတလူငယ်များ အားတတ်သရော ပါဝင်ကူညီဆောင်ရွက်နေသည်မှာ မြန်မာ့အလှမြန်မာ့စိတ်ရင်းကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ လူငယ်ဆိုသည်မှာ နိုင်ငံ၏အနာဂတ်ပင် ဖြစ်သဖြင့် နိုင်ငံအတွက် မည်သည့်အခက်အခဲရှိစေကာမူ နိုင်ငံသားတာဝန်၊ လူသားတာဝန်ကျေပွန်နေကြသည့် လူငယ်များရှိပြီးဖြစ်သဖြင့် မြန်မာ့အနာဂတ်သည် အားတက်ဖွယ်ရာပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များကို အစိုးရနှင့်လက်တွဲ၍ တွန်းလှန်တိုက်ဖျက်နေကြသည့် ပရဟိတလူငယ်များရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံတကာစိန်ခေါ်မှုများနှင့် သွေးထိုးနှောင့်ယှက်မှုများကို ကြံ့ကြံ့ခံတွန်းလှန်နိုင်မည့် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကိုဖြည့်စွမ်းနိုင်ရေး အခက်အခဲများကြားက ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ပါဝင်တက်ရောက်နေကြသည့် မျိုးဆက်သစ်နိုင်ငံ့သားကောင်း လူငယ်များလည်းရှိသည်။

**အလုပ်မှန်ဖို့ လိုပါသည်**

ဘဝလမ်းပေါ် လျှောက်လှမ်းခါစ လူငယ်များအတွက် ယခုအချိန်သည် အလွန်အရေးကြီးသည့် အချိန်ပင်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် အခက်အခဲများနှင့်ရင်ဆိုင်နေရချိန်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း လိုအပ်ချက်များရှိနေသည့်အချိန်တွင် လိုအပ်သည့်ကွက်လပ်ကို ဖြည့်ဆည်းတတ်ရန်လိုသည်။ မြန်မာနိုင်ငံ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရေးအတွက် ယခုအချိန် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို အစိုးရနှင့်လက်တွဲရင်ဆိုင်ကြရမည်မှာ မျိုးဆက်သစ်လူငယ်များ၏တာဝန်ပင်ဖြစ်သည်။ သဘာဝဘေးကြောင့် အခက်အခဲကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို မျိုးဆက်သစ်လူငယ်များ၏ ခွန်အားဖြင့် ဖြည့်ဆည်းနေရသည့်ကာလတွင် လက်ရှောင်ကာထွက်ပြေးကြမည်ဆိုလျှင် မြန်မာမပီသသူ၊ လူသားတာဝန်မကျေပွန်သူဟုပင် ဆိုရမည်ဖြစ်သည်။

မည်သို့ပင် အခက်အခဲကြုံတွေ့နေရစေကာမူ မြန်မာ့သတ္တိကို ကမ္ဘာကသိအောင်ပြမည်ဆိုသော တပ်မတော်သားများ၊ ပရဟိတလူငယ်များသည် ငလျင်ဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အပြုံးမပျက်ပါဝင် အားဖြည့်နေသည်မှာ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်ကွက်လပ်များကို မျိုးချစ်စိတ်ဓာတ်ဖြင့် ဖြည့်ဆည်းပေးကြခြင်းဖြင့် လူသားဂုဏ်နှင့်ပြည့်စုံသူ၊ လူသားတာဝန်ကျေပွန်သူ၊ နိုင်ငံသားတာဝန်ကျေပွန်သူ နိုင်ငံ့အနာဂတ်တော်ဝင်ပန်းကလေးများ ဖြစ်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ။

ဝတ္ထုတိုကလျာ

# နံ့

လင်းယုန်ဇော်



(၁)

"အစ်ကိုကြီး ကျွန်တော်အလုပ်ရပြီ"

အငယ်ကောင်စကားကြောင့် သူဝမ်းသာသွားရသည်။ အငယ်ဆုံးလေးမို့ အလုပ်မလုပ်စေချင်သော်လည်း ဆယ်တန်းနှင့်ကျောင်းထွက်ပြီး ယောင်ပေပေလုပ်နေသော အငယ်ကောင်ကို အလုပ်လေးတစ်ခုလောက် သူ့အသိစိတ်ဓာတ်ဖြင့် လုပ်စေချင်နေမိတာကတော့ အမှန်ပင်။ အခုတော့လည်း သူ့ဆုတောင်းများ ပြည့်ခဲ့လေပြီ။

"ကောင်းတာပေါ့ကွာ။ ဘာအလုပ်ဖြစ်ဖြစ် ကြိုးစားရိုးသားပြီးလုပ် ညီလေး"

"စိတ်ချပါအစ်ကိုကြီးရာ ညီလေးအကြောင်းလဲ အစ်ကိုကြီးသိရဲ့သားနဲ့ မလုပ်ဘူးဆိုမလုပ်ဘူး။ လုပ်ပြီဟေ့ဆိုလဲ အောင်မြင်အောင်လုပ်တဲ့သူပါဗျ"

"အေးပါကွာ ဒီစကားပဲ ကြားချင်တယ်"

သူပြောရင်းဖြင့် အလုပ်သွားရန်ပြင်လိုက်သည်။ ညီလေးအတွက် မနေ့ကကျန်နေသော ဝက်သားဟင်းကို ထားခဲ့လိုက်ပြီး သူအတွက်တော့ ကြက်ဥကြော်ထည့်သွားလိုက်သည်။ သူ့အနေဖြင့် ထမင်းချိုင့်ပါတယ်ဆိုရင် ပြီးပြီဖြစ်သည်။ ဟင်းက အဓိကမဟုတ်။ ညီလေးအတွက်သာ အဓိကဟု ခံယူထားတတ်သည် သူ့မှာ ဦးစားပေးစရာဆို၍ သည်ညီလေးပဲ ရှိတာမဟုတ်ပါလား။

(၂)

"အစ်ကိုကြီး ပိုက်ဆံတစ်သိန်းလောက် ချေးပါလား။ ညီလေးအလုပ်က ပိုက်ဆံထုတ်ရင် ပြန်ပေးပါ့မယ်။ သူငယ်ချင်းတွေ KTV သွားချင်တယ်ဆိုလို့ လိုက်ပို့ပေးမလို့"

ညီဖြစ်သူစကားကြောင့် သူအံ့သြခဲ့ရပြန်သည်။

"မင်းအလုပ်က ပိုက်ဆံမရသေးဘူး။ မင်းက ကြိုသုံးနေတာလားညီလေး။ ပိုက်ဆံရမှ သွားပါလားကွာ"

"ဟာဗျာ အစ်ကိုကြီးကလဲ ပိုက်ဆံလေးတစ်သိန်းကို ဘာဖြစ်နေတာလဲ။ ဟိုကောင်တွေက အလုပ်ရတဲ့အထိမ်းအမှတ်နဲ့ ဂုဏ်ပြုပေးပါဆိုလို့ပါ။ ညီပိုက်ဆံရတာနဲ့ ပြန်ပေးပါ့မယ်ဗျာ"

"မဟုတ်သေးဘူးညီ။ မင်းဟာက မရသေးဘူး ကြိုသုံးသလိုဖြစ်နေပြီ။ အလုပ်က လုပ်လို့ပြီးပြီဆိုမှ ရတဲ့ပိုက်ဆံကို သုံးတာအကြောင်းမဟုတ်ဘူးလေ ညီလေးရယ်။ အကြောင်းကြောင်းကြောင့် တစ်ခုခုလွဲချော်သွားရင်"

သူ့စကားပင်မဆုံးလိုက်–

"ဟာဗျာ အစ်ကိုကြီးကလဲ မချေးချင်နေဗျာ။ အပိုစကားတွေလျှောက်ပြောမနေနဲ့။ သူများတွေဆီက ယူရင် အတိုးပေးရမှာစိုးလို့ သူ့ဆီကချေးပါတယ် တော်ကီတွေ စွတ်လွှတ်နေတယ်။ သူများဆီကပဲ ယူတော့မယ်"

ညီလေးစကားကြောင့် သူဘာမှမပြောနိုင်တော့ တကယ်လည်း သူ့မှာလက်ထဲငွေကျန်လေးက တစ်သိန်းမပြည့်။ ဒါလေးကိုထိန်းပြီး တစ်လလုံး သူသုံးသွားရမည်မဟုတ်ပါလား။ သက်ပြင်းကိုသာ မှုတ်ထုတ်ရင်း ညီဖြစ်သူရဲ့ကျောပြင်ကိုသာ ငေးကြည့်နေမိတော့သည်။

(၃)

အိမ်ကို ငွေမပို့ဖြစ်သည်မှာကြာခဲ့ပြီမို့ ဒီလတော့ သူ့အမေတို့ကို တတ်နိုင်သလောက်တော့ပို့မည်ဟု ဆုံးဖြတ်ထားသည်။ အမေရော အဖေပါ နေကောင်းရဲ့လားဟု အတွေးဝင်မိပြန်သည်။ ဟိုတစ်လောကတောင် အဖေ ဆီးချိုတက်နေကြောင်းသိထားသည်။ ဖုန်းဆက်တိုင်းလည်း အမေက ညီလေးအကြောင်းကိုသာ မေးတတ်သည်။ အထွေးဆုံးသားမို့ အချစ်ပိုသည်ထင်ပါ့။ ညီလေးကို ဂရုစိုက်ရန်၊ မလိမ္မာတာရှိလျှင်လည်း သေချာသွန်သင် ဆုံးမရန် အမြဲမှာတတ်သည်။ သူကတော့ ညီလေးအကြောင်းတွေကို အကုန်မပြောဖြစ်ပါ။ ညီလေးလိမ္မာကြောင်း၊ အလုပ်ရလို့ အလုပ်ဝင်နေကြောင်း၊ အမေတို့ကို စိတ်ချမ်းသာစေမည့်အကြောင်းအရာများကိုသာ သူရွေးချယ်ပြောခဲ့သည်က များလေသည်။ သူတို့ညီအစ်ကိုတွေ ရွာကထွက်လာတော့ အမေက မျက်ရည်လေးစမ်းစမ်းနဲ့မို့ အဖေက ဟန့်နေသေးတာ မှတ်မိနေသည်။

“ကလေးတွေအလုပ်သွားလုပ်တာ မင်းက ငိုနေရင် ဟိုက စိတ်ဖြောင့်မှာမဟုတ်ဘူးလေ။ မငိုပါနဲ့ မိန်းမရယ်တဲ့"

ဒါပေမဲ့ ပြောနေသည့်အဖေကိုယ်တိုင် မျက်ဝန်းထဲတွင် မျက်ရည်များဝဲပြီး မျက်ရည်မကျအောင် မနည်းထိန်းနေခဲ့သည်ကို သူတွေ့မြင်ခဲ့ရသည်မဟုတ်ပါလား။ အခုအချိန်မှာတော့ ညတိုင်း အဖေတို့၊ အမေတို့ကျန်းမာစေကြောင်း သူဆုတောင်းပေးနေရုံသာ တတ်နိုင်သည်မဟုတ်ပါလား။

(၄)

လမ်းထိပ်နားက ခွေးဟောင်သံတချို့ကို သူကြားလိုက်ရသည်။ နာရီကိုကြည့်လိုက်တော့ ၁၁ နာရီထိုးပြီးလို့ ၁၀ မိနစ်ကျော်နေပြီ။ အခုထိ ညီလေး ပြန်မရောက်လာသေး။ တကယ်ဆို ဒီအချိန်ဆို ညီလေးပြန်ရောက်ဖို့ကောင်းနေပြီ မဟုတ်ပါလား။ အငယ်ဆုံးမို့ အလိုလိုက်ထားသမျှသည် အခုတော့ စိတ်ပူနေရသည့်အဖြစ်။ အခုတစ်လော ညီလေး ခြေလှမ်းများပျက်နေသည်ကို သူသတိထားမိသည်။ ဘာတွေလုပ်နေလဲဆိုတာ ညီလေးကိုယ်တိုင်ပဲသိလိမ့်မည်ထင်သည်။ ထိန်းချုပ်ထားလွန်းရင်လည်း ပိုဆိုးသွားမှာ စိုးရိမ်ရပြန်သည်။ မိဝေးဖဝေးနှင့် ညီအစ်ကိုနှစ်ယောက် ဘဝကိုကြိုးစားချင်လို့ ဒီနေရာကို ရောက်လာခဲ့ခြင်းဖြစ်ပြီး သူကတော့ ကြိုးစားမှု၏ရလဒ်ကိုခံစားနေရပြီး ညီလေးကတော့ အလုပ်ရသည်ဟုသာသိထားရပြီး ဘာတွေလုပ်လို့ ဘယ်လောက်ရမှန်း သူမသိသေး။ အခုတစ်လော ကြားနေရသည်များက အကောင်းတစ်ခုမျှမရှိ။ သူငယ်ချင်းများနှင့် လောင်းကစားလုပ်နေတတ်ကြောင်း သူကြားသိထားသည်။ အပျော်ဆော့ကြတာဟု သိထားသော်လည်း အပျော်အပျော်နှင့် ကြာရင်ပျက်တတ်သည်မဟုတ်ပါလား။ သည်ကြားထဲ အလုပ်ကိုအကြောင်းပြပြီး မိုးလင်းကမိုးချုပ် ထွက်သွားတတ်ပြီး ပြန်လာရင်လည်း မူးလာနေတတ်သည်။ ဒီအချိန်ထိ မရောက်သေးတာထောက်ရင် သူငယ်ချင်းများနှင့် ဆိုင်ထိုင်နေခြင်းဖြစ်မည်။

ဖူးကနဲနေအောင် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ စိတ်ထဲတွင်လည်း ဟိုးငယ်စဉ်က အဖြစ်အပျက်လေးတစ်ခုကို မြင်ယောင်မိပြန်သည်။ မစားရက်မသောက်ရက် စာအုပ်ထဲညှပ် စုထားသောပိုက်ဆံများမရှိတော့ သူစိတ်တိုသွားသည်။ ဒါ အငယ်ကောင်လက်ချက်ပဲဆိုတာ သူတန်းသိလိုက်သည်။ ဒါကြောင့် အငယ်ကောင်ရှိရာ လောင်းကစားဝိုင်းသို့ လိုက်သွားလိုက်သည်။ ဟိုရောက်တော့ ညီလေးကို ရွယ်တူကောင်လေးနှစ်ယောက်နှင့် ငြင်းခုံရန်ဖြစ်နေသည်ကို တွေ့လိုက်ရတော့ သူမနေသာတော့ဘဲ ညီလေးဘက်ကဝင်ပြီး ရန်ပွဲထဲဝင်ပါခဲ့ရလေသည်။ အိမ်ရောက်တော့ အဖေက ရန်ဖြစ်ရပ့ါမလားဆိုပြီး ညီအစ်ကိုနှစ်ယောက်စလုံး အရိုက်ခံရလေတော့သည်။ ငိုနေတဲ့ညီလေးကိုကြည့်ပြီး သူ့ပိုက်ဆံကိစ္စကို မပြောဖြစ်ခဲ့တော့။ နောက်ပိုင်း ညီလေးကို လောင်းကစားမလုပ်ရန် သူတားမြစ်ပေမဲ့ လစ်ရင်လစ်သလို သွားသွားဆော့တတ်သည်သာ။

(၅)

ဒီနေ့ ညီလေးဘယ်မှမသွားဘဲ ငုတ်တုတ်ထိုင်နေသည်ကို တွေ့လိုက်ရလို့ သူအံ့သြသွားသည်။

"ညီလေး မျက်နှာလဲမကောင်းပါလား။ ဘာလဲ ညကများသွားလို့လား"

"မဟုတ်ပါဘူး အစ်ကိုကြီးရာ။ ညီလေးစိတ်တွေညစ်နေလို့"

"ဘာဖြစ်လို့လဲညီလေးရယ်။ အစ်ကိုကြီးကို ပြောပြပါလား"

"ကျွန်တော် ရုံးကပိုက်ဆံတွေ မရတော့ဘူး အစ်ကို။ ကြိုတင်ယူထားတာနဲ့ ကုန်သလောက်ဖြစ်နေပြီ။ ဒီကြားထဲ နောက်ထပ်ရဖို့ရှိတဲ့ပိုက်ဆံတွေကလဲ ရုံးကမန်နေဂျာက ယူပြီးထွက်ပြေးသွားလို့ အလုပ်ဆိုဒ်ကလဲ အခုနားထားရတယ်"

"ကျွန်တော်လဲ သူငယ်ချင်းတွေနဲ့အပျော်ဆော့ရင်း အကြွေးတွေတင်ထားတာလဲမနည်းဘူး အစ်ကိုကြီး။ အခု အကြွေးသမားတွေကတောင်းနေပြီ။ ပေးစရာလဲ ကျွန်တော့်မှာမရှိသေးဘူးအစ်ကိုကြီးရာ စိတ်ညစ်တယ်။ အကြွေးတွေမပေးနိုင်ရင် သူတို့က လူမိုက်တွေနဲ့ ရှင်းခိုင်းတော့မှာ စိတ်ညစ်တယ် အစ်ကိုကြီးရာ"

ညီလေးစကားကြောင့် သူစိတ်ညစ်သွားရသည်။ ညီလေးကို ဘယ်လိုကူညီရင်ကောင်းမလဲဆိုသော အတွေးများက ချာချာလည်စေပြန်သည်။ သို့သော် ညီလေးကိုတော့ စိတ်မညစ်စေရန် အားပေးစကားတော့ ဆိုရပြန်သည်လေ။

"စိတ်မညစ်ပါနဲ့ညီလေးရာ၊ ကိုယ်လုပ်ပြီးသားပြဿနာတွေပဲ ခေါင်းအေးအေးထားပြီး ဘယ်လိုဖြေရှင်းရမလဲဆိုတာ အဖြေရှာကြတာပေါ့ကွာ။ မင်းဘယ်လောက်တောင်ပေးရမှာမလို့လဲ"

"သိန်း ၁၀၀"

"ဘာ မနည်းမနောပါလားကွာ။ မင်းဥစ္စာက ဟုတ်ရဲ့လား"

"အစယူတုန်းကတော့ နည်းနည်းပါးပါးယူတာ အစ်ကိုကြီး။ နောက်တော့ အတိုးပေါ်အတိုးဆင့်ရင်း ငွေတွေများလာတာ"

သူသက်ပြင်းတစ်ချက်ကို မသိမသာချလိုက်မိသည်။ ညီလေးကို သူဘယ်လိုကူညီရင်ကောင်းမလဲဟု အတွေးတို့ဖြင့်သာ ခေါင်းထဲမှာ စိုးမိုးနေလေတော့သည်။ သို့သော်လည်း ညီလေးကို နောင်တရအောင်တော့ ပစ်ထားလိုက်ချင်သေးသည်။

(၆)

"ရော့ ညီလေး မင်းလိုနေတဲ့ငွေတွေ"

ငွေထုပ်ကိုညီလေးရှေ့ချပေးလိုက်တော့ညီလေး မျက်နှာ ဝင်းခနဲဖြစ်သွားသည်။ သူ့ကို မယုံတစ်ဝက် မျက်နှာလေးဖြင့် လှည့်ကြည့်ပြီး–

"အစ်ကိုကြီး ဒီငွေတွေ ဘယ်လိုရှာလာတာလဲ"

"ငါ့ဘာသာ ဘယ်လိုရှာလာလာ မင်းကိစ္စမဟုတ်ပါဘူး။ မင်းကိစ္စက နောက်တစ်ခါ လောင်းကစားမလုပ်ပါဘူး။ သူများဆီက ငွေတွေမချေးတော့ပါဘူးလို့ ကတိပေးရမယ်"

"ဟာ စိတ်ချပါအစ်ကိုကြီးရယ် ကျွန်တော်မမိုက်တော့ပါဘူး။ နောင်တလဲရနေပါပြီ။ ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်"

"ညီအစ်ကိုချင်း ကျေးဇူးတင်စရာမလိုပါဘူး၊ မင်းသာ ကတိတည်ပါစေ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီးရာ"

ညီလေးကို မျက်နှာမညှိုးစေချင်တာရယ်၊ ပတ်ဝန်းကျင်မှာ ညီလေးသိက္ခာကျမှာစိုးတာရယ်ကြောင့် သူစုထားသမျှငွေများနှင့် ရှိစုမဲ့စုရွှေစကလေးများ ထုတ်ရောင်းလိုက်ရသည်။

စာမျက်နှာ ၂၅ သို့ ➤

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၄၃၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၄၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၉၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၃၂၃၈ ဧက စုစုပေါင်း ၁၄၄၃၅ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲကြီး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲကြီး စိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းအိမ်မဲမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ငွေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရာ ဇွန်လအတွင်းက ငါးဖယ်ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးဖယ်ပိသာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ဇူလိုင်လထဲ တင်ပို့ခဲ့တဲ့ ငါးဖယ်တွေက အရည်အသွေး ကောင်းပါတယ်။ ရန်ကုန်ဈေးကွက်က ဒီလထဲမှာလဲ ငါးဖယ်တွေကို မှာယူနေပါတယ်။ အခုလို ငါးဖယ်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေအကုန် အဆင်ပြေလာပါတယ်''ဟု အိမ်မဲမြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ငွေးက ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ်တစ်ပိသာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ဈေးပေါက်နေကြောင်း အိမ်မဲမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ခင်ငွေးက ပြောပြသည်။

**ကျော်ကျော်လင်း**

## ဘဝလမ်း လှပစေ

- မီးစာကုန် ရေခန်းတော့
ပြန်လမ်းက ခေါ်ချိန်တန်၊
တစ်သက်တာ စုဆောင်းထား
ဘာများသင်ကျန်၊
အကုသလ် ကုသလ်
အကြောင်းဖန် အထုပ်ပိုး၊
စိတ်စေရာ အယူစွဲနဲ့
လွဲခဲ့အမျိုး။

- ကံ ကံ၏အကျိုး
ဖြစ်ပျက်ရိုး ဓမ္မတာ၊
အမှားအမှန် အကောင်းအဆိုး
ကြောင်းကျိုးဖွေရှာ၊
ဒါန သီလ ဘာဝနာ
မွန်မြတ်ရာ ကောင်းအကျင့်၊
နိဗ္ဗာန်ရည် မျှော်မှန်းလို့
ကြိုးပမ်းရန်သင့်။

- မာန အတ္တ ဖယ်ခွာချင့်
တွယ်တာဝင့် မေတ္တာမှု၊
လှပစေ စိတ်နှလုံး
ရွှင်ပြုံးကြည်ဖြူ၊
အခက်ခဲများ မညည်းညူ
ရိုင်းပင်းကူညီ ကြင်နာပေး၊
ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
ရိုးသားကွဲ့လေး။

- မြေဝါမြင်ကာ ကြံဆတွေး
မှန်ကန်ရေး ပညာဖွေ၊
အတွေ့ကြုံ ဗဟုသုတ
ရှာကြပါလေ၊
ဖွဲ့ လုံ့လ ဝီရိယစေ
ကြိုးစားနေ ဘဝလမ်း၊
စွမ်းနိုင်ရာ ပရဟိတ
ဖြည့်ကြရွှင်လန်း။ ။

**ကိုရွှေတောသား(ဆင်ကူး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

➤ စာမျက်နှာ ၂၄ မှအဆက်

(၇)

"ဗျာ"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဟုတ် လာခဲ့ပါမယ်ခင်ဗျာ"

ရဲစခန်းက ဆက်သွယ်လာသောဖုန်းကြောင့် သူခေါင်းနားပန်းကြီး သွားသည်။ ညီလေးဘာဖြစ်လို့ပါလိမ့် စိုးရိမ်ပူပန်စိတ်တို့ဖြင့် ရဲစခန်းကို အပြေးသွားလိုက်မိတော့သည်။ စခန်းရောက်တော့ ညီလေးရဲ့သူငယ်ချင်း ဆိုသည့် ကောင်လေးနှစ်ယောက်က အရင်ရောက်နေကြသည်။ ညီလေးနှင့်မတွေ့ရသေး။

"ညီလေးတို့ အစ်ကိုကြီးညီလေး ဘာဖြစ်တာလဲ၊ ဘာအမှုလဲ"

သူ့စကားကြောင့် ညီလေးသူငယ်ချင်းများက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ ပြီးတော့မှ-

"စိတ်တော့မကောင်းဘူး အစ်ကိုကြီးရာ ခိုးမှုတဲ့"

"ဟင်"

သူ ခေါင်းတွေချာချာလည်သွားရသည်။ ဘာဖြစ်လို့ ညီလေးက ခိုးမှုဖြစ်ရတာလဲ။ မဖြစ်နိုင်တာ ညီလေးအကျင့်စာရိတ္တတွေ အဲသည် လောက်မဆိုးရွားနိုင်ပါ။ ဘာကိုများ ယူမိ၊ ခိုးမိလို့လဲလေ။

"သူ ပိုက်ဆံပေးစရာကျန်သေးတယ်အစ်ကိုကြီး။ အစ်ကိုကြီးကို ပြောပြခဲ့တဲ့အကြွေးက အကုန်မဟုတ်ဘူး ကျန်သေးတယ်။ အစ်ကိုကြီး ကို အကုန်ပြောရင် အဆင်မပြေမှာစိုးလို့ဆိုပြီး ချန်ထားခဲ့တာ။ အခု အဲဒီ အကြွေးသမားက တောင်းလို့မရရင် ခေါကြိမ်းကြိမ်းလို့ သူလဲကြောက်ပြီး ကြံရာမရတဲ့အဆုံးအလုပ်ထဲက ပစ္စည်းတွေကို ခိုးထုတ်တာ ဘောစိက တွေ့သွားပြီး ပစ္စည်းလက်ဝယ်နဲ့ဖမ်းမိလို့ ရဲလက်အပ်လိုက်တယ်လို့ သိရတာပါပဲ အစ်ကိုကြီးရယ်"

ဖြစ်ရလေညီလေးရယ်။ အခုမှတော့ သူဘာမှမတတ်နိုင်တော့။ ကိုယ်ပြု သည့်ကံ ကိုယ်ပဲခံဖို့ရှိတော့သည်လေ။ ညီလေးကို အကြိမ်ကြိမ်တားထား သည့်ကြားက လောင်းကစားနှင့် အကြွေးနှံ့မှာနစ်ခဲ့လေတော့ ညီလေး အတွက် ဥပဒေရဲ့အဆုံးအမကို နာခံရုံမှတစ်ပါးအခြားမရှိတော့ပါလေ။

ကံ့ကော်ဖြူ

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက်ပါ အရေးပါဆုံးသောအုတ်မြစ်တစ်ခုဖြစ်သည်။ ပညာရေးသည် လူသားတစ်ဦးကို မှန်ကန်သောအတွေးအခေါ်၊ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ကိုယ်ကျင့်တရားတို့ဖြင့်ပြည့်စုံစေပြီး ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ခုတည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ပညာရေးသည် ရပ်တန့်၍ရသောအရာမဟုတ်။ လူတို့၏အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှုနှင့် သဘောထားအယူအဆ၊ အမြင်တို့ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရသည့်ဖြစ်စဉ်တစ်ခုဖြစ်သဖြင့် လူငယ်များသည် မိမိတို့၏ဆန္ဒ၊ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက် ကလေးဘဝမှစ၍ ပညာကိုဆည်းပူးလေ့လာရန်လိုအပ်သည်။

**အသိပညာနှင့် ကျွမ်းကျင်မှုများတိုးတက်စေခြင်း**

ပညာရေးသည် စာဖတ်ခြင်း၊ ရေးသားခြင်း၊ သင်္ချာတွက်ချက်ခြင်း စသည့်အခြေခံပညာရပ်များမှစ၍ သိပ္ပံ၊ နည်းပညာ၊ အနုပညာ၊ စီးပွားရေးစသည့်ဘာသာရပ်အသီးသီးမှအသိပညာများပေးစွမ်းသည်။ ထိုအသိပညာများသည် လူတစ်ဦးကို ဘဝတွင် အောင်မြင်စွာရပ်တည်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။

**ဝေဖန်ပိုင်းခြားနိုင်သောအတွေးအခေါ်ကို မြှင့်တင်ပေးခြင်း**

လူတစ်ဦးသည် ပညာသင်ကြားခြင်းဖြင့် သတင်းအချက်အလက်များကို ရိုးရိုးရှင်းရှင်းလက်ခံရုံသာမကဘဲ အကျိုးသင့်အကြောင်းသင့်ဝေဖန်ပိုင်းခြားသုံးသပ်နိုင်စွမ်းကိုလည်း ရရှိသည်။ မှန်ကန်သောဆုံးဖြတ်ချက်များချနိုင်ရန်နှင့် ပြဿနာများကိုဖြေရှင်းနိုင်ရန်အတွက် ဤစွမ်းရည်သည် အလွန်အရေးကြီးသည်။

**ကိုယ်ရည်ကိုယ်သွေးနှင့် ကိုယ်ကျင့်တရားတိုးတက်စေခြင်း**

ပညာရေးသည် စာသင်ခန်းထဲမှ သင်ခန်းစာများသက်သက်မဟုတ်ဘဲ လူမှုဆက်ဆံရေး၊ စည်းကမ်း၊ သည်းခံခြင်းနှင့် တာဝန်ယူမှုစသည့် ကိုယ်ကျင့်တရားဆိုင်ရာကဏ္ဍများကိုပါ သင်ကြားပေးသည်။ ပညာရေးသည် လူတစ်ဦးကို လူ့အဖွဲ့အစည်းနှင့် သဟဇာတဖြစ်အောင် နေထိုင်တတ်စေရန်ကူညီပေးသည်။

**စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုခြင်း**

ပညာတတ်လူ့အဖွဲ့အစည်းတစ်ခုသည် ဆန်းသစ်တီထွင်မှုများကိုဖန်တီးနိုင်ပြီး စီးပွားရေးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်နိုင်သည်။ ပညာရေးသည် ဆင်းရဲမှုကိုတိုက်ဖျက်နိုင်သည့် အစွမ်းထက်သောလက်နက်တစ်ခုဖြစ်ပြီး လူမှုဘဝအဆင့်အတန်းကိုလည်း မြှင့်တင်ပေးသည်။

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျသည်။ ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းသို့ရောက်ရှိပါက အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့်အညီ ကျွမ်းကျင်တတ်မြောက်ရမည့် အသိပညာဗဟုသုတများ၊ အသိပညာအတတ်ပညာများကို ပြည့်စုံစေမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံပညာရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်၌ပါဝင်နေပြီး ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံသားများ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်ကြသည်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အင်အားစုများဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်တွင် ကျောင်းမနေခဲ့ရဘဲ စာတတ်မြောက်ခြင်းမရှိသေးသည့် ကျောင်းနေအရွယ်လွန်ကလေးများကို တစ်ယောက်မျှမကျန်ရအောင် ကောက်သင်းကောက်ယူပြီး စာသင်ပေးလျက်ရှိသည်။ ထိုသို့ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်သူများ လုံးဝပပျောက်သွားမည်ဖြစ်သည်။ ကျောင်းနေအရွယ်တွင် ကျောင်းနေခွင့်မရခဲ့သည့် စာမတတ်သူကျောင်းနေအရွယ်လွန်များ ပပျောက်သွားမှသာ စာမတတ်သူ လုံးဝပပျောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ပညာဆည်းပူးလေ့လာရာတွင် စာသင်ကျောင်းသည်အကောင်းဆုံး၊အသင့်လျော်ဆုံးပညာသင်ယူရာနေရာဖြစ်၍ ပညာပေးရာစာသင်ကျောင်းသို့ ကျောင်းနေအရွယ်ကလေးအားလုံး ရောက်ရန်အရေးကြီးပေသည်။ ပညာခေတ်တွင် မိမိတို့၏ ရင်သွေးငယ်များ နောက်ကျကျန်ရစ်မှုမဖြစ်စေရန်၊ ဆုံးရှုံးနစ်နာမှုမဖြစ်စေရန် မိဘတို့က ဝတ္တရားရှိသည့်အတိုင်း ငယ်စဉ်ကတည်းက ပညာသင်ကြားနိုင်ရန် အခြေအနေကောင်းများကို ဖန်တီးပေးကြရမည်ဖြစ်သည်။ ပညာရှာလူငယ်များ၏အနာဂတ်ကို အလေးထားလေးစားသောအားဖြင့် မပျက်မကွက်ကျောင်းအပ်နှံပေးကြရမည်ဖြစ်သည်။ ပညာရှာလူငယ်များအနေဖြင့်လည်း အပြိုင်အဆိုင်ပို၍မြင့်မားလာသော ယနေ့ကမ္ဘာတွင် သာမန်ထက်ထူးချွန်သည့် လူရည်ချွန်ပညာတတ်ကြီးများဖြစ်လာစေရန် ကိုယ်တိုင်ကြိုးစားလေ့လာသင်ယူကြရန်လိုအပ်သည်။ ပညာမရှိလျှင် မျက်မမြင်နှင့်အလားတူ၍ စမ်းတဝါးဝါးဖြင့် လိုရာမရောက်ဘဲဒုက္ခမျိုးစုံကြုံရသလို အရာရာတွင် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းမရှိသဖြင့် နောက်ဆုံး ဒုက္ခအတွင်း၌သာ နစ်မြုပ်ရသည်။ ထို့ကြောင့် အရာရာတွင် အဆိုး၊ အကောင်း၊ အကျိုး၊ အကြောင်းကို ခွဲခြားသိတတ်သောပညာရှိရန် လိုအပ်သည်။

ပညာရေးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင်"ဖြစ်ပေါ်တိုးတက်နေသည့်ကမ္ဘာ့အခြေအနေများအရ လူ့ဘဝရပ်တည်ရန်အတွက် လူတစ်ယောက်သည် အနည်းဆုံးအလယ်တန်းပညာအဆင့်ထိတတ်သင့်ကြောင်း၊ ထို့ကြောင့်မိမိတို့အစိုးရအနေဖြင့် လူတိုင်း KG+9 ထိ ပညာသင်ကြားရန် ဦးတည်ချက်ချမှတ်ထားကြောင်း၊ အဆိုပါ ဦးတည်ချက်ပေါက်မြောက်အောင်မြင်ရန် လူတိုင်း KG+9 ထိပြီးမြောက်အောင်မြင်ရေးအတွက် မသင်မနေရသင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံးပညာသင်ကြားနိုင်ရေး၊ အထူးသဖြင့် အခိုက်အတန့်ကျောင်းအပ်လျော့နည်းနေသည့် မူလတန်းအရွယ်ကလေးတိုင်းကျောင်းအပ်နှံရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများပူးပေါင်းပြီး လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ရှင်းပြခြင်း၊ အားပေးပံ့ပိုးခြင်းနည်းလမ်းအသွယ်သွယ်ဖြင့် စဉ်ဆက်မပြတ်ဆက်လက်ပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တစ်ဖက်တွင်လည်း အလယ်တန်းနှင့် အထက်တန်းတွင် ကျောင်းဝင်နှုန်းတိုးမြှင့်လာပြီး တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားလာသည်နှင့် ကျောင်းထွက်မှုနှုန်းလျော့နည်းသွားသည်ကိုလည်း တွေ့ရကြောင်း၊ အလယ်တန်းအဆင့် Grade 9 အောင်မြင်ပြီးမြောက်သူများအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် သက်မွေးပညာရေးအပါအဝင် သင်ယူမှုအခွင့်အလမ်းများကို ယခုထက် ပိုမိုဖော်ထုတ်အားပေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း"ထည့်သွင်းပြောကြားခဲ့သည်။

**ခေတ်မီပညာရေးနှင့် စိန်ခေါ်မှုများ**

ယနေ့ခေတ်တွင် ပညာရေးသည် ပုံသေသင်ကြားနည်းများမှ နည်းပညာအခြေပြုသင်ကြားနည်းများသို့ တိုးတက်ပြောင်းလဲလာသည်။ အင်တာနက်နှင့် ဒစ်ဂျစ်တယ်နည်းပညာများကြောင့် အွန်လိုင်းသင်တန်းများ၊ အဝေးသင်ပညာရေးစနစ်များပေါ်ပေါက်လာပြီး ပညာသင်ယူခွင့်ကို ပိုမိုကျယ်ပြန့်လာစေသည်။ သို့သော်လည်း ခေတ်မီပညာရေးတွင် စိန်ခေါ်မှုများလည်းရှိနေသည်။ နည်းပညာကွာဟမှု(Digital Divide)၊ သင်ရိုးညွှန်းတမ်း ခေတ်နောက်ကျခြင်း၊ ခေတ်မီသင်ကြားရေးနည်းစနစ်များကို ကျွမ်းကျင်စွာအသုံးပြုနိုင်မည့် ဆရာ၊ ဆရာမများ ရှားပါးနေသေးခြင်း၊ ခေတ်မီပညာရေးကို အကောင်အထည်ဖော်ရန်အတွက် လုံလောက်သောဘတ်ဂျက်နှင့် ရန်ပုံငွေများလိုအပ်ခြင်း စသည့်စိန်ခေါ်မှုများကို ဖြေရှင်းရမည်ဖြစ်သည်။

ပညာရေးသည် လူ့ဘောင်လောကကို ပြောင်းလဲစေနိုင်သော အစွမ်းထက်ဆုံးကိရိယာဖြစ်သည်။ လူတိုင်းအတွက် အရည်အသွေးပြည့်ဝသောပညာရေးကိုရရှိစေရန် ဆောင်ရွက်ပေးခြင်းသည် တိုင်းပြည်တစ်ပြည်၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ ပညာရေးသည် အလင်းရောင်ဖြစ်ပြီး ထိုအလင်းရောင်ဖြင့် ကျွန်ုပ်တို့၏ဘဝနှင့် လူ့အဖွဲ့အစည်းကို ပိုမိုတောက်ပအောင် ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်သောကြောင့် ပညာရေး၏တန်ဖိုးကိုနားလည်ပြီး လူတိုင်းပညာတတ်စေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နိုင်ငံပိုင်သတင်းစာများ။**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၆၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၆၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၅၂၅ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၈၆၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ၃၈၅၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၈၆၁၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပဲခူးမြို့နယ် ကလိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကလိကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း( ဆီထွက်သီးနှံ ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဖြင့် ကျေးလက်နေပြည်သူများ ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ ပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ကလိကျေးရွာရှိ ဆီထွက်သီးနှံစိုက်ပျိုးမည့်အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ယခုနှစ် ဇွန်လအတွင်းက ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''မအူပင်မြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ဒေသထွက်စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေပါတယ်။ မအူပင်မြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ တစ်လအတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၃၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ဆန်တွေအဝယ်လိုက်နေပါတယ်" ဟု မအူပင်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များကို အဆက်မပြတ်တင်ပို့ ရောင်းချနေရခြင်းကြောင့် စပါး စိုက်ပျိုးသည့် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ လုပ်ငန်းအဆင်ပြေလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ဆင်တိုင်းကန်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆင်တိုင်းကန်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်ပန်းတောင်းမြို့နယ် ဆင်တိုင်းကန်ကျေးရွာ၌ အလျား ပေ ၂၀၀၊ အနံ ပေ ၂၀၀၊ အနက် ၃ ပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၃၂ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ယခုနှစ်ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **သံသာ**

# ကျောင်းကုန်းမြို့နယ် ဇလီကွင်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောင်းကုန်း ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ဇလီဒေါင့်ကျေးရွာအုပ်စု ဇလီကွင်းကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ် ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်နှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ဗို့၄၀၀ ဓာတ်အားလိုင်း လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်က ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များကို လျှပ်စစ်မီး အကျိုးရှိစွာအသုံးပြုကြရန်နှင့် လျှပ်စစ်အန္တရာယ်များ မဖြစ်ပေါ်စေရန်အတွက် မြို့နယ်လျှပ်စစ်ဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန် အကြံပြုပြောကြားခဲ့သည်။

ဇလီကွင်းကျေးရွာ၌ အရှည် ၁၄၃၈ ပေရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်း လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၆ ဒသမ၂၃ သန်းဖြင့် ယခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် လျှပ်စစ်မီးကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးလာမည်ဖြစ်ကြောင်း ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**



# တောမီးလောင်ကျွမ်းမှုကြောင့် EU အဖွဲ့ဝင်နိုင်ငံများအတွင်း သစ်တောမြေဟက်တာ တစ်သန်းကျော်ပျက်စီးခဲ့



**ဘရပ်ဆဲလ် ဩဂုတ် ၂၇**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်း(EU) က ၂၀၂၅ ခုနှစ်အတွင်း EU အဖွဲ့ဝင်နိုင်ငံများ၏ မှတ်တမ်းများအရ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ တစ်သန်းကျော်ပျက်စီးခဲ့ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

EU အဖွဲ့ဝင်နိုင်ငံများအတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ခြင်းကို ၂၀၀၆ ခုနှစ်မှစ၍မှတ်တမ်းများ ရယူခဲ့ခြင်းဖြစ်သကဲ့သို့ မှတ်တမ်းများ စတင်ကောက်ယူခဲ့ပြီးနောက်ပိုင်း ၂၀၂၅ ခုနှစ်အတွင်း တောမီး လောင်ကျွမ်းခဲ့ခြင်းကြောင့် ပျက်စီးမှုနှုန်းအမြင့်မားဆုံးဖြစ်ကြောင်း၊ ၎င်းမှတ်တမ်းများ ကောက်ယူရန်အတွက် EU က European Forest Fire Information System ကိုတပ်ဆင်ထားပြီး နှစ်စဉ်အလိုက် ကောက်ယူထားသောမှတ်တမ်းများကိုလည်းအဖွဲ့ဝင်နိုင်ငံများသို့ ပေးပို့ခဲ့ကြောင်း သိရသည်။

“EU အဖွဲ့ဝင်နိုင်ငံတွေမှာ ၂၀၂၅ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုတွေ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ပါတယ်။ မှတ်တမ်းတွေအရတော့ အပူချိန်မြင့်တက်မှုကြောင့်သဘာဝအလျောက်တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတချို့မှာတော့ မီးပေါ့ဆမှုကြောင့် တောမီးလောင်ကျွမ်းခဲ့တာဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေထဲမှာ စပိန်နိုင်ငံနဲ့ပေါ်တူဂီနိုင်ငံမှာ တောမီးအများဆုံးလောင်ကျွမ်းခဲ့ပါတယ်။ တောမီးကြောင့် ပျက်စီးခဲ့တဲ့ သစ်တောမြေဟက်တာ တစ်သန်းကျော်ရှိနေပြီးတော့ တောမီးဆိုင်ရာအချက်အလက်တွေကို မှတ်တမ်းစတင်ပြုစုခဲ့တဲ့နောက်ပိုင်း တောမီးကြောင့် စံချိန်တင်ပျက်စီးမှုတစ်ရပ်ဖြစ်ပါတယ်”ဟု ဥရောပသမဂ္ဂအဖွဲ့အစည်း(EU)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံတွင် ယမုံနာမြစ်ရေ စိုးရိမ်မှတ်ရောက်ရှိလာသဖြင့် ဒေသခံများကို ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ ဩဂုတ် ၂၇**

အိန္ဒိယနိုင်ငံ၏ အဓိကမြစ်ဖြစ်သော ယမုံနာမြစ်သည် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ဩဂုတ် ၂၆ ရက်မှစတင်၍ မြစ်ရေစိုးရိမ်မှတ်သို့ ရောက်ရှိလာသည့်အတွက် ယမုံနာမြစ်ကြောင်းတစ်လျှောက်တွင်ရှိသော ဒေသခံများကို ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Old Railway Bridge (ORB) မီးရထားလမ်းတံတားတွင် ယမုံနာမြစ်ရေလယ်ဗယ်မှာ ၂၀၄ ဒသမ ၅၆ မီတာထိ ရောက်ရှိနေပြီး ရေလယ်ဗယ် ဆက်လက်မြင့်တက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယူးဒေလီမြို့အပါအဝင် ယမုံနာမြစ်တစ်လျှောက်တွင် တည်ရှိသော ဒေသခံများကို ရေဘေးအန္တရာယ် ထုတ်ပြန်ထားကြောင်း Central Water Commission က ထုတ်ပြန်သွားခဲ့သည်။

“ယမုံနာမြစ်ရေလယ်ဗယ်ဟာ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းကနေ စတင်ပြီးတော့ စိုးရိမ်မှတ်ကို ရောက်ရှိလာပါတယ်။ ဒီနေ့မှာတော့ Old Railway Bridge (ORB) မီးရထားလမ်းတံတားမှာ ယမုံနာမြစ်ရေလယ်ဗယ်ဟာ ၂၀၅ ဒသမ ၅၆ မီတာထိ ရောက်ရှိသွားတယ်။ အလွန်ကိုအန္တရာယ်များတဲ့ အခြေအနေဖြစ်ပါတယ်။ မြစ်ရေဆက်လက် မြင့်တက်မှာဖြစ်တဲ့အတွက် နယူးဒေလီမြို့အပါအဝင် ယမုံနာမြစ်ကြောင်းတစ်လျှောက်မှာတည်ရှိတဲ့ ဒေသတွေမှာ အန္တရာယ်ရှိတဲ့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ယမုံနာမြစ်ရေလယ်ဗယ် စိုးရိမ်မှတ်ကို ရောက်ရှိလာရတဲ့ အကြောင်းရင်းကလဲ ဝါဇီရာဘတ်ရေကာတာနဲ့ ဟက်နီကန်ရေကာတာတို့က ရေတွေ ယမုံနာမြစ်အတွင်းဖောက်ချလိုက်တဲ့ အတွက်ကြောင့်လည်း စိုးရိမ်မှတ်ကို ရောက်ရှိလာခြင်းဖြစ်ပါတယ်”ဟု Central Water Commission မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုအန္တရာယ်နှင့် ရင်ဆိုင်နေရ

**အစ္စလာမ်မာဘတ် ဩဂုတ် ၂၇**

ပါကစ္စတန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သော လာဟိုးမြို့တွင် ရေကြီးရေလျှံမှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ပါကစ္စတန်နိုင်ငံ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။



ပါကစ္စတန်နိုင်ငံ၏ လာဟိုးမြို့အပါအဝင် ပန်ဂျပ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း၊ ဩဂုတ် ၂၆ ရက်က ပန်ဂျပ်ပြည်နယ်ရှိ ဆည်နှစ်ခုမှ ပိုလျှံသော ဆည်ရေများ လွှတ်ခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် ဆည်နှစ်ခုမှ ပိုလျှံသောဆည်ရေများ လွှတ်ခဲ့မှုနှစ်ခု ပေါင်းစပ်မှုကြောင့် ရေကြီးရေလျှံမှုအန္တရာယ်သည် ပိုမိုဆိုးရွားစွာဖြစ်ပေါ်နေကြောင်း သိရသည်။

လူဦးရေသန်း ၁၂၀ခန့်နေထိုင်ရာ ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် ဒေသခံများအခက်အခဲများစွာဖြစ်ပေါ်နေကြောင်း၊ လက်ရှိတွင် သဘာဝဘေး သတိပေးချက်ဖြစ်သော ရေလွှမ်းမိုးမှုသတိပေးချက်ကို ထုတ်ပြန်ထားသည်ဟု ပါကစ္စတန်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်က ပြောကြားခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးမှု သတိပေးချက်ကြောင့် အဆိုပါနေရပ်မှစွန့်ခွာသူဦးရေ ၃၅၀၀၀ ခန့်ရှိပြီး အိုးမဲ့အိမ်မဲ့ဦးရေ ၁၅၀၀၀၀ ကျော်ရှိကြောင်း ပန်ဂျပ်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အာဖန်အလီကာသီယာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# ကမ္ဘောဒီးယားနိုင်ငံ ပါလီမန်တွင် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီချက်ကို အတည်ပြုခဲ့

**ဖနွမ်းပင် ဩဂုတ် ၂၇**

ကမ္ဘောဒီးယားနိုင်ငံ ပါလီမန်တွင် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီချက်ကို ဩဂုတ် ၂၆ ရက်တွင် အတည်ပြုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ ပါလီမန်သည် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ သဘောတူညီချက် (UNCLOS) အရ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးနှင့် ပင်လယ်သယံဇာတများ ရေရှည်တည်တံ့စွာ အသုံးပြုရေးအတွက် ထိုသဘောတူညီချက်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ သဘောတူညီချက်ကို လွှတ်တော်ကိုယ်စားလှယ် ၁၂၀ အနက် ၁၁၉ ဦးက သဘောတူညီကာ ထောက်ခံမဲပေးခဲ့ကြကြောင်း အမျိုးသားလွှတ်တော်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

“ဒီသဘောတူညီချက်ဟာ လက်ရှိနဲ့ အနာဂတ်မှာ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲတွေ ရေရှည်တည်တံ့စေရေးအတွက် ရည်ရွယ်ကာ အဆိုတင်သွင်းခဲ့တာဖြစ်ပါတယ်။ အခုလို အဆိုပြုချက်ကို သဘောတူညီမှု ရခဲ့တဲ့အတွက် အနာဂတ်ကာလမှာ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲတွေ မျိုးသုဉ်းပျောက်ကွယ်မှုမရှိဘဲ ထိန်းသိမ်းသွားနိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်”ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး အန်ဆိုဖာလက်က ပြောကြားခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် ကမ္ဘောဒီးယားနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်လုံးဝကင်းစင်ရေး ရည်မှန်းချက်နှင့်အညီ အစိမ်းရောင်စီးပွားရေးကို မြှင့်တင်ရန်ဟူသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ကတိကဝတ်များကို အကောင်အထည်ဖော်ပေးနိုင်မည့် သဘောတူညီချက်ဖြစ်သည်ဟု အန်ဆိုဖာလက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# နယူးဇီလန်နိုင်ငံတွင် မိုးခေါင်မှုကြောင့် စွမ်းအင်ကုမ္ပဏီများအရှုံးပေါ်ခဲ့

**ဝယ်လင်တန် ဩဂုတ် ၂၇**

နယူးဇီလန်နိုင်ငံတွင် မိုးခေါင်မှုဖြင့် ရင်ဆိုင်နေရပြီးမိုးခေါင်မှုကြောင့် နယူးဇီလန်နိုင်ငံ အစိုးရပိုင် စွမ်းအင်ကုမ္ပဏီများအပြင် ပုဂ္ဂလိကကုမ္ပဏီများလည်း အရှုံးပေါ်ခဲ့ကြောင်း နယူးဇီလန်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် ရေထုအရင်းအမြစ်များခန်းခြောက်လာခဲ့သကဲ့သို့ ရေကာတာများတွင်လည်း ရေလျော့နည်းကာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများလည်းပတ်ရန်အတွက် အခက်အခဲရှိလာကြောင်း၊ မိုးခေါင်မှုကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပုံမှန်အတိုင်းလည်ပတ်နိုင်ခြင်းမရှိတော့သည့်အပြင် လေတိုက်နှုန်းနည်းသည့်အတွက်ကြောင့်လည်း လေအားလျှပ်စစ်မှာ ပုံမှန်အတိုင်း လျှပ်စစ်စွမ်းအင်ထုတ်ယူနိုင်ခြင်းမရှိတော့သည့် အခြေအနေဖြင့် ရင်ဆိုင်ရကြောင်း သိရသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် နယူးဇီလန်အစိုးရပိုင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ကုမ္ပဏီဖြစ်သည့် Meridian Energy ကုမ္ပဏီက အများဆုံးအရှုံးပေါ်ခဲ့ကြောင်း၊ Meridian Energy စွမ်းအင်ကုမ္ပဏီတစ်ခုတည်းပင် ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၅၂ သန်းထိအရှုံးပေါ်ခဲ့ကြောင်း Meridian Energy ကုမ္ပဏီ၏ အမှုဆောင်ချုပ်ဖြစ်သူ မိုက်ရွှန်က ပြော ကြားသွားခဲ့သည်။

“မိုးခေါင်မှုပြဿနာတွေ၊ လေတိုက်နှုန်းကျဆင်းတဲ့ပြဿနာတွေကြောင့် စွမ်းအင်ထုတ်လုပ်မှုအပိုင်းမှာ အခက်အခဲတွေရှိလာတယ်။ ပုံမှန်အတိုင်း လျှပ်စစ်စွမ်းအင်တွေ မထုတ်နိုင်တော့တဲ့အတွက် လျှပ်စစ်စွမ်းအင်လုံလောက်မှုမရှိတော့ဘဲ ကုမ္ပဏီအနေနဲ့ ၂၀၂၅ ခုနှစ် နှစ်ဝက်အတွင်းမှာတင် အမေရိကန်ဒေါ်လာ ၄၅၂ သန်းထိ အရှုံးပေါ်ခဲ့ပါတယ်”ဟု Meridian Energy ကုမ္ပဏီ၏အမှုဆောင်ချုပ်ဖြစ်သူ မိုက်ရွှန်က ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# သဘာဝမြက်ရိုင်းအသုံးချပုံ လေ့လာမှုများ

မှူမှူ(မလှိုင်)

လူမှုဘဝစားဝတ်နေထိုင်ရေးအတွက် စားရေရိက္ခာဖူလုံရေး ကြိုးပမ်းဆောင်ရွက်နေကြရာတွင် စိုက်ပျိုးရေးမှ သီးနှံမျိုးစုံ၊ ထုတ်ကုန်အသီးသီး ပုံစံမျိုးစုံ စိုက်ပျိုးထုတ်လုပ်နေကြသကဲ့သို့ မွေးမြူရေးကဏ္ဍသည်လည်း ပူးတွဲပါဝင်နေကြောင်း၊ ထို့ပြင် မြေဆီလွှာထိန်းသိမ်းရေး၊ စွမ်းအင်လိုအပ်ချက် မြက်ရိုင်းပင်တစ်မျိုးကို အခြေခံ၍ လုပ်ငန်းမျိုးစုံတွင် တီထွင်ကြံဆအသုံးချနိုင်သော စာရေးသူ၏ သင်တန်းအတွေ့အကြုံကို မျှဝေပေးချင်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ ၈.၆.၂၀၂၄မှ ၂၁.၆.၂၀၂၄ထိ ကျင်းပပြုလုပ်သည့်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မှိုထုတ်လုပ်ငန်း Online ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံရှိ ဂျန်ကိုအမည်ရှိ မြက်ရိုင်းရှည်မြက်တစ်မျိုး၏ အသုံးဝင်မှု၊ ပုံစံအမျိုးမျိုးအသုံးချမှု၊ မြေဆီလွှာထိန်းသိမ်းရာတွင် အသုံးပြုမှု၊ တိရစ္ဆာန်အစားအစာအဖြစ် အသုံးဝင်ပုံသာမက မှိုစိုက်ပျိုးရေးတွင် မှိုမွေးမြူရေး အာဟာရအဖြစ် အသုံးပြုမှု၊ အဆိုပါမြက်ကိုပင် သဘာဝဓာတ်ငွေ့လောင်စာ (Biogas) ပြုလုပ်ရာတွင် အသုံးပြုမှု၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်းနှင့် မွေးမြူရေးမှိုများမှတဆင့် ဆေးဝါးထုတ်လုပ်မှုအကြောင်းအရာများကို လေ့လာခွင့်ရရှိခဲ့သည်။

ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Fujian Agriculture and Forestry University (FAFU)က ဦးဆောင်၍ တရုတ်နိုင်ငံ၏ Juncao မြက်ကို အသုံးပြုပုံအဖုံဖုံကို တင်ပြဆွေးနွေးပြီး၊ ၎င်းကိုအသုံးပြုပြီး မှိုစိုက်ပျိုးစားသုံးမှုအပြင် ဆေးဝါးပြုပြင်ထုတ်လုပ်မှု၊ စီးပွားဖြစ်မှိုထုတ်လုပ်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် Juncao Technology စီမံချက်နှင့်ပြန့်ပွားဆောင်ရွက်နေမှုများ၊ သဲကန္တာရ၊ မြစ်ကမ်းခြေဒေသမြေဆီလွှာ တိုက်စားပြုန်းတီးမှုများကို ကာကွယ်ထိန်းသိမ်းရန် ဂျန်ကိုမြက်ကို အသုံးပြုပုံ၊ တိရစ္ဆာန်အစားအစာ ရှားပါးမှုကာကွယ်နိုင်ရေးအတွက်ပါ ဂျန်ကိုမြက် အသုံးပြုနိုင်ပုံများကို သိရှိနိုင်စေပြီး တက်ရောက်ခဲ့သည့်နိုင်ငံများတွင် အာရှ-အာဖရိကအဖွဲ့ဝင်နိုင်ငံများ၊ တောင်အာဖရိက၊ အီဂျစ်၊ ဆူဒန်၊ သီရိလင်္ကာ၊ အီရီထရီးယား၊ အန်တီဂွာ၊ ဘာဘူဒါ၊ ဆာရီနာမီ၊ မြန်မာစသော ဒေသ ၁၃ ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သင်တန်းမှပို့ချခဲ့သော အကြောင်းအရာများတွင် ဂျန်ကိုမြက်မျိုးကို လက်ရှိအသုံးပြုနေသည့် အခြေနေနှင့် စတင်လေ့လာအစပျိုးခဲ့ပုံများကို သိရှိခဲ့ရသည်။ အဓိကအားဖြင့် ဂျန်ကိုမြက်မျိုးစိတ်ကို လေ့လာပြီး မျိုးမွေးမြူပွားများခြင်း၊ မြက်ကိုတိုးချဲ့စိုက်ပျိုးပြီး အဆင့်ဆင့်တိုးချဲ့အသုံးပြုခြင်း၊ နည်းပညာသင်တန်းပေးခြင်း၊ လက်တွေ့ကွင်းဆင်းပြသစိုက်ပျိုးခြင်းနှင့် တိုးချဲ့ဖြန့်ဖြူးပေးခြင်း၊ မြက်မှထပ်ဆင့် ထုတ်ကုန်များပြုပြင်ပြီး ဈေးကွက်ရှာဖွေရောင်းချခြင်း၊ သိပ္ပံနည်းကျသုတေသနလုပ်ပြီး တွင်တွင်ကျယ်ကျယ် အသုံးပြုလာရေးဆောင်ရွက်ခြင်း စသည့်လုပ်ငန်းခုနစ်မျိုးကို အဓိကဆောင်ရွက်ကြောင်း သိရှိရသည်။

မြက်ပင်၏ ကြီးထွားပုံသဘာဝကို မိတ်ဆက်ဆွေးနွေးခြင်း၊ မြက်မျိုး၏ ဇီဝကမ္မပေါ်အခြေခံ၍ အပင်ပွားခြင်းတို့ကို လေ့လာခဲ့ရသည်။ ထို့ပြင် မြက်ကို ဂရုတစိုက်ပွားများအသုံးချခြင်းဖြင့် သမပိုင်းနှင့် အပူပိုင်းဒေသတို့တွင် ဇီဝစက်ဝန်းအတွက် အကျိုးပြုပုံ၊ အသုံးဝင်ပုံတို့ကို ဆက်စပ်လေ့လာခွင့်ရရှိခဲ့သည်။ မြက်ပင်ကိုပွားများကာ ကမ်းခြေဒေသများ၊ သဲကန္တာရများတွင် မြေဆီလွှာတိုက်စားမှု ကာကွယ်ရေးအတွက် အသုံးပြုပုံများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့ရသည်။

မြက်စိုက်ပျိုးခြင်းနှင့် အရည်သွေးကောင်း၊ အထွက်ကောင်းအောင်ပြုပြင် စီမံဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့် လေ့လာရာတွင် ဂျန်ကိုမြက်၏ ပင်ပိုင်းကြီးထွားပုံသဘာဝမှာ သက်တမ်း ၁၁၅ ရက်ထိရှိပြီး ရက် ၈၀ မှ ၁၀၀ အတွင်း အမြစ်ဖြစ်ထွန်းမှုနှင့်အပင်ကြီးထွားပုံ၊ ၎င်းမြက်ကို ပင်ပိုင်းဖြတ်မျိုးပွားရနိုင်သဖြင့် ပင်စည်ပိုင်းဖြတ်၍ မျိုးပွားနိုင်ပုံ၊ သဲကန္တာရများတွင် မြေဆီလွှာထိန်းသိမ်းရေး၊ မြစ်ကမ်းခြေ၊ ကန်သင်း၊ တောင်စောင်းတို့တွင် မြေဆီလွှာထိန်းသိမ်းရေးစီမံချက်တို့တွင် အသုံးပြုကြပုံ၊ တိရစ္ဆာန်အစားအစာတွက် အသုံးပြုပုံ၊ မြက်ခင်းအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ပေါက်ပွားကျက်စားနိုင်ပုံများကို ဆွေးနွေးလေ့လာခွင့်ရရှိခဲ့သည်။ ထို့ပြင် ဂျန်ကိုမြက်၏ ပင်ပိုင်းကြီးထွားပုံသဘာဝအရ မြေဆီလွှာတွင် မြေဆီမြေနှစ်တိုးတက်ရရှိစေနိုင်ပုံကို အချက်အလက်များ



သဲကန္တာရဒေသတွင် ဂျန်ကိုမြက်စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

နှင့်စုံလင်စွာ လေ့လာခွင့်ရရှိခဲ့သည်။

ဂျန်ကိုမြက်၏ ပင်ပိုင်းနှင့်အမြစ်ပိုင်းကြီးထွားရှင်သန်မှုကိုကြည့်လျှင် ရက် ၉၀ တွင်း အပင်အမြင့်ငါးပေနီးပါးခန့်ရှိပြီး၊ ပင်ပွား ၅၇ ပင်၊ အမြစ်ပွား ၃၄၃ ခုထိကြီးထွားနိုင်ကြောင်း၊ အရှည်ဆုံးအမြစ်မှာ ခြောက်ပေခွဲကျော်ရှိသည်။ သဲမြေအတွင်း သုံးပေခန့်ထိ တိုးဝင်ကြီးထွားနိုင်ကြောင်း၊ အပင်အစိုအလေးချိန်ကိုလေ့လာလျှင် အပင်ပေါ်ပိုင်းကြီးထွားမှု လေးပိသာခန့်၊ အမြစ်ပိုင်းအလေးချိန် သုံးပိသာကျော်ခန့်ရှိကြောင်း သိရှိရသည်။ မြက်ပင်တစ်ပင်သည် မြေဧရိယာအကျယ်ဝန်း ၁၂ ဒသမ ၅၆ စတုရန်းမီတာကို ခြုံငုံကြီးထွားပြီး မြေထုထည် ပမာဏ ၁၁ ဒသမ ၃ မီတာပတ်လည်ကို ထိန်းသိမ်းထားနိုင်သည်။

မြက်ပင်ကို ပင်ပိုင်းဖြတ်၍ မျိုးပွားနိုင်ပြီး ပျိုးခွက်တွင် ရိုးရိုးမြေထည့်၍လည်းကောင်း၊ ရေဖြင့်အာဟာရကျွေး၍လည်းကောင်း ပွားယူပြီး စိုက်ပျိုးလိုသောနေရာတွင် စိုက်ခြင်းပြုလုပ်နိုင်ကြောင်း၊ မြေတစ်ဟက်တာလျှင် ၂၈၅ တန်ထိ အထွက်ရရှိနိုင်ကြောင်း သိရှိရသည်။ ထို့ပြင် ဖြတ်ပြီးပင်စည်ပိုင်းများကို အပေါ်မှ ဖုံးအုပ်ပြီး၊ တစ်နေ့ရေနှစ်ကြိမ်လောင်းပြီးထားလျှင် နှစ်ရက်အတွင်း အဆစ်များမှအတက်ထွက်လာ၍ အနေတော်ပိုင်းဖြတ်ပြီး စိုက်ပျိုးနိုင်ကြောင်းသိရှိရသည်။

မြက်ကိုပြုပြင်၍ တိရစ္ဆာန်အစာအတွက် လိုအပ်သော ကုန်ကြမ်းများရောနှောကာအသုံးပြုကြကြောင်းသိရှိရသည်။ တချို့ကုမ္ပဏီများမှာ တိရစ္ဆာန်အစာအတွက် အခဲပုံသဏ္ဌာန်၍ အသင့်သုံးအစာခဲများအဖြစ် ထုတ်လုပ်ရောင်းချလေ့ရှိကြောင်း၊ တိရစ္ဆာန်အမျိုးအစားပေါ်မူတည်၍ ရောစပ်မှုပုံစံပြောင်းလဲလေ့ရှိကြောင်း သိရှိရသည်။ မြက်ချဉ်းသီးသန့် မြက်ထုံးပြုလုပ်ရောင်းချမှုလည်းရှိကြောင်း၊ မှိုမွေးမြူရေးအတွက် မှိုမွေးပွားပြင်အဖြစ်ထည့်၍အသုံးပြုကြခြင်း၊ သဘာဝမြေဆွေးပုံမှာထည့်၍ အသုံးပြုခြင်း၊ ဇီဝလောင်စာအဖြစ် အသုံးပြုခြင်း၊ ဇီဝဓာတ်ငွေ့ထုတ်လုပ်မှု ပြုလုပ်ရာတွင်လည်း အဓိကစွမ်းအင်ထုတ်ပစ္စည်းအဖြစ်အသုံးပြုနိုင်ခြင်းစသဖြင့် ဂျန်ကိုမြက်ကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးပြီး စနစ်တကျသုံးစွဲကြပုံများကို လေ့လာသိရှိခဲ့ရသည်။

ဂျန်ကိုမြက်အသုံးပြု၍ စားသုံးမှိုနှင့် ဆေးဖက်ဝင်မှို စိုက်ပျိုးခြင်းခေါင်းစဉ်ဖြင့် လေ့လာရာတွင် ဂျန်ကိုမြက်ကိုအသုံးပြု၍ မှိုစိုက်ပျိုးခြင်းကို အိမ်တွင်းမှုလုပ်ငန်းငယ်တစ်ခုအဖြစ်ဆောင်ရွက်ကြပြီး မှိုကို တံဆိပ်ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချကြသည်။ မှိုထုတ်လုပ်ရေး၌ မှိုအမှတ်တံဆိပ် (Mushroom Brands) အဖြစ် Bula Mushroom၊ Juncao Malo's Mushroom Project၊ Mama's Mushroom၊ Mushrooms Fiji စသော စီမံချက်များနှင့် လုပ်ကိုင်ဆောင်ရွက်မှုများရှိကြောင်းကို လေ့လာခဲ့ရသည်။

ဂျန်ကိုမြက်အသုံးပြုမှု နည်းပညာဖြန့်ဝေခြင်းအစီအစဉ်တွင် နိုင်ငံတကာနှင့်ပေါင်းစပ်ဆောင်ရွက်နေမှုခေါင်းစဉ်ဖြင့် လေ့လာရာတွင် နိုင်ငံတကာဆက်သွယ်ဆောင်ရွက်မှုအားဖြင့် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ဘာသာစကား ၁၈ မျိုးဖြင့် JuncaoTechnology ကို တိုးချဲ့သင်ကြားပေးခဲ့ပြီး သင်တန်း ၂၇၀ ဖြင့် သင်တန်းသား ၁၀၅၀၉ ဦးကို သင်ကြားပို့ချခဲ့ပြီးဖြစ်ကြောင်း သိရှိခဲ့ရသည်။ ထို့ပြင် Juncao technology သည် တရုတ်နိုင်ငံ၏စီရင်စု ၈၀ ခု အတွင်းရှိဒေသ ၁၆ ခုတွင် စီမံချက်ချဆောင်ရွက်မှုများကြောင့် အိမ်တွင်းမှုလုပ်ငန်း ၈၆၀၀ ထက်မနည်း ထောက်ပံ့ကူညီမှုပေးနိုင်ခဲ့ပြီး လူဦးရေ ၃၀၀၀၀ ကို အလုပ်အကိုင်ရရှိစေခဲ့ကြောင်း သိရှိရသည်။

Cultivation of Pleurotusostreatuswith Juncao Technology ခေါင်းစဉ်ဖြင့်လေ့လာရာတွင် Pleurotus spp.မှိုမျိုးကို Juncao grass အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ကမ္ဘာ့တစ်လွှားတွင်တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျာမနီပြင်သစ်နိုင်ငံများတွင် စိုက်ပျိုးကြကြောင်း၊၂၀၁၉ ခုနှစ်က မှိုပမာဏတန်ချိန် ၆.၈၆၄၇ million tons ထုတ်လုပ်နိုင်ခဲ့ပြီး စားသုံးမှိုထုတ်လုပ်မှု စုစုပေါင်းပမာဏ၏ ၁၇ ဒသမ ၄၅ရာခိုင်နှုန်းခန့်ရှိကြောင်း၊ မှိုအမျိုးအစားများအနေဖြင့် Pleurotussapidus,ol eurotuseryngii, Pleurotuspulmonarius, Pleurotus ferulae, Pleurotusabalonus, Pleurotus-florida, Pleurotuscitrinopileatus and Pleurotussapidus များ စိုက်ပျိုးလေ့ရှိကြောင်း လေ့လာခဲ့ရသည်။ ၎င်းမှိုမျိုးများစိုက်ပျိုးရာတွင် Juncao မြက်မျိုး ၄၅ မျိုးနှင့် tree sawdust မျိုး ၂၀၀ ကို အသုံးပြုပြီး Pleurotus spp. မှိုစိုက်ပျိုးရေးတွင် အသုံးပြုကြောင်း လေ့လာခွင့်ရခဲ့သည်။

Chinese Edible and Medicinal Fungi Industry and Its Prospects ခေါင်းစဉ်ဖြင့် လေ့လာရာတွင် တရုတ်နိုင်ငံ၏ မှိုစိုက်ပျိုးခဲ့မှုရှည်လျားသောသမိုင်းကြောင်းရှိခဲ့မှု၊ မှိုမှဆေးဝါးထုတ်လုပ်ရေး ကြိုးပမ်းခဲ့မှု အဆင့်ဆင့်ကိုသိရှိရပြီး ၁၅၇၈ ခုနှစ်မှစတင်၍ ပညာရှင် Li Shizhen က Compendium of MateriaMedica မှိုမျိုးမှနေပြီး ဆေးဖက်ဝင်မှိုမျိုး ၂၀ ကျော် ထုတ်ယူခဲ့ကြောင်း သိရှိရသည်။ မှိုထုတ်လုပ်မှုတွင် ၁၉၇၀ ပြည့်နှစ်၌ ကမ္ဘာ့မှိုစိုက်ပျိုးမှု၏ ၂၀ ရာခိုင်နှုန်းထိ ထုတ်လုပ်နိုင်ခဲ့ပြီး နှစ်စဉ် ၁၀ မှ ၁၅ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်မှုရှိခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ်အစောပိုင်းတွင် ကမ္ဘာ့ fresh mush rooms ထုတ်လုပ်မှု သန်း ၁ ဒသမ ၂ တန်ရှိခဲ့ပြီး မှိုမျိုး (Agaricusbisporus) မှာ ၂၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း လေ့လာခွင့်ရခဲ့သည်။

Fungus Industry for Developing Countries ဆွေးနွေးပွဲတွင် Juncao မြက်ကို စိုက်ပျိုးမှု၊ အသုံးပြုပုံ၊ မှိုအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုများကို အတွေ့အကြုံဗဟုသုတရရှိပြီး မိမိဒေသနှင့် ကိုက်ညီသော မြက်ရိုင်းများကို ရွေးချယ်၍လည်းကောင်း၊ မှိုစိုက်ပျိုးမှုချဲ့ထွင်နိုင်ရေးအတွက် လိုအပ်နေသောနည်းပညာကဏ္ဍကို အထောက်ကူပြုပေးနိုင်မည့် အသိပညာဖလှယ်ပေးမှုအစီအစဉ်များကို တက်ရောက်ကူညီပေးခြင်းဖြင့်လည်းကောင်း၊ အခြေနေအရ နည်းပညာများလိုအပ်ခဲ့သည်ရှိသော် Fujian Agriculture and Forestry University (FAFU) နှင့် ဆက်သွယ်၍ Juncao မြက်ကို တင်သွင်း၍ နည်းပညာအကူအညီရယူ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း မြန်မာနိုင်ငံရှိ ဒေသတွင်းပြည်သူလူထု စားသုံးမှုဖူလုံစေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ဆောင်ရွက်သွားလျှင် အိမ်တွင်းမှိုစိုက်ပျိုးထုတ်လုပ်မှုမှသည် စီးပွားဖြစ်စားသုံးမှိုနှင့် ဆေးဖက်ဝင်မှို စိုက်ပျိုးထုတ်လုပ်ရေးထိ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။

ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံ၏ စားသုံးမှုဖူလုံစေရေးတွင် အထောက်ကူပြုစေပြီး တစ်နိုင်တစ်ပိုင်ထုတ်လုပ်နိုင်သည်မှ စီးပွားဖြစ်ထိ လုပ်ကိုင်ခွင့်ရရှိနိုင်သည့် စားသုံးမှိုနှင့်ဆေးဖက်ဝင်မှိုစိုက်ပျိုးထုတ်လုပ်မှုကို အားပေးဆောင်ရွက်သင့်သည်။

ထို့ပြင် စိုက်ပျိုးရလွယ်ကူပြီး မြေဆီလွှာထိန်းသိမ်းရေး၊ လေကာပင်အဖြစ် အသုံးပြုနိုင်ခြင်း၊ မြေဆီအာဟာရတိုးတက်ပြီး သဘာဝမြေဆီဓာတ်တိုးပွားစေနိုင်ခြင်း၊ မွေးမြူရေးကဏ္ဍအတွက် လိုအပ်ချက်ရှိသော တိရစ္ဆာန်အစာဖြည့်ဆည်းပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများအတွက် ပတ်ဝန်းကျင်ကောင်းဖန်တီးပေးနိုင်ခြင်း၊ မွေးမြူရေးနှင့်ပူးတွဲဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်ခြင်းစသော အကျိုးကျေးဇူးရရှိသော မြက်စိုက်ပျိုးမွေးမြူခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့ဆောင်ရွက်သင့်ကြောင်း လေ့လာရေးသားလိုက်ရပါသည်။

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၉-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ် ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၅၇၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ ဩဂုတ် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၅၇၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် စပါး ၃၄၀၉၇ ကေ စိုက်ပျိုးရန်အတွက်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇူလိုင်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၅၇၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ စပါးကေ ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

မင်းလှ ဩဂုတ် ၂၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သဖန်းချောင်းကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း(Smart Village) ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုဩဂုတ် ၂၆ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာ ကော်မတီဝင်များနှင့်အတူ သဖန်းချောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း (Smart Village) ရန်ပုံငွေကျပ် ၁၂ ဒသမ ၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် သန်း ၂၀ အသုံးပြုပြီး မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ် ၅ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူထံမှ သိရသည်။

ကိုညို

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We
Protect
The Family



- နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
- အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
- ၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
  ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



## 5 DIGITS အောင်ဘာလေ
## အွန်လိုင်းထီရဲ့ ထီဆုငွေစနစ်အသစ်

| | | |
|---|---|---|
| ၁ | JACKPOT ဆု | ကျပ်သိန်း (၁၀၀၀) |
| ၂ | ယူနစ်ဆု | ကျပ်သိန်း (၅၀၀) |
| ၃ | ယူနစ်ဆု | ကျပ်သိန်း (၂၀၀) |
| ၄ | ယူနစ်ဆု | ကျပ်သိန်း (၁၀၀) |
| ၅ | ယူနစ်ဆု | ကျပ်သိန်း (၅၀) |
| ၆ | ယူနစ်ဆု | ကျပ်သိန်း (၂၀) |
| ၇ | ယူနစ်ဆု | ကျပ်သိန်း (၁၀) |
| ၈ | [illegible] | (၂) သိန်းကျပ် |
| ၉ | [illegible] | (၁) သိန်းကျပ် |
| ၁၀ | [illegible] | (၅) သောင်းကျပ် |
| ၁၁ | [illegible] | (၁) သောင်းကျပ် |

Call Center 777 (or)
09 677 000 777
Scan Me

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေ အွန်လိုင်းထီ ဝယ်ယူနိုင်ပါပြီ


## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရီ(မွေ့ရာကုန်သည်) အသက် (၁၀၀)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်၊ ၈၇ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ ဆိုင်တန်းရပ်နေ မွေ့ရာကုန်သည် ဦးဘအေး၏ချစ်လှစွာသောဇနီး၊ ဒေါ်နွဲ့နွဲ့အေး၊ ဒေါ်ဆွေဆွေအေး၊ ဦးဝင်းမြင့်အေး၊ ဦးသက်နိုင် + ဒေါ်ချိုမာအေး တို့၏ကျေးဇူးရှင် မွေးသမိခင်၊ ဒေါက်တာစိုးနိုင်ဝင်း + ဒေါက်တာအိမြမွန်၊ မောင်ဟိန်းနိုင်စိုးတို့၏အဖွား၊ မောင်ဘိုဘို၏ဖွားဖွားကြီး

**ဒေါ်ခင်ရီ(မွေ့ရာကုန်သည်) အသက် (၁၀၀)နှစ်သည်**

၁၃၈၇–ခု၊ တော်သလင်းလဆန်း (၅)ရက်၊ ၂၇–၈–၂၀၂၅(ဗုဒ္ဓဟူးနေ့)၊ နံနက် (၇: ၃၈)မိနစ်အချိန်တွင် (၉၆)ပါးရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ပြောင်းသွား ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၃၈၇– ခု၊ တော်သလင်းလဆန်း (၆)ရက်၊ ၂၈–၈–၂၀၂၅(ကြာသပတေးနေ့)၊ နံနက်(၁၀:၀၀) နာရီအချိန်တွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေး/ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးဆပ်ပါမည်

၁၉–၈–၂၀၂၅ ရက်နေ့ ဈေးချို ၈၆ လမ်း၊ ၂၆ လမ်း x ၂၈ လမ်းဝန်းကျင်တွင် MDY 1W 32185 ဆိုင်ကယ်သောနှင့်အတူ ကဒ်လောင်းထားသော ဆိုင်ကယ်ဘီးခွန်၊ ကဒ်လောင်းထားသော ဆိုင်ကယ်မှတ်ပုံတင် သက်သေခံလက်မှတ်များနှင့်အတူ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဖုန်းနံပါတ် ၀၉–၂၀၀၇၀၁၁၀၊ ၀၉–၂၀၃၈၆၂၀၊ ၀၉–၇၇၉၇၀၀၇၄၂ တို့သို့အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

၀၉–၂၀၃၈၆၂၀၊ ၀၉–၂၀၀၇၀၁၁၀၊ ၀၉–၇၇၉၇၀၀၇၄၂

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မြတ်စေတနာကိုယ်ပိုင်အထက်တန်းကျောင်း Grade–6 တွင် ပညာသင်ကြားနေသော ဦးချစ်အောင်ဆန်း၏သမီး မရွှေပန်းချီမေ၏မွေးသက္ကရာဇ်အမှန်မှာ ၂–၁၀–၂၀၁၃ ဖြစ်ပါကြောင်း။

မရွှေပန်းချီမေ၊ ၂–၁၀–၂၀၁၃

## သစ်တောနှင့် သစ်ပင်
## ချစ်ခင်တဲ့လူမျိုး
## သစ်ပင်ကို နှစ်စဉ်စိုက်
## ရွှေတိုက်ကိုစိုး

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန် လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၁၉ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ စခန်းဝင်လေ့ကျင့်လျက်ရှိ



ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသော ပဏ္ဏာမလက်ရွေးစင် Kabaddi အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

မန်းတက္ကသိုလ်မှာ စံချိန်တင်ကြာညောင်းခဲ့သည့် စာပွဲသဘင်

ဆောင်းပါး စာမျက်နှာ- ၁၀

ရှပ်ရှင်လောကသားများ၏ သားသမီးများအတွက် ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲကို စက်တင်ဘာ ၂ ရက်တွင် ပြုလုပ်မည် စာမျက်နှာ- ၁၁

စာသင်ကျောင်းများ၌ စမတ်ဖုန်းသုံးစွဲမှု ပိတ်ပင်ရေး ဥပဒေကြမ်း တောင်ကိုရီးယားလွှတ်တော်အတည်ပြု

စာမျက်နှာ- ၆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့် နေပြည်တော်ကောင်စီနယ်မြေ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၇

ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည့် လေဖိအားနည်းဆဲလ်၏ အရှိန်ကြောင့် ဩဂုတ် ၂၆ ရက် ညပိုင်းနှင့် ယနေ့နေ့လယ်ပိုင်းထိ မိုးအဆက်မပြတ်ရွာသွန်းကာ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့ရှိ နေရာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ဖြစ်ပေါ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ပင်လောင်းလမ်းဆုံအနီး ကားလမ်းမပေါ်နှင့် ပျဉ်းမနားမြို့နယ် ကြို့တန်းကျေးရွာ၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့၌ ရေကြီးရေလျှံမှုများနှင့် ရေကျော်မှုများဖြစ်ပေါ်လျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူများဘေးအန္တရာယ်မရှိစေရန်၊

စာမျက်နှာ ၂၀ ကော်လံ ၄ ❑



မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေပြည်တော်ကောင်စီနယ်မြေ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

SIN MINN

ISO 9001 : 2015

CERTIFICATE NO.TH011875

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု

SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀

E-Mail : scfg.kyaukse@gmail.com





